
www.burmeseclassic.com




# ရှင်မိုးထယ်

## အချစ်ကိုအချစ်နဲ့စားသော်

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မီထယ်

## အချစ်ကိုအချစ်နဲ့စားသော်

စီစဉ်သူ - မယမင်းလတ်

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၁၆၃၀၉၁၁

အဖုံးခွင့်ပြုချက်အမှတ် –

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် ၁၂၊ သရဖီလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊

၂၀၁၁၊ ဒီဇင်ဘာလ

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဂ၉၅ ဂ၃

ရှင်မီထယ်

အချစ်ကိုအချစ်နဲ့စားသော် / ရှင်မီထယ် ။ ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

၂၃၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အချစ်ကိုအချစ်နဲ့စားသော်

BURMESE CLASSIC .com

ဘဝဆိုတာ ဖြစ်ချင်တိုင်း
မဖြစ်ခဲ့ရဘူးဆိုတာကို
ငွေယွန်းတို့သားအဖနှစ်ယောက်
တဖြည်းဖြည်း ခံစားနားလည်
သိရှိသွားခဲ့ရပါပြီ . . .
အဲဒီနားလည်သွားတဲ့
ခံစားချက် ရင်ကနင့်နေေ
ခံစားရတယ်ဆိုရင် . . .

www.burmeseclassic.com

www.burmeseclassic.com

ရှင်က အရာအားလုံးကို ရယူပိုင်ဆိုင်လိုက်ရတဲ့သူဆိုတော့ ဖြစ်ပျက်နဲ့ ရှုနိုင်ခဲ့ပေမယ့် ကျွန်မကတော့ ဆုံးရှုံးလိုက်ရသူဆိုတော့ အဲဒီလောက်အထိ တရားမပြည့်နိုင်ဘူး။

ရှင်လည်း တရားမပြည့်ပါဘူး။

တရားမပြည့်လို့ ဖေဖေ့ရဲ့ စည်းစိမ်ချမ်းသာတွေကို စာချုပ်စာတမ်းနဲ့ ရှင့်ပစ္စည်းအဖြစ် ရယူခဲ့တာပေါ့။

အဲဒီလိုရယူခဲ့တဲ့အပြင် စာချုပ်ပါစာတမ်းအရ ကျွန်မက ဆေးကျောင်းပြီးရင် ရှင့်ကို လက်ထပ်ပေးရမယ်တဲ့လား ဦးမင်းခန့်ရယ်။

ရှင့်ရဲ့အချစ်ဆိုတာ ဘာလဲ။

ကျွန်မကို ရှင် ငွေဝယ်ကျွန်တစ်ယောက်လို သတ်မှတ်လိုက်တယ်ဆိုတာ ကျွန်မသိတယ်။

အဲဒီခံစားမှုက . . .

ရှင်နဲ့ ကျွန်မကို အစိမ်းဆုံးသူစိမ်းတွေအဖြစ် စည်းခြားသွားခဲ့ပြီဆိုတာ ရှင် တစ်နေ့သိစေရမယ် ဦးမင်းခန့်။

ငွေယွန်းစံ

BURMESE CLASSIC .com

အခုချိန်မှာ သူက မိသားစုနှင့် တစ်မြို့တည်းနေပြီး အဝေးဆုံးကမ္ဘာခြားခဲ့တာကြီးက သူ့ကို ငွေယွန်းကိုပိုပြီး စိတ်နာကြေကွဲသည့် ခံစားမှုတွေဖြစ်ခဲ့ပေမယ့် သူ အိမ်ထဲက ချာခနဲလှည့်ထွက်လာခဲ့သည့်အချိန်မှာ သူ့ကိုတောင်းပန်ခဲ့သည့် ငွေယွန်းစကားသံများက သူ့နှလုံးသားကို အသစ်ဖြစ်ကာ ပြန်လည်နွေးထွေးလာခဲ့သည်။

"အို . . ဘိုဂ နင် မသွားရဘူး မသွားရဘူး နင့်ကိုဝါ" ဟင် . . .



နင့်ကိုငါ ဘာဖြစ်လဲ ငွေယွန်း။ နင်ဆက်ပြောမယ့် စကားတစ်ခွန်းက ဘာလဲ၊ အဲဒီ စကားတစ်ခွန်းကို သိချင်လို့ ငါ နင့်ဆီကို သိပ်မကြာတဲ့အချိန်တွေမှာ အရောက်လာခဲ့မှာပါ ငွေယွန်းရယ်။

ဘိုဂ


www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ ငါးနှစ်လုံးလုံး နာကြည်းစိတ်ဖြင့် မေ့ထားခဲ့သည့် ချစ်ရသူကို ဆုံးရှုံးလိုက်ရပါလျှင်ဆိုသည့် ခံစားမှုအသိက ရင်ထဲကို အနက်ရှိုင်းဆုံး တိုးဝင်သွားသည့်တွင် သူ ဆုံးဖြတ်ချက်တစ်ခုကို နိုင်နိုင်မာမာဆုံးဖြတ်လိုက်ပါသည်။

သူ ဆုံးဖြတ်လိုက်သည့် ဆုံးဖြတ်ချက်က

သူ့ကို နောက်ကျခွင့်မရှိသေးဘူးဆိုတာကို သူ့ကိုယ်စောင့်နတ်က ပြောကြားလိုက်သလိုလည်း ခံစားလိုက်ရသေးသည်။



"မင်း စိတ်ချမ်းသာမှာ ဘိုဂ
မင်း ငါးနှစ်လုံးလုံး စိတ်ဆင်းရဲနေတာတွေကို
ငါ မကြည့်ရက်လို့ ကံနတ်မင်းက မင်းတို့နှစ်
ယောက်ကို ရွှေလက်တွဲခွင့် ပေးလိုက်ပြီ"



## အခန်း (၁)

ငွေယွန်း နေ့စဉ်လုပ်နေကျအလုပ်ထဲမှာ ဒီတာဝန်သည် ငွေယွန်းအတွက် အကြီးလေးဆုံးနှင့် စိတ်အပျက်ဆုံးဖြစ်ခဲ့ရသည်။

ငွေယွန်းအပေါ် အမြဲတမ်းဗိုလ်ကျလွန်းသည့် လူတစ်ယောက်ကို အချိန်မှန်မှန်နိုးရခြင်းလောက် ငွေယွန်းစိတ်ထဲမှာ မွန်းကျပ်တာ မရှိခဲ့။

ငွေယွန်းသည် နာရီကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ထရပ်လိုက်ရသည်။

ဒီအချိန်ကြီးကို သူ့ကိုသွားနှိုးတိုင်း ရခဲ့သည့်ရလဒ်ကို ငွေယွန်းသိခဲ့ပေမယ့် သူ့ကို အိပ်ရာမှမနိုးချင်ပါဘူးဟု ငွေယွန်းရဲ့ ကျေးမှုး



www.burmeseclassic.com

www.burmeseclassic.com



ရှင် မွေးစားဖေဖေကို မပြောရက်ချေ။

ဖေဖေ့ကို မပြောရက်လို့လည်း သူ့ကို အိပ်ရာထဲသွားပြီးနှိုးပြန်တော့လည်း သူ့အခန်းထဲ ဝင်ဝင်ချင်း မြင်တွေ့လိုက်ရသည့်မြင်ကွင်းက တကယ့်ကို စိတ်ပျက်စရာပင်။

BURMESE CLASSIC .com

ဒါလား ဆယ်တန်းကျောင်းသားတစ်ယောက်။

အမြဲတမ်း အသေအလဲအိပ်တတ်သည့် ဘိုဂကို ငွေယွန်းနှိုးရမှာ ရန်ဖြစ်ဖို့လမ်းစပင်။

ကြည့်စမ်းပါဦး ... ခုတင်ပေါ်မှာ ရှော့ပင်လေးဝတ်လျက် စပို့ရှပ်လက်ပြတ်နှင့် အပူအပင်ကင်းမဲ့စွာ ခြေပစ်လက်ပစ်အိပ်မောကျနေသည့် ဘိုဂအနီးသို့ တိုးကပ်သွားပြီး အိပ်မောကျနေသည့် ဘိုဂမျက်နှာလေးကိုငေးကြည့်ရင်း ငွေယွန်း ရှက်ရွံ့စွာ မျက်နှာများပူထူသွားရသည်။

မျက်နှာတစ်ခုလုံး ပူပြီး ရင်တွေလည်းပူကာ သူနိုးလာမည့်အချိန်ကို ကြောက်ရွံ့နေခဲ့သည်။

သူ့ကိုကြောက်ပေမယ့် ဆယ်တန်းကျောင်းသားတစ်ယောက်ကို စာကျက်ခိုင်းဖို့ မနှိုးလို့လည်း မဖြစ်။

နှိုးပြန်ရင်လည်း မချိမဆံ့အပြောခံရမှာ သိသိကြီးနှင့် ငွေယွန်း မျက်စိမှိတ်ပြီး သူ့ကိုဖွတ်မှိတ်နှိုးလိုက်ရသည်။





"ဘိုဂ ဘိုဂ ... ထတော့လေ ... စာကျက်ရအောင်၊ လေးနာရီထိုးပြီ ဘိုဂရဲ့"

ငွေယွန်းက ဘိုဂပခုံးနှစ်ဖက်ကို လှုပ်ခါနှိုးလိုက်သည်။

ဘိုဂ တဖြည်းဖြည်း လှုပ်လှုပ်ရှားရှားဖြစ်လာပြီး မျက်လုံးမဖွင့်ဘဲ ငွေယွန်းလက်ကို ဆတ်ခနဲ ပုတ်ထုတ်ပစ်လိုက်ကာ ဆူပူကြိမ်းမောင်းလေတော့သည်။

"ငရှုပ်မ ... နင့်ကိုငါ ဘယ်နှခါပြောထားရမလဲ အမှတ်မရှိဘူး၊ သွား ... ထွက်သွား၊ ဒါ စာကျက်တဲ့အချိန်လား ... သွားသွား ... အိပ်ရေးပျက်တယ်"

ခုတင်ပေါ်ကနေ ခြေထောက်နှစ်ဖက်ကို စုံပစ်ကန်ပြီး ဂူးဂူးဝါးဝါးကြိမ်းမောင်းကာ ပြန်အိပ်သွားသည့်ဘိုဂကို မရ,ရအောင်နှိုးပြီး စာကျက်ခိုင်းရမှာ ငွေယွန်းအတွက် အပင်ပန်းဆုံး●င်။

ဟင်း ... ဒီနေ့မှ ဖေဖေကလည်း ဘိုဂကို မရ,ရအောင်နှိုးပြီး စာအတူကျက်ရမည်ဟု အမိန့်ချခဲ့တာမို့ ငွေယွန်း ငိုချင်စိတ်တောင်ဖြစ်လာရသည်။

ပြီးတော့ ပြဿနာစပြီဆိုတာလည်း ငွေယွန်း သိလိုက်ရပါသည်။

"ဘိုဂ ... ဖေဖေက ဒီနေ့ မင့်ကို မရ,ရအောင်နှိုးပြီး ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



စာအတူကျက်ရမယ်လို့ ပြောထားတယ်၊ ငါ တောင်းပန်ပါတယ် ... ငါတို့ စာအတူကျက်ရအောင်နော်၊ စာမေးပွဲလည်း နီးပြီ၊ ထတော့နော် ... ဒီမှာ သွားတိုက်မျက်နှာသစ် မျက်စိကျယ်သွားမှာပါ ... ထ ထ ဘိုဂ''

''ကျစ် ... ခက်လိုက်တာ၊ ငွေယွန်းနော် ... နင် အသားနာချင်ပြီ ထင်တယ်၊ မထွက်သေးဘူးလား ... ငါ ကိုင်ပေါက်ပစ်မှာနော်''

ဘိုဂဒေါသတွေက ဒီနေ့ အပြင်းထန်ဆုံးပဲဖြစ်သည်။

သူ ဘယ်လောက်ဒေါသထွက်ထွက် ငွေယွန်းကတော့ ဒီနေ့ သူ့ကို မရ,ရအောင် နှိုးရမှာ တာဝန်တစ်ရပ်ပင်။

ဟွန်း ... ဖေဖေ့သား လူဆိုးအကြောင်းကို ဖေဖေသိရဲ့သားနှင့် ငွေယွန်းကို မရ,ရအောင်နှိုးခိုင်းတာ အခုတော့ ငွေယွန်း ဒုက္ခရောက်ရပါပြီ။

သူ ဘာလုပ်လုပ် ငွေယွန်းကတော့ ဖွတ်မိုက်ပြီး ဖေဖေ့စကားကို ရင်ဝယ်ပိုက်ပြီးနားထောင်ကာ သူ့ကို မရ,ရအောင် စာကျက်ခိုင်းလိုက်ရပါသည်။

''စာမေးပွဲနီးပြီ ဘိုဂရဲ့ ... စာမကျက်ရင် ဘယ်လိုလုပ်''

''ဟာကွာ''

ရုတ်တရက် ဘိုဂခုတင်ပေါ်မှထကာ ငွေယွန်းကို ပွေ့ချီပြီး





အိပ်ရာပေါ် ကိုင်ဆောင့်ချလိုက်သဖြင့် ငွေယွန်း နာကျင်စွာအော်ပစ်လိုက်မိသည်။

''အား''

''သေပြီလား''

''နင် နင်''

ငွေယွန်း သူ့စကားကိုနာတာထက် သူပစ်ချလိုက်သည့် အနိုင်ဖြင့် ခါးက ဆစ်ခနဲနာကျင်သွားတာမို့ မျက်ရည်များစီးကျလာသည်။

သူ့ကိုလည်း ဆိုနင့်ကြေကွဲစွာ ...

''နင် နင် ...''

လို့ပဲ ဆိုလိုက်နိုင်သည်။

အဲဒီအချိန်မှာ သူက မခံချင်စဖွယ် ပြောလာသေးသည်မှာ

''ဘယ့်နှယ်လဲ ... အီသွားပြီလား၊ ဆရာလုပ်ချင်တာကိုး၊ မှတ်ထား မိငွေယွန်း ... မွေးစားသမီးက နေရာမယူနဲ့''

''အား ... ကျွတ် ကျွတ်''

ငွေယွန်း သူ့အပြောတွေကို မခံချင်လွန်းလို့ အိပ်ရာမှကုန်းအထ ခါးက နာကျင်သည့်ခံစားမှုကြီးက ဘယ်လိုမှ ဒဏ်မခံနိုင်တော့ဘဲ သူ့အိပ်ရာပေါ်မှာ ပြန်ပြီး ခွေခနဲပစ်ကျသွားပြန်သည်။

''အား ... ကျွတ် ကျွတ် ... ထလို့မရတော့ဘူး။ ငါ့ခါး



www.burmeseclassic.com

www.burmeseclassic.com



ကျိုးသွားပြီ၊ စာကျက်လို့လည်းရမှာ မဟုတ်တော့ဘူး . . . ဒုက္ခပါပဲ''

ငွေယွန်း ပြောရင်းနှင့် ဟီးချငိုလိုက်ပြန်သည်။ ငွေယွန်း နာကျင်စွာငိုလိုက်တော့မှ ဘိုဂ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

''ဟင် . . . ခါးနာသွားတာလား . . . ထိုင်ကြည့်စမ်း ထိုင်လိုက်''

''ထိုင်လို့မရဘူး''

''ဟာ . . . ပိုလိုက်တာ၊ ဒါဆို ငါထူပေးမယ် . . . ထိုင်ကြည့်လိုက်စမ်း''

ဘိုဂ ပြောပြောဆိုဆို ငွေယွန်းချိုင်းအောက်ကို လက်ထည့်ပြီး ငွေယွန်းချိုင်းကိုဆွဲမ,ကာ အထိုင်ခိုင်းလိုက်သည်။

''အား . . . နာတယ်''

''မပိုစမ်းပါနဲ့၊ ငါ ပစ်ချတာ မွေ့ရာပေါ်နော် . . . ဘာမှမနာဘူး၊ နင် လာပြီးနွဲ့ပြမနေနဲ့ . . . ရုပ်ကရုပ်ကြမ်းကြီးနဲ့''

''ဟင် . . . . နင် ဒီလောက် စိတ်ပုပ်ရသလား၊ နင် ငါ့ကို ဘာအငြိုးနဲ့ ဒီလောက်မကောင်းစိတ် မွေးရတာလဲ . . . အဲဒါ ငါ သိချင်တယ်''

''ကဲပါ . . . လျှာရှည်မနေစမ်းပါနဲ့၊ ထကြည့်စမ်းဆိုရင်ကွာ''

သူပြောသလို ငွေယွန်း ထကြည့်လိုက်သည်။ သို့သော်



BURMESE CLASSIC .com



ပြန်ပြီးလှဲချပစ်လိုက်ရသည်။

''အား . . . ထလို့ကိုမရတာ၊ ခါးရိုးကျိုးပြီး အောက်ပိုင်းသေသွားပြီလား မသိဘူး''

အသည်းပိုလွန်းသည့် ငွေယွန်းကို စိတ်ချဉ်ပေါက်ပေါက်ဖြင့် သူ့ အရွဲ့တိုက်ချင်စိတ် ပေါက်သွားရလေသည်။

ဆတ်ခနဲ ငွေယွန်းဘေးနား သူ ပြန်လှဲအိပ်ချပစ်လိုက်ကာ ငွေယွန်းကိုယ်လုံးကို ပြန်ထလို့မရအောင် သိုင်းဖက်ပစ်လိုက်သည်။

ပါးစပ်ကလည်း ငွေယွန်းမခံနိုင်အောင် ပြောလိုက်သေးသည်။

''ထလို့မရတော့လည်း ဒီမှာ ဆက်တုံးလုံးလှဲနေလိုက်၊ မနက်ကျမှ ဆရာဝန်နဲ့ ပြကြည့်တာပေါ့၊ ငါတော့ပြန်အိပ်လိုက်ဦးမယ်ဟာ၊ နင် နှောင့်တာနဲ့ အိပ်ရေးပျက်တယ်ဟ''

''ဟင် . . . ဘိုဂ''

''အင်း . . . ပြော''

''နင် . . . နင် အသားမယူနဲ့နော်၊ ငါ့ကိုလွှတ် . . . ငါ ဖေဖေနဲ့ အော်ခေါ်လိုက်မှာ''

''အော်ခေါ်လေ ခေါ်ပေါ့''

''ဘိုဂ''



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ခါးမနာတော့ဘူးလား"

ငွေယွန်းခါးတစ်ဖက်ကို ခပ်တင်းတင်းသိမ်းဖက်လိုက်သည့် ဘိုဂလုပ်ရပ်ကြီးကို ငွေယွန်း ကြောက်လွန်းလို့ ဘိုဂလက်ကို ပုတ်ထုတ်ပြီး ကုန်းထလိုက်သည်။

သို့သော် ဘိုဂက ရုန်းထလို့မရအောင် အတင်းဖိပြီးချုပ်နှောင်ထားသဖြင့် ငွေယွန်း မျက်ရည်တွေစီးကျလာခဲ့သည်။

"အဟတ် ... အလွမ်းမင်းသမီးလေး ငိုပြီ"

"ဘိုဂ ... နင် နင်နော် ... ဖေဖေနဲ့ အော်တိုင်ခံချင်ပြီလား"

ငွေယွန်းကို ငယ်ငယ်ကတည်းက အနိုင်ယူလာခဲ့သည့် ဘိုဂကတော့ ငွေယွန်းကိုကြည့်ပြီး တအိအိရယ်ချလိုက်ပါသည်။

"ဟား ဟား ဟား"

"နင် ... နင် သေချင်ပြီလား"

"သေမှာက နင်"

"ဘိုဂ ... နင် ငါ့ကိုလွှတ်နော် ... ဖေဖေရေ"

"ဟ ... နင်"

"အား ... နင်နော်"

ငွေယွန်းပါးစပ်ကို သူ့လက်ကြီးနှင့် ဖိအုပ်ပြီး ဆွဲခါလိုက်က

"တိတ်တိတ်နေ ... ဒီထက် ဖာတ်ရှုပ်ချင်ရင် ဆက်ရုန်း"





"သေချင်းဆိုး"

"ဟဲ ဟဲ ... ဟန်ဆောင်ကောင်းချင်တာကိုး၊ အေးအေးဆေးဆေး ငါ့ဘေးမှာနေ၊ ငါ အိပ်တော့မယ်၊ ငါ့ကို နင် ဘယ်တော့မှ အနိုင်ယူလို့မရဘူးဆိုတာ နင် မှတ်လောက်သားလောက်ဖြစ်သွားအောင် ငါ ပညာပေးတာပဲ၊ ကဲ ကဲ ... မင်းလည်းအိပ်ပျော်အောင် အိပ်ကြည့်လိုက်"

"ဘိုဂ"

ငွေယွန်း ဒီထက်ပိုပြီး သူ့ကိုဘာစကားမှ မပြောနိုင်တော့ချေ။

ရင်ထဲမှာ သူ ငွေယွန်းကို မွေးစားမောင်နှမဆိုသည့် စည်းဘောင်ကြီးကို မဖောက်ဖျက်ပါစေနဲ့လို့ အကြိမ်ကြိမ်ဆုတောင်းရင်း သူ့ကို ဘာစကားမှမပြောမိတော့ဘဲ မျက်စိမှိတ်ပြီး အသာလေးငြိမ်နေလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ငွေယွန်းနှင့်သူ ဆေးခန်းထဲမှ ပြန်ထွက်ထွက်ချင်းပင် ဘိုဂ
ပြုံးရွှင်ကြိမ်းဝါးမှုကိုစတင်ခံလိုက်ရလေသည်။

"ဒါ ဓာတ်လမ်းစလိုက်တာ မဟုတ်လား ငွေယွန်း"

တင်းမာပြတ်သားလွန်းသည့် ဘိုဂအသံကြောင့် ငွေယွန်း
ခေါင်းအလိုလို ငုံ့ချမိလျက်သား ဖြစ်သွားရသည်။

အမြဲတမ်း ငွေယွန်းကို မကောင်းစိတ်ဖြင့် အပြစ်ပြော ဆူ
ကြိမ်းမောင်းတတ်သည့် ဘိုဂကို ငွေယွန်း ဘာမှပြောချင်စိတ်လည်း
လုံးဝမရှိတော့။

ပြောချင်စိတ်မရှိလို့ ရေငုံ့နှုတ်ပိတ်နေပြန်တော့လည်း





ယွန်းလက်ကို ကျိုးမတတ်လိမ်ချိုးပြီး သူက ဒေါသပေါက်ကွဲနေပြီ
ဖြစ်သည်။

"မိငွေယွန်း . . . နင် နားပင်းသွားပြီလား။ နင်က ငါပြောတာ
ကို အရေးမစိုက်ရအောင်"

"ဘာလဲ . . . နင်ပြောတာကို ငါမှ နားမလည်တာ"

"မျက်နှာရိုးလေးနဲ့ အိမ်ကကြောင်ကြီး လုပ်မနေနဲ့၊ နင်နဲ့
ဟိုဆရာဝန် တရင်းတနှီးစကားပြောတာကို ပြောတာ"

"ဩော် . . . ဒါလား"

ငွေယွန်း သူ့ကို ဘာမှမပြောတော့ဘဲ မျက်လွှာချငြိမ်သက်
သွားရသည်။

အင်း . . . ဘိုဂ စိတ်ဆိုးလည်း စိတ်ဆိုးစရာပဲ။

ဒီကနေ့ မထင်မှတ်ဘဲ ဆေးခန်းလာခဲ့မိခါမှ ဆေးခန်းက
ဆရာဝန်က တိုက်ဆိုင်လှစွာ ငွေယွန်းကို သိနှင့်နေခဲ့တာက ဘိုဂအ
တွက် ဒေါသဖြစ်စရာ၊ ခံပြင်းစရာ ဒီလောက်ကြီးအထိ ဖြစ်စရာမလို
ဘူးဟု ငွေယွန်းစိတ်ထဲက ခံပြောနေခဲ့မိသည်။

စိတ်ထဲက ဘိုဂကို ခံပြောနေခဲ့ပေမယ့် အပြင်မှာတော့ ငွေ
ယွန်း သူ့ကို ဘာမှမပြောရဲအောင် ကြောက်ရပါသည်။

အခုလည်း ငွေယွန်း သူ့ကိုကြောက်နေမှန်းသိသိကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြဲခြောက်နေလေသည်။

"ဟိတ် . . . ငါ မေးနေတယ်လေ"

ပခုံးနှစ်ဖက်ကို လှုပ်ကိုင်ခါယမ်းလိုက်သဖြင့် ငွေယွန်း ခါးမှ နာကျင်မှုက ပိုပြီးပြင်းထန်သွားရသည်။

"အား . . . ကျွတ် ကျွတ်"

"ဟာ . . . သမီးငွေယွန်း ဘာဖြစ်တာလဲ၊ ဘိုဂ သား . . . ဘာဖြစ်ကြတာလဲ"

"ခင်ဗျားအကြောင်း မပါပါဘူးဗျာ"

ကားပေါ်တက်ခါနီးမှ အရှိန်ပြင်းပြင်း ငွေယွန်းကို ပိတ်တွန်းလိုက်တာမို့ ကားဒရိုင်ဘာကြီးက ဝင်ပြောလိုက်တာကို ရင့်ရင့်သီးသီး သူက ပြန်ပြောလိုက်သဖြင့် ကားဒရိုင်ဘာကြီးလည်း ငြိမ်ကျသွားရလေသည်။

ကားဒရိုင်ဘာကြီးနဲ့အတူ ငွေယွန်းလည်း တိတ်ဆိတ်ငြိမ်သက်သွားရသည်။

အင်း . . . အိမ်ပြန်ရောက်ရင်တော့ သူနှင့် ပြဿနာအကြီးအကျယ် ဖြစ်ဦးမည်။

ငွေယွန်း ဘာလုပ်ရရင် ကောင်းမလဲ။

ဘိုဂဆိုတဲ့ကောင်က နာမည်ကမိုက်သလို လူကလည်း ခပ်





မိုက်မိုက်ပင်။ ငွေယွန်းကိုဆို သူက ငယ်ငယ်ကတည်းက အနိုင်ယူ ဗိုလ်ကျလာခဲ့သူဖြစ်သည်။

ငွေယွန်း ဆယ်နှစ်သမီးလေးတန်းအရွယ်ကတည်းက ဒီအိမ်ကြီးကို စတင်ရောက်ခဲ့ချိန်မှာ ဘိုဂဆိုတဲ့ ဆယ်နှစ်သားကောင်လေးက မွေးစားသမီးငွေယွန်းကို အမြဲတမ်း နှိပ်စက်အနိုင်ယူလာခဲ့တာဖြစ်သည်။

အနိုင်ယူပြီး ဘိုဂ အမြဲတမ်းပြောခဲ့သည့်စကားတစ်ခွန်းက ငွေယွန်းရင်ထဲမှာ အမြဲတမ်းနာကျင်ခဲ့ရသည်။

"ငွေယွန်း . . . နင် မြဲမြဲမှတ်ထား . . . နင်ဟာ မွေးစားသမီးက မွေးစားသမီးပဲ၊ ငါ့ထက် နင် ဘယ်တော့မှပိုပြီး ဘယ်နေရာမှ လုပ်ပိုင်ခွင့် မရှိဘူး။ ငါက အမြဲတမ်း ဖေဖေ့သားအဖြစ် ရှေ့တန်းမှာပဲ ရှိနေရမယ်၊ ငါ့နောက်မှာပဲ နင်ရှိရမယ်"

ဆိုသည့်စကားတွေကို မေ့မရခဲ့သလို၊ ပြောသည့်အတိုင်း လုပ်ဆောင်ခဲ့သည့် ဘိုဂရဲ့လုပ်ရပ်များကလည်း ငွေယွန်းနှလုံးသားထဲမှာ စွဲမြဲနေခဲ့သည်။

ဘယ်လောက်အထိ သူ့အပြုအမူတွေကို စွဲစွဲမြဲမြဲ မှတ်ထားခဲ့သလဲဆိုရင် တစ်တန်းလုံးမှာ အမြဲတမ်းပထမရသည့် ငွေယွန်းကို သူက အမှတ်လျှော့ပြီးဖြေခိုင်းခဲ့တာကို ငွေယွန်းက နားမထောင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ငွေယွန်းနားရင်းကို 'ဖြောင်း' ခနဲ မြည်အောင် ရိုက်ဖူးခဲ့သည်။

အဲဒီလိုရိုက်ဖူးခဲ့သလို ငွေယွန်းကို မကျေနပ်သည့်အခါတိုင်း ဖေဖေမသိအောင် လည်ပင်းညှစ်ပြီးလည်း ခြိမ်းခြောက်တတ်သေးသည်။

"နင် ငါရိုက်တာကို ဖေဖေ့ကို ပြန်ပြောလို့ကတော့ ငါနဲ့ အတွေ့ပဲ"

ဆိုပြီး ပြောတဲ့အတိုင်းလုပ်တတ်သည့် ဘိုဂကို ငွေယွန်းဘာမှပြန်မပြောရဲခဲ့ဘဲ သူ့စကားကို လက်ခံခဲ့ရသဖြင့် အခုဆိုရင် ဘိုဂက ငွေယွန်းကို သူ့ရဲ့နိုင်ဖတ်ကြီးအဖြစ် နိုင်လို့ကောင်းသွားခဲ့ပါသည်။

အဲဒီလို နိုင်ခဲ့သလို ဘိုဂ ငွေယွန်းကို တစ်ခုခုမကျေနပ်လျှင် အပြစ်ပေးသည့်အလုပ်တစ်ခုက ငွေယွန်း သူ့ကို နင်းပေး၊ နှိပ်ပေးရခြင်းပင် ဖြစ်သည်။

အဲဒီလို ငယ်စဉ်အချိန်က မကျေနပ်ခြင်း၊ မကြည်ဖြူခြင်း မောက်မာခြင်းတွေသည် လူငယ်နှစ်ယောက် အပျို၊ လူပျိုဖြစ်လာသည့် အချိန်မှာ စိတ်ဆန္ဒတွေ ဆန့်ကျင်ဘက်ပြောင်းလဲလာကာ နှလုံးသား နှင့်ပတ်သက်ပြီး မနာလိုဝန်တိုစိတ်အဖြစ်သို့ ကူးပြောင်းလာခဲ့ရပြီဆို တာကို ငွေယွန်းနားမလည်ခဲ့သလို ဘိုဂလည်း နားလည်ခဲ့မည် မဟုတ်





ခဲ့ချေ။

သို့သော် ဒီနေ့ မထင်မှတ်ဘဲ ဖြစ်ပျက်ခဲ့သည့် ပြဿနာ အသေးအမွှားကစတင်ပြီး ဘိုဂရင်ထဲက ခံစားမှုများ လွှတ်ထွက်သွားရ လေတော့သည်။

"ငါ့အခန်းကို တစ်ခါတည်းလိုက်ခဲ့ ငွေယွန်း"

ဖေဖေမရှိသည့်အချိန် ဖြစ်သဖြင့် ငွေယွန်း ဘာမှမတတ်နိုင် တော့ဘဲ သူ့အပြောကို ခေါင်းညိတ်လက်ခံလိုက်ရတော့သည်။

ဒီအချိန်မှာ သူ့ကို ဘာစကားမှလည်း တုံ့ပြန်နိုင်သည့် အင်အားမရှိတော့။

ပြီးတော့ သူ ဘာဖြစ်လို့ ဒီလောက်အထိအပြစ်ရှာတာကို လည်း ငွေယွန်းစဉ်းစားလို့ မရချေ။

ငွေယွန်းစဉ်းစားမိသည်က သူသည် ငွေယွန်းကို ပညာတတ် ဆန်သည့် ဆရာဝန်လိုလူမျိုးနှင့် ရင်နှီးကျွမ်းဝင်သွားမှာကို မလိုလား ခြင်းဘဲဟု ယုံကြည်ခဲ့မိသည်။ ဒီအချိန်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့အခန်းထဲရောက်တာနှင့် အခန်းထဲက ရှိသမျှ ပစ္စည်းတွေကို ခြေထောက်နှင့်လိုက်ကန်ပစ်နေတာမို့ သူ့ကိုကြည့်ပြီး ငွေယွန်း စိတ်ပျက်ကာ ငိုချင်လာသည်။

ဒါ ငွေယွန်းကို မနိုပ်စက်ရလို့ ရှိသမျှပစ္စည်းတွေကို စိတ်ရှိ လက်ရှိ ကန်ကျောက်နေတာဖြစ်သည်။

"ဘိုဂ ... နင် ဘာဖြစ်နေတာလဲ"

ငွေယွန်းသည် ဘိုဂကို အရဲစွန့်ပြီး စတင်စကားစပြောလိုက် သည်။

"မကျေနပ်ဘူးကွာ ... လုံးဝမကျေနပ်ဘူး"

ကလေးဆိုးကြီးတစ်ယောက်လို ဆင်ကန်းတောတိုး ပေါက် ကွဲမှုကို မယုံကြည်နိုင်သည့်မျက်လုံးတွေဖြင့် ငွေယွန်း စိုက်ကြည့်လိုက် မိသည်။

ဘိုဂမျက်လုံးတွေက စူးရှတောက်ပြောင်လေးနက်ကာ ငွေ ယွန်းကို စူးစူးရှရှ စိုက်ကြည့်လာသည်။

ဘိုဂရဲ့အကြည့်တွေက ငွေယွန်းနှလုံးသားကို ထုတ်ချင်းခတ် ပစ်ဝင်လာသလို ခံစားလိုက်ရသည်။

"ဘာကိုမကျေနပ်တာလဲ ... ဟင်"

ဘိုဂက ငွေယွန်းမျက်လုံးတည့်တည့်ကို စူးစိုက်ကြည့်ပြီး





တစ်လုံးချင်းပြောလိုက်သည်။

"ဟိုလူကြီး နင့်ကိုကြည့်တဲ့ မျက်လုံးတွေကို ငါ မကျေနပ် ဘူး"

"ဘုရားရေ"

ငွေယွန်း အလန့်တကြား ဘုရားတ,လိုက်မိပြီး ရယ်ချင်စိတ် တွေကို မျိုသိပ်လိုက်ရသည်။

ဒါ ဘိုဂ ငွေယွန်းကို သဝန်တိုတာပဲဆိုတာကို ငွေယွန်း အသေအချာ လက်ခံယုံကြည်လိုက်မိသည်။

ဘိုဂ မကျေနပ်တာလည်း အပြစ်မပြောချင်။

တကယ်လည်း ဆေးခန်းကဆရာဝန်ရဲ့ ရင်းနှီးနွေးထွေး သည့်အကြည့်တွေက ငွေယွန်းနှလုံးသားထဲ စူးစူးနင့်နင့် ဝင်ရောက်လာ ခဲ့လေသည်။

ပြီးတော့ ဆရာဝန်ကလည်း ငွေယွန်းကို သိနေတယ်ဆိုပါ လား။

အထူးသဖြင့် ငွေယွန်းရဲ့ စာတော်သည့်အကြောင်းကို ဘိုဂ ရှေ့မှာ ချီးမွမ်းခန်းထုတ်လိုက်တော့ ဘိုဂ အသည်းနှလုံးပေါက်မတတ် မနာလိုစိတ် ပြင်းသွားရခြင်းဖြစ်လေသည်။

"ငွေယွန်း ... နင့်ကို ငါ မကျေနပ်ဘူးဆိုရင် နင် ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမယ်ဆိုတာ နားလည်လား''

ငွေယွန်းမျက်နှာကို စေ့စေ့စိုက်ကြည့်ပြီး ချာခနဲ မျက်နှာပြန်လှည့်ပစ်ကာ အိပ်ရာပေါ် ဝမ်းလျှားထိုး အိပ်ချပစ်လိုက်သည်။

ဘိုဂရဲ့အနိုင်ယူမှုတွေကို ငွေယွန်း အမြင်ကတ် မုန်းတီးစိတ်ဖြင့် သူ့ကို ဒီတစ်ကြိမ်တော့ ရအောင်ဆန့်ကျင်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

''ဘိုဂရယ် . . . နောက်နေ့မှ ငါလုပ်ပေးမယ်နော်၊ ငါ ခါးနာနေတာ နင့်ကို ဘယ်လိုလုပ်ပြီး နှိပ်ပေးနိုင်မှာလဲဟာ၊ ငါ ခါး တအားနာနေတာပဲ . . . အနားယူပါရစေနော်''

ငွေယွန်းက အမူအရာကောင်းကောင်းဖြင့် ဘိုဂခြေထောက်ကို ဆုပ်ကိုင်ပြီး ခုတင်မှာ တင်ပါးလွှဲထိုင်ကာ တောင်းပန်လိုက်သည်။

''ဘိုဂ . . . ငါ တောင်းပန်ပါတယ်နော် . . . နောက်နေ့မှ''

''ဟော့ . . . မရဘူး၊ အခု နှိပ်ပေး''

ဘိုဂက ပြောလည်းပြော၊ ငွေယွန်းလက်ကလေးကို ဆွဲပြီး သူ့ခြေထောက်ကိုနှိပ်ခိုင်းလိုက်တော့ ငွေယွန်း လန့်ဖျပ်ပြီး သူ့လက်ထဲက လက်ကလေးကို ဆွဲရုန်းလိုက်သည်။

''ကျွတ် . . . ထိုင်စမ်း''

''ငါ . . . ငါသွားတော့မယ် ဘိုဂ၊ စာလည်းကျက်ရဦးမယ်''





ငွေယွန်း ခုတင်မှ ထရပ်ပစ်လိုက်သည်။ ဒီတစ်ခါတော့ သူ့ကို ရအောင်ဆန့်ကျင်ဖို့ဆန္ဒတွေ ငွေယွန်းရင်ထဲမှာ ပြည့်သိပ်နေသည်။ သို့သော် ဘိုဂက အံကြိတ်ကာ . . .

''ပြန်ထိုင် ငွေယွန်း . . . နင် ငါ့ကို ဘယ်တုန်းက ဆန့်ကျင်ဖူးလို့လဲ''

ဘိုဂအသံက တင်းမာပြတ်သားလွန်းသဖြင့် ငွေယွန်း ဒီတစ်ကြိမ်လည်း သူ့ကို အလျှော့ပေးရဦးမည်ဆိုတာကို ခံစားလိုက်ရသည်။

ဟင်း . . . ဒီလို အကြောင်းမဲ့ကြီး သက်သက်လာပြီး နှိုင်ထက်စီးနင်းလုပ်လို့ကတော့ ငွေယွန်းက အပြစ်မရှိဘဲနှင့် သည်းမခံနိုင်။

သည်းမခံနိုင်လို့လည်း သူ့လက်ကြီးကို ပုတ်ထုတ်ပြီး ပိတ်အော်ပစ်လိုက်သည်။

''ငါ့မှာ အပြစ်မရှိဘဲနဲ့ နင် ငါ့ကိုအပြစ်ရှာပြီး သက်သက်နှိပ်စက်တာ၊ အနိုင်ယူတာ . . . ငါ မလုပ်ပေးဘူး၊ ငါ့မှာ အပြစ်မရှိဘဲ အပြစ်ရှာတာ''

''ငွေယွန်း . . . ငါ နောက်တစ်ခါ ထပ်မပြောတော့ဘူး၊ ငါက လုပ်ဆိုရင် နင် ငါ့ကိုလုပ်ပေး၊ ကဲ . . . ငါ့ခြေထောက်ကို နှိပ်ပေးတော့''

''မနှိပ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"စမ်းကြည့်လိုက်လေ"

ငွေယွန်း အံကြိတ်လိုက်သည်။ ဒီတစ်ခါ အနိုင်ယူသည့် ဘိုဂကို စိတ်ထဲက ပြင်းပြင်းထန်ထန် မုန်းသွားမိသည်။ သိပ်ကို အနိုင်ယူလွန်းသည့် ဘိုဂကို အခုအချိန်ကစပြီး ဆန့်ကျင်ဖို့ ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်ဖြင့် သူ့ကိုပဲ မျက်လုံးပြူးပြီး ခေါင်းခါကာ

"ဘိုဂ ... နင်"

"အင်း ... ငါ ဝမ်း တူး သရီး ဖိုး ဖိုက် လုပ်မယ်"

ငွေယွန်း အံကိုတင်းတင်းဖိကြိတ်ပြီး မျက်ဝန်းအစုံကို မှိတ်ထားလိုက်သည်။

အဲဒီအချိန်မှာပဲ သူက ငွေယွန်းလက်ကိုဖျတ်ခနဲ တင်းတင်းဆုပ်ကာ

"ကဲ ကဲ ... ငါ့ခြေသလုံးကို အရင်နှိပ်ပေးတော့"

"မနှိပ်ဘူး ... ငါ့မှာ အပြစ်မရှိဘူး"

ငွေယွန်း စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်သည်။

သူက ငွေယွန်းငိုနေတာကို နည်းနည်းမှ ဂရုမစိုက်ဘဲ အိပ်နေတာ သေးစောင်းအနေအထားမှ ပက်လက်အနေအထား ပြောင်းလိုက်ကာ ခြေထောက်ကို ဆန့်ထုတ်ထားသည်။





ခြေထောက်ကိုဆန့်ထုတ်ရင်းမှ မျက်လုံးကြီးမှိတ်ကာ ...

"နှိပ်ပေးနော် ငွေယွန်း ... ငါ့ကို အဆိုးမဆိုနဲ့နော်"

"မနှိပ်ဘူး ... လုံးဝ နှိပ်မပေးနိုင်ဘူး"

ငွေယွန်း တအားအော်ဟစ်ပစ်ပြီး ခုတင်မှထရပ်ပစ်လိုက်သည့်အချိန်တွင် သူ့စိတ်တွေ အလုပ်ရှားဆုံးခံစားလိုက်ရပြီး ငွေယွန်းကို အနောက်မှ သိုင်းဖက်ပစ်လိုက်ကာ ငွေယွန်းရဲ့ဒေါသတွေ သီးထနေသည့် မျက်နှာလေးကို သူ မျှိသိပ်လို့မရသည့်အချစ်ဖြင့် နမ်းရှိုက်လိုက်မိပြီးနောက် သူ့စိတ်တွေ လွတ်ထွက်သွားတော့သည်။

ငွေယွန်းကိုချစ်ခဲ့မိသည့် စိတ်တွေက လက်ထပ်ချင်သည့်အဆင့်အထိ လွန်မြောက်ခဲ့ပြီမို့ ငွေယွန်းကို ရယူဖို့ဆုံးဖြတ်လိုက်သည်။

ငွေယွန်းကို ဟိုဆရာဝန် အထူးစိတ်ဝင်စားနေတာ သူ အပြီးသိပြီးသား။

ငွေယွန်းနဲ့သူကျောင်းဆင်းသည့်အချိန်မှာ ထိုလူ သူတို့ကားနောက်က လိုက်ခဲ့သည့်အဖြေကို သူ အခုမှ ရှင်းရှင်းလင်းလင်း သိရှိလိုက်ရပါသည်။

"ငါ မင်းကို စိတ်မချတော့ဘူး၊ ဟိုဆရာဝန် မင်းကို ချစ်နေပြီဆိုတာ ငါ နားလည်သွားပြီ၊ ငါတို့ ကျောင်းသွားတော့ ငါတို့ကား

www.burmeseclassic.com

နောက်က သူ့ကား အမြဲပါလာတာ ငါသိတယ် ...၊

မင်း ... ငါကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး၊ လက်မထပ်ရဘူး၊ ငါ မင်းကို သိပ်ချစ်တယ်၊ လက်ထပ်မယ်''

ငွေယွန်း မျက်ရည်တွေကို သူနမ်းရှိုက်လိုက်သည်။ ငွေယွန်း နှုတ်ခမ်းတွေမှာ မျက်ရည်တွေစီးကျနေတာကို သူ ဘယ်လိုချစ်မှန်း မသိ ဖြစ်သွားတော့သည်။

''ဘိုဂ ... ငါ့ကို သနားပါ၊ ငါ့ကို သနားပါဟာ၊ ဖေဖေ ဖေဖေရေ ... ငွေယွန်းကို ကယ်ပါဦး၊ ဖေဖေရေ ဖေဖေ ... ဟီး ဟီး ... ဖေဖေ့သားလူဆိုးကို မုန်းတယ်၊ သိပ်မုန်းတယ်၊ ဖေဖေရေ ... ဟီး ဟီး ... ဘိုဂ ... နင့်ကို ငါမုန်းတယ်၊ နင့်ကို ငါ ဘယ်တော့မှ လက်မထပ်ဘူး၊ နင်ရဲ့ ယုတ်မာတဲ့စိတ်ထားကို ငါမုန်းတယ် ... အီး ဟီး ဟီး''

''ဟော့ ... အခန်းထဲက ဘာဖြစ်တာလဲ၊ ဘိုဂ ... သမီးကို ဘာတွေ နှိုင်ထက်စီးနင်းလုပ်ပြန်ပြီလဲ ... ဟော့''

''ဟင် ... ဖေဖေ''

'ဂွီ' ခနဲ တံခါးဖွင့်သံနှင့်အတူ ဖေဖေ့မျက်နှာကြီး တံခါးဝမှာ ဘွားခနဲပေါ်လာတာကို ငွေယွန်းတွေ့မြင်လိုက်ပြီးနောက် ငွေယွန်းကို အတင်းဖက်ထားသည့် ဘိုဂရဲ့လက်တွေလည်း ဖြည်းဖြည်းချင်း ပြေလျော့ကျသွားတော့သည်။





အဲဒီခဏအတွင်းမှာပဲ ငွေယွန်းက သူ့လက်ထဲမှ ရုန်းထပြီး ဖေဖေ့ဆီပြေးသွားကာ ရှက်ရွံ့စိတ်ဖြင့် ပြင်းပြင်းထန်ထန် ငိုချလိုက်ပါတော့သည်။

''ဘိုဂ ... မင်း မင်း လူမဆန်ဘူး၊ မင်း လူမဟုတ်ဘူး၊ ဒါ ဒါ ဒီလိုဖြစ်စရာလားကွ ... မင်းကို ငါသတ်မယ်၊ သတ်ပစ်မယ်''

ဖေဖေရဲ့ဒေါသတွေက မီးတောက်ပမာ ပေါက်ကွဲသွားပြီး ဘိုဂမျက်နှာကို တစ်ချက်ပြီးတစ်ချက် အဆက်မပြတ် ထိုးလိုက်သည်။

''မင်း ငါ့သားမဟုတ်ဘူး၊ အသက်ကဖြင့် အခုမှ ဆယ့်ခြောက်နှစ်တောင်မပြည့်သေးဘူး၊ တောက် ... စိတ်ဓာတ်ယုတ်ညံ့တဲ့ကောင် ... မင်းကို ငါကွာ အသေသတ်ပစ်ချင်တာ''

ဖေဖေ့ဒေါသတွေက အရှိန်ရသထက်ရလာကာ ဘိုဂမျက်နှာတစ်ခုလုံး ရစရာမရှိအောင် ရောင်ရမ်းလာပြီး ပါးစပ်မှ သွေးတွေ ထွက်ကျလာကာ ခုတင်ပေါ် မှောက်ကျသွားသည်။

ဘိုဂ သူ့မကြောင့် ပစ္စလက်ခတ်နာကျင်သွားရသည့်အဖြစ်ကို မကြည့်ရက်တော့သဖြင့် ဖေဖေ့ကို ငွေယွန်း တောင်းပန်လိုက်ပါသည်။

''တော်ပါတော့ ဖေဖေရယ် ... ငွေယွန်း တောင်းပန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘိုဂမှာ အပြစ်ရှိခဲ့တာတွေကိုလည်း ခွင့်လွှတ်ပေးပါနော် ... နော် ဖေဖေ"

ဖေဖေ့ကို ဒူးထောက်တောင်းပန်လိုက်ချိန်တွင် ဘိုဂက ဆတ်ခနဲထရပ်ကာ ဖေဖေနှင့်သူမကို ရင်ဆိုင်လိုက်ပြန်သည်။

"ကျွန်တော် သူ့ကိုလက်ထပ်ချင်တယ် ဖေဖေ၊ အဲဒါ ဖေဖေ အမြန်ဆုံး စီစဉ်ပေးပါ"

"အို ... ဟင့်အင်း ဟင့်အင်း ... ဖေဖေ သူနဲ့ငွေယွန်း ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ခဲ့ကြပါဘူး၊ သူ့ကိုလည်း ငွေယွန်း မချစ်နိုင်ဘူး၊ ငွေယွန်း လက်မထပ်နိုင်ဘူး၊ ငွေယွန်းကို သူနဲ့ လက်ထပ်မပေးပါနဲ့ ... နော် ဖေဖေ၊ ငွေယွန်း အနူးအညွတ် တောင်းပန်ပါတယ်"

ငွေယွန်း ခါးခါးသီးသီးငြင်းဆန်ပြီး ဖေဖေ့ကို အနူးအညွတ်တောင်းပန်လိုက်သည်။

ဒါပေမဲ့ ဖေဖေက ငွေယွန်းတောင်းပန်တာကို ဂရုမစိုက်ဘဲ ငွေယွန်းအရှေ့မှာ ခေါင်းငုံ့ရပ်နေသည့် ဘိုဂကို အံကြိတ်ကြည့်လိုက်ပြီး

"မင်းက အသက်အရွယ်နဲ့မမျှအောင်ကို မိန်းမလိုချင်နေတာပေါ့ ... ဟုတ်လား၊ ကျောင်းစာကျက်ဖို့ထက် မင်းက မိန်းမယူဖို့ပိုပြီး စိတ်ဝင်စားနေတာကိုး၊ ငါ နားလည်သွားပြီ ဘိုဂ ... မင်းနဲ့ ငွေသမီး လုံးဝမတန်ဘူးဆိုတာ မင်း မြဲမြဲမှတ်ထား၊ ငါ့သမီးက မင်းထက်





အရည်အချင်းအများကြီးရှိတယ်၊ မင်းလို ဘာမဟုတ်တဲ့ကောင်တစ်ယောက်အတွက်နဲ့ ငါ့သမီးပညာရေး အနှောင့်အယှက်မခံနိုင်ဘူး"

ဖေဖေ့စကားတွေကို ငွေယွန်း ရှက်လွန်းလို့ နားရွက်တွေနီပြီး နားထောင်နေတုန်းမှာပဲ ဖေဖေက ဆက်ပြောလာသည်မှာ ...

"ဒီမှာ ဘိုဂ ... မင်းကို တစ်ခုအခွင့်အရေးပေးမယ်၊ မင်း ငွေယွန်းကို မောင်နှမလိုဆက်ဆံပြီး ကျောင်းစာဆက်ကြိုးစားမယ်ဆိုရင် မင်း ဒီအိမ်မှာ ဆက်နေခွင့်ရှိမယ်၊ ဒါမှမဟုတ် မင်းဆန္ဒမပြည့်ဝလို့ မင်း သည်းမခံနိုင်ဘဲ စာဆက်ပြီးမကြိုးစားတော့ဘူးဆိုရင်တော့ မင်း အိမ်ကနေ ထွက်သွားနိုင်ပြီ၊ မင်းကြိုက်တဲ့လမ်းကိုသာ Choice ပေတော့ ဘိုဂ"

ဖေဖေ့စကားတွေက သူ့တစ်ကိုယ်လုံးက သွေးကြောတွေကို ကျုံ့ကျသွားအောင် စုကျုံ့သွားပြီး ဦးနှောက်တစ်ခုလုံးလည်း ပိန်းခနဲမှောင်ကျသွားတော့သည်။

သူ့ရင်တစ်ခုလုံး ဟာလာဟင်းလင်း ပွင့်ထွက်သွားရပါပြီ။ ဒီအချိန်မှာ သူ နက်နက်ရှိုင်းရှိုင်း နားလည်လိုက်မိသည်က မိန်းမတစ်ယောက်ကို အသည်းအသန်ချစ်ခဲ့မိသည့် ယောကျ်ားတစ်ယောက်ရဲ့ ခံစားမှုတွေဟာ အသည်းကွဲမတတ် ခံစားရတာပါပဲ ဆိုသည့်အသိနှင့် ချစ်ခဲ့မိသည့်အဖြစ်တွေအတွက်လည်း ကိုယ့်ကိုယ်ကိုယ် နောင်တရ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

နောင်တစိတ်ဖြင့် သူ တစ်သက်စာအတွက် အပြင်းထန်ဆုံး နာကျင်စွာခံစားလိုက်ရပြီး သူ ငွေယွန်းကို ရီဝေနင့်သီးစွာ တစ်ချက် စိုက်ကြည့်လိုက်သည်။

အဲဒီနောက် ဖေဖေ့မျက်နှာကို တစ်ချက်ကြည့်ပြီး သူ့ရင်ထဲ က ခံစားချက်တွေ ရင်ပွင့်သွားပါသည်။

"ကျွန်တော့်ဘဝမှာ ဒီတစ်ခါပဲ အရှုံးရှိစေရမယ်၊ ကျွန်တော့် ကို ဒီလောက်အထိ ပြင်းပြင်းထန်ထန်အလိုမရှိတဲ့ ဖေဖေ့အရိပ်ကို နောက် ဘယ်တော့မှ ပြန်မဝင်တော့ဘူး၊ ဒါ ကျွန်တော့်ရင်ထဲက သစ္စာစကားပဲ"

ဖေဖေ့မျက်နှာကြီး မည်းမှောင်သွားတာကို သူဆက်မကြည့် တော့ဘဲ ငွေယွန်းကို ခပ်ထွေထွေတစ်ချက်ကြည့်ကာ ...

"ငွေယွန်း ... ငါ့ဘဝမှာ အရှုံးဆိုတာ ဒီတစ်ခါပဲရှိရမယ်၊ နင် ကောင်းကောင်းကြီး အနိုင်ရပါတယ်၊ ဖေဖေ့ရဲ့စည်းစိမ်ချမ်းသာ တွေအောက်မှာ နင် ပျော်ရွှင်ကျေနပ်စွာ နေနိုင်ပါစေ"

သူ မျက်ရည်မကျအောင် အံကြိတ်ထိန်းချုပ်ပြီး မျက်နှာကို ပင့်မော့ပစ်လိုက်သည်။

မျက်နှာကြီး ပင့်မော့ထားရင်းမှ မျက်ရည်တွေစီးမကျအောင်





နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်သည်။

ဒီအချိန်မှာ သူနားလည်လိုက်သည်မှာ မိန်းမတစ်ယောက်ကို ပြင်းပြင်းထန်ထန်ချစ်ခဲ့မိသည့်အဖြစ်တွေက သူ့ဘဝကို ချောက်ထဲကို တွန်းချသွားခဲ့ပြီ ဖြစ်သည်။

အမိက သူ့ဘဝကိုဖျက်ဆီးခဲ့သူကတော့ ငွေယွန်းပင်။

ငွေယွန်းကို သူမုန်းသည်။

ငွေယွန်းကြောင့် သူ့ဘဝပျက်ခဲ့ရတာ သူ တစ်ဘဝလုံး မှတ် သွားရတော့မည်ဖြစ်သည်။

ဒီခံစားချက်တွေကို ရင်ဝယ်ပိုက်ပြီး သူ ရင်နင့်ကြေကွဲစွာ ငွေယွန်းမျက်နှာကိုတစ်ချက် နင့်နင့်စိုက်ကြည့်ကာ ချာခနဲလှည့်ထွက် လာခဲ့သည်။

"အို ဘိုဂ ... နင် မသွားရဘူး မသွားရဘူး ... နင့်ကို ငါ"

"ငွေယွန်း ... ဖယ်ပေးလိုက်စမ်း၊ ဒီကောင့်ကို လွှတ်ထား လိုက်စမ်းပါ၊ ဒီလောက်အထိ ငါကွာ ... မပြောချင်ဘူး၊ လွှတ်ထား ပေးလိုက်စမ်းပါ၊ ဒီကောင် ဘာဖြစ်သွားမလဲဆိုတာ ငါ စောင့်ကြည့်ချင် လို့"

"အေး ... မင်း အိမ်ကနေ ထွက်သွားပြီဆိုရင်တော့ နောသ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုပြန်လှည့်ကြည့်ဖို့ ဘယ်တော့မှ အခွင့်အရေးမရဘူး၊ မင်းကို ဒီနေ့ကစပြီး သားအဖြစ်က အမွေပြတ်စွန့်လွှတ်လိုက်ပြီ၊ ငါ့စကားကို နားမထောင်တဲ့ မင်းကို ငါရဲ့အမွေပစ္စည်းဆက်ခံပိုင်ခွင့် ဘာတစ်ခုမှ မရှိဘူးဆိုတာ မင်း တစ်ခါတည်းမှတ်ထားပေတော့ ဘိုဂ''

မျက်ရည်များ ပြည့်အိုင်နေသည့် မျက်ဝန်းအစုံဖြင့် ဖေဖေ့ကို ချာခနဲ လှည့်ကြည့်လာသည့် သူ့အနောက်ကို ငွေယွန်း အပြေးလိုက်သွားပြီး သူ့ကိုတောင်းပန်လိုက်သည်။

''ဘိုဂ ... ငါ တောင်းပန်ပါတယ်၊ နင်အိမ်ကနေ ထွက်မသွားပါနဲ့''

''ငွေယွန်း သွား ... နင့်အခန်း နင်သွားနေ၊ ဘာမှထပ်ပြောမနေနဲ့''

ဖေဖေက ငွေယွန်းလက်တစ်ဖက်ကို ဖမ်းဆွဲပြီးတားလိုက်သည်တွင် ငွေယွန်းလည်း ဘာစကားမှ မပြောနိုင်တော့ဘဲ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းထွက်သွားသည့် ဘိုဂနောက်ကျောကို ငေးကြည့်ရင်း မျက်ရည်များစီးကျလာခဲ့သည်။

မျက်ရည်တွေစီးကျလာရင်းမှ သူမ နားလည်လိုက်သည်မှာ မထင်မှတ်ဘဲ ဖြစ်ပျက်ခဲ့သည့် ပြဿနာက ဘိုဂဘဝကို နှစ်သတ်လိုက်သလိုဖြစ်သွားခဲ့တာဟာ ပြင်ဆင်လို့မရအောင် မှားသွားခဲ့ပြီဖြစ်သည်။





နောက်ပြီး ဘိုဂ သူမကို တစ်ဘဝစာလုံး နာကြည်းမုန်းတီးသွားတော့မည်။

ဘိုဂ သူမကို မုန်းတီးခါးသီးစိတ်ဖြင့် ပြန်လှည့်ကြည့်တော့မှာမဟုတ်ဘူးဆိုသည့် ခံစားချက်အသိက ငွေယွန်းကို ဖြေမဆည်နိုင်အောင် ဝမ်းနည်းသွားကာ ငွေယွန်း ဟန်မဆောင်နိုင်တော့ဘဲ ဖေဖေ့ရှေ့မှာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

ငွေယွန်း ရင်ကွဲပက်လက် ငိုရှိုက်လိုက်တာကို ဖေဖေတစ်ချက်ကြည့်ပြီး ခေါင်းတစ်ချက်ခါကာ ...

''ငွေယွန်း ... နင် ဒီကောင့်အတွက် ခံစားနေတာလား ... ပြော''

''... ... ...''

ငွေယွန်း ဖေဖေ့ကို ဘာမှမပြောဘဲ မျက်ရည်တွေနှင့် အသနားခံလိုက်သည်။

''ဖေဖေ''

''တိတ်စမ်း ... နင့်ပါးစပ် ပိတ်ထား၊ နင် မပြတ်ရင် နင် အဲဒီကောင်နောက် လိုက်သွား လိုက်သွား''

ဖေဖေ ပြင်းပြင်းထန်ထန်ပေါက်ကွဲပြီး ချာခနဲ ကျောခိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ ငွေယွန်းသည် အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။


ငွေယွန်း အရုပ်ကြိုးပြတ်လဲကျပြီး ဘိုဂအတွက် စိတ်မကောင်းကြီးစွာ ခံစားလိုက်ရတာကို ဘိုဂ ဘာမှခံစားရမည်မဟုတ်တော့ဘဲ ငွေယွန်းကို စိတ်နာသွားတာကို ငွေယွန်း ရင်နာစွာ ခံစားချက်ပြင်းသွားပါတော့သည်။

ခံစားချက်နှင့်သည့်ရင်ထဲက ခံစားမှုတွေနှင့်အတူ ငွေယွန်းနားလည်လိုက်သည်မှာ . . . သူ ဘယ်တော့မှ ဒီအိမ်ကို ပြန်မလာတော့ဘူးဆိုတာကို ငွေယွန်းနှလုံးသားက မြှုပ်နှံသိလိုက်ရတော့သည်။

အဲဒီခံစားချက်တွေက . . .

ငွေယွန်းဘဝကို အသက်ရှင်လျက် သေဆုံးသွားခဲ့ရပြီဆိုတာကို ငွေယွန်းကလွဲပြီး ဘယ်သူမှ ခံစားနားလည်မည် မထင်။





## အခန်း (၃)

"အို . . . ဘိုဂ"

ငွေယွန်းအရှေ့မှာ ရှုတည်တည်ကြီးရပ်လာသည့် ဘိုဂကို ငွေယွန်းက အငမ်းမရခေါ်လိုက်ပြီး ဘိုဂလက်ကလေးကို ဖမ်းဆွဲပြီး

"ဘိုဂ . . . ငါ ငါ နင့်ကို ခွင့်လွှတ်ပါတယ်ဟာ"

လို့ တောင်းပန်လိုက်သည့် ငွေယွန်းကို ဘိုဂက ဘာစကားမှ မပြောဘဲ ချာခနဲကျောခိုင်းလှည့်ထွက်သွားလေသည်။

"ဟင် ဘိုဂ . . . နင် ဘယ်လဲ . . . နင် ဘယ်လဲ"

ဘိုဂ လှည့်ထွက်သွားတာကို ငွေယွန်းက အနောက်ကနေ အပြေးလိုက်ပြီးလှမ်းအော်လိုက်ချိန်မှာ ဘိုဂက အနောက်ကိုဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ကာ ငွေယွန်းမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

"နင့်ကြောင့် ငါ့ကို ဖေဖေနှင်ချတာ၊ နင့်ကိုငါ ဘယ်တော့မှ မကျေဘူး၊ နင်လည်း ငါ့ကို ဒီတစ်သက် ဘယ်တော့မှ ခေါ်စရာမလိုဘူး"

ဘိုဂက ပြောပြီး ချာခနဲလှည့်ထွက်ကာ ကားလမ်းမကိုဖြတ်အပြေး အရှေ့ဘက်ဆီက အပြင်းမောင်းနှင်လာသည့် ကုန်တင်ကားကြီးက ဘိုဂဆီကို ဦးတည်ရောက်ရှိသွားချိန်မှာ ငွေယွန်းမျက်လုံးတွေ မှိုးပွင့်သွားပြီး အာခေါင်ခြစ်ကာ ...

"အား"

ခနဲ အော်လိုက်သည့်အသံနှင့်အတူ ...

"ဘိုဂ ကားတိုက်ခံရပြီ ကားတိုက်ခံရပြီ ... ကယ်ပါဦး ဖေဖေ ဖေဖေရေ"

ဆိုသည့်အသံက အခန်းတစ်ခုလုံး ဖုံးလွှမ်းသွားပြီး ငွေယွန်း အိပ်နေရာမှ ဂူးဂူးဝါးဝါးထအော်လိုက်တာကို ငွေယွန်း သတိရသွားသည့်အချိန်မှာတော့ ...

'ဒေါက် ဒေါက်'

"သမီး ငွေယွန်း ... တံခါးဖွင့်စမ်း၊ ဘာတွေ ယောင်ပြီး အော်နေတာလဲ ... ဟင်"





တံခါးအပြင်ကနေ ဖေဖေ့အသံကိုကြားတော့မှ ငွေယွန်းက ရုတ်တရက်ကြီး ကြောင်နေရာမှ ဖေဖေ့ကို ဘာပြန်ပြောရမှန်းမသိဘဲ ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်သွားတော့သည်။

ရင်ခုန်သံတွေ မြည်ဟည်းသွားတာကို တစ်ခဏ အံကြိတ်မျိုသိပ်ပြီးမှ စီးကျလာသည့်မျက်ရည်တွေကို ပွတ်သုတ်ကာ အသက်ပြင်းပြင်းရှိုက်ရှူပြီး ဖေဖေ့အသံကို နားစွင့်ထားလိုက်သည်။

အဲဒီအချိန်မှာပဲ ဖေဖေက တံခါးကို တဒုန်းဒုန်းခေါက်ကာ

"ငွေယွန်း သမီး ... တံခါးဖွင့်ဦးလေ"

ဆိုလာတော့မှ ငွေယွန်းက ဝမ်းနည်းကြေကွဲစွာဖြင့် စီးကျလာသည့်မျက်ရည်တွေကို လက်ဖြင့်ခပ်ကြမ်းကြမ်းဖိသုတ်ပြီး ဖေဖေ့ကို ခပ်သွက်သွက်ပင် အိပ်ခန်းတံခါးဖွင့်ပေးလိုက်တော့သည်။

တံခါးဖွင့်ဖွင့်ချင်း မြင်တွေ့လိုက်ရသည့် ဖေဖေ့မျက်နှာက စိုးရိမ်ပူပန်မှုတွေနှင့် လုံးထွေးပျော်ဝင်နေတာကို မြင်မြင်ချင်း ငွေယွန်း ဟန်မဆောင်နိုင်တော့ဘဲ ဖေဖေ့ကိုယ်လုံးကြီးကို ပြေးဖက်ကာ ဟီးခနဲ ငိုချလိုက်ပါတော့သည်။

"သမီး ဘာဖြစ်လဲ ... ဖေဖေ့ကိုပြောစမ်း"

ဖေဖေ စိုးရိမ်တကြီး ငွေယွန်းပခုံးကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ယမ်းလိုက်သည်တွင် ငွေယွန်းမျက်လုံးတွေ ပြာဝေသွားပြီး ကော်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့်အိပ်မက်ကြီးကို ရှိုက်ငင်ကာ ပြောလိုက်ပါတော့သည်။

"ဖေဖေ . . . ဘိုဂ ဘိုဂ ကားတိုက်ခံရလို့"

"ဟင် . . . ဘယ်မှာလဲ . . . သမီးဆီကို ဖုန်းဆက်တာလား"

ဖေဖေ တုန်လှုပ်ချောက်ချားစွာ ထအော်တော့မှ ငွေယွန်း သတိရသွားကာ ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး . . .

"ဟင့်အင်း . . . မဟုတ်ဘူး၊ ငွေယွန်း သူ့ကိုအိပ်မက်မက်တာ၊ အိပ်မက်ထဲမှာ သူ့ကို ကုန်ကားကြီးတစ်စီးက"

"ဪ . . . မဟုတ်တာ သမီးရယ်၊ သမီး သားအပေါ် အစိုးရိမ်လွန်လို့ မက်တာပါ"

ဖေဖေက ငွေယွန်းစကားကို ဆက်ခွင့်မပေးဘဲ လက်ကာပြီး ဝင်ပြောလိုက်သည်တွင် ငွေယွန်းက ဝမ်းနည်းမျက်ရည်များဖြင့် ဖေဖေ့ကိုမော့ကြည့်ပြီး . . .

"ဖေဖေ . . . ငွေယွန်းစိတ်ထဲမှာ ဘိုဂများ တစ်ခုခုဖြစ်နေသလားလို့"

"ဟား . . . ဒီကောင့်အကြောင်းကို ထည့်မပြောတော့နဲ့ ငွေယွန်း၊ အတောင်အလက်မစုံခင်ကတည်းက ပျံချင်နေတဲ့ကောင်ကို ငါ မလွမ်းဘူး"

"မဟုတ်ဘူး ဖေဖေ . . . အိပ်မက်ထဲမှာ ကုန်ကားကြီးတစ်စီး





က သူ့ကိုတိုက်ချသွားတာ"

"ဟား"

ငွေယွန်းစကားကို ဖေဖေက ကြေကွဲစွာမျက်နှာကြီးကို လက်ဖါးနှင့်အုပ်ပြီး လေပူကြီး ဟားထုတ်လိုက်သည်တွင် ငွေယွန်း ဖေဖေ့ကို အရမ်းသနားသွားရလေသည်။

ဪ . . . ဖခင်တစ်ယောက်ရဲ့ခံစားချက်ကို မသိဘဲ ဖွတ်ထွက်သွားသည့် ဘိုဂကို ငွေယွန်း အပြစ်တင်ရမလား။

ဒါမှမဟုတ်

ဖေဖေ့ကိုပဲ အပြစ်တင်ရမလား။

အို . . . ဘယ်သူ့မှ အပြစ်မတင်ဘဲ

ကံကြမ္မာကိုပဲ အပြစ်တင်ရတာပဲ မှန်ကန်ပါလိမ့်မည်ထင်ပါသည်။

ကံကြမ္မာကြောင့် ငွေယွန်းတို့မိသားစုတွေ အပြိုပြိုအကွဲကွဲဖြစ်ခဲ့ရတဲ့ဘဝကြီးကို ငွေယွန်းစိတ်နာစွာဖြင့် ဖေဖေ့ရှေ့မှာ မရှုက်နိုင်တော့ဘဲ ရင်ထဲက ခံစားချက်တွေ ရင်ပွင့်သွားပါတော့သည်။

"ဖေဖေ . . . ဘိုဂလေ အိပ်မက်ထဲမှာ ငွေယွန်းကို စိတ်နာနေတာ၊ အိပ်မက်ထဲမှာ နင့်ကြောင့် ငါ့ကို ဖေဖေနှင်ချတာ၊ နင့်ကိုငါ ဘယ်တော့မှ မကျေဘူး၊ နင်လည်း ငါ့ကို ဒီတစ်သက် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်စရာမလိုဘူးတဲ့''

ငွေယွန်းက ဝမ်းနည်းတကြီး ငိုရှိုက်ပြောလိုက်သည့်တွင် ဖေဖေက စိတ်မကောင်းစွာ မျက်နှာတစ်ချက်မဲ့သွားပြီးမှ ခေါင်းတစ်ချက်ခါယမ်းကာ ဟားတိုက်ရယ်ချလိုက်လေသည်။

''ဟား ဟား ... ငါ့သမီးကတော့ကွာ သားကို ပြတ်လည်းပြတ်တာမဟုတ်ဘူး၊ အခုတော့ ခံစားနေရပြီမဟုတ်လား ... ဟပ်ကဲ ... ဘိုဂပြန်လာရင် ဘိုဂ တောင်းဆိုတာကို သမီးလိုက်လျောနိုင်သလား''

''ဖေဖေကလည်း''

''ဖေဖေကလည်း လုပ်မနေနဲ့ သမီးလက်ခံရင် ဖေဖေ သားပြန်လာရင် စီစဉ်မှာနော်''

''ဟာ ... ဖေဖေနော်''

''ဟား ဟား ... ဟုတ်ပြီ ဟုတ်ပြီ ... အိုခေ၊ ဒီတစ်လအတွင်း သား ပြန်လာရအောင် ဖေဖေစီစဉ်ပေးမယ်၊ ဒါ ဖေဖေ့တာဝန်ထား၊ သမီးသာ စာမေးပွဲကို အောင်ဒီနော်၊ ဖေဖေ့မျှော်လင့်ချက်ကို သမီး အစွမ်းကုန်ဖြည့်ပေးမယ်လို့ ဖေဖေမျှော်လင့်တယ်၊ ဖေဖေမျှော်လင့်ချက်ကို ဖြည့်သလို သားမျှော်လင့်ချက်ကိုလည်း ဖြည့်ပေးရမယ်နော် သမီး''





''... ... ...''

ငွေယွန်း ဖေဖေ့စကားကို ဘာမှမပြောမိတော့ဘဲ ရှက်ရှက်နှင့် ခေါင်းကြီးငုံ့ချလိုက်ကာ ရင်တွေလည်း တဒိန်းဒိန်းဆောင့်ခုန်သွားသည်။

ဒီအချိန်မှာ ရင်ဘတ်ထဲက ရင်ခုန်သံတွေက ကိုယ့်ရင်ခုန်သံကိုယ် ပြန်ကြားနေခဲ့တာမို့ ငွေယွန်း ရှက်ရှက်နှင့် ဖေဖေ့ကို လုံးဝမကြည့်တော့ဘဲ အခန်းတံခါးဝမှာ မတ်တတ်ရပ်နေသည့် ဖေဖေ့ကိုတောင် နှုတ်မဆက်တော့ဘဲ အိပ်ရာဆီသို့ ခပ်သွက်သွက်ပြန်လျှောက်လာခဲ့လိုက်သည်။

ငွေယွန်း ရှက်ရှက်နှင့် အိပ်ရာကို ပြန်လျှောက်လာသည့်အချိန်မှာပဲ ဖေဖေ့ကတော့ ခေါင်းတညိတ်ညိတ်နှင့် ငွေယွန်းအိပ်ခန်းတံခါးကို ပိတ်ပြီး ခပ်ဖြည်းဖြည်းပြန်ထွက်သွားတော့သည်။

အင်း ... ဖေဖေ့စိတ်ထဲမှာတော့ ငွေယွန်းကို ဘယ်လိုထင်ကြေးပေးသွားပြီ မသိ။ ငွေယွန်းကတော့ ရှက်လွန်းလို့ မျက်နှာတစ်ခုလုံး နွေးထုံသွားလို့ မျက်နှာလေးကို ခေါင်းအုံးကြီးမှာ ဖွဲ့အပ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီတစ်လအတွင်း သား ပြန်လာရအောင် ဖေဖေ စီစဉ်ပေးမယ် . . . ဒါ ဖေဖေ့တာဝန်ထား။ သမီးသာ စာမေးပွဲကို အောင်ဒီနော်၊ ဖေဖေ့မျှော်လင့်ချက်ကို သမီး အစွမ်းကုန်ဖြည့်ပေးမယ်လို့ ဖေဖေ မျှော်လင့်တယ်၊ ဖေဖေမျှော်လင့်ချက်ကို ဖြည့်သလို သား မျှော်လင့်ချက်ကိုလည်း ဖြည့်ပေးရမယ်နော် သမီး”

ဆိုပြီးဆိုခဲ့သည့် ဖေဖေ့စကားတွေက ငွေယွန်း ဆယ်တန်းကို အောင်ဒီပါခဲ့ပြီးလို့ ဆေးတက္ကသိုလ်တက်သည့်အချိန်အထိ အရာမထင် အရာမရောက်ခဲ့ချေ။

တစ်နေ့ ဘိုဂ ပြန်လာနိုးနိုး မျှော်ခဲ့ရသည့် ဖေဖေ့ရဲ့မျှော်လင့်ချက်တွေလည်း တဖြည်းဖြည်း ကုန်ဆုံးသွားသည့်တွင် ဖေဖေ့ရဲ့မျှော်လင့်ချက်မျက်လုံးတွေ အရောင်မှိန်သွားပြီး စကားနည်းသွားခဲ့တာ ငွေယွန်း ဘယ်လိုမှ စိတ်ထဲမကောင်းနိုင်တော့။

ငွေယွန်း ရင်ဘတ်ထဲမှာလည်း ဘယ်သောအခါမှ နွေးထွေးနိုင်မှာ မဟုတ်တော့ချေ။

အခုအချိန်အထိ . . .

သူ့ကို တစ်နေ့မှ မေ့မရသည့် အလွမ်းတွေနှင့် မျက်ရည်က





ကာ တမ်းတခဲ့မိသည်။

“ဘိုဂရယ် . . . ငါ မှားသွားပြီ၊ ငါ မှားခဲ့ပြီ၊ ငါ့ကြောင့် နင့်ဘဝကြီး ဘယ်ဘဝရောက်ခဲ့ရပြီလဲ၊ နင် ငါ့လို ကောင်းကောင်းမွန်မွန် ပြည့်ပြည့်စုံစုံ နေခဲ့ရရဲ့လားဟင် . . . ဟင် ဘိုဂ . . . ငါ နင့်ကို တောင်းပန်ပါတယ် ဘိုဂရယ်”

ငွေယွန်း ရူးရပါပြီ။

ရူးနေသည့် ရင်ထဲကခံစားချက်တွေနှင့် သူသွားတတ်သည့် သူ့သူငယ်ချင်းတွေအိမ်ကို မျှော်လင့်ချက်ရောင်ခြည်ဖြင့် တစ်လတစ်ခါတိုင်းလိုလို ဖုန်းဆက်ပြီး ဘိုဂများ ရောက်လာမလားလို့ မေးခဲ့ရသည့် စကားတွေကလည်း ငွေယွန်းရင်ကို ပြင်းပြင်းထိခိုက်ခံစားခဲ့ရတာချည်း သူတို့ဆီက အဖြေရခဲ့သည်။

“ဘိုဂ ကျွန်တော်တို့ဆီ တစ်ခါမှရောက်မလာခဲ့သလို တစ်ခါမှလည်း ဖုန်းအဆက်အသွယ် မလုပ်ခဲ့ပါဘူး”

တဲ့လေ။

ဪ ဘိုဂရယ် . . . နင် ငါတို့ကို နာလွန်းလို့ ငါတို့ရှိတဲ့အိမ်ကို အရောက်ပြန်မလာခဲ့ရင် နေပါ။

ဖုန်းကလေးနဲ့တော့ ဆက်သွယ်သင့်ပါတယ်။

ဖုန်းကလေးတစ်ချက်ဆက်ရင်း ငါနဲ့ ဖေဖေရဲ့ခံစားချက်တွေ



www.burmeseclassic.com

www.burmeseclassic.com

လွမ်းနေရတဲ့ခံစားမှုတွေ အနည်းငယ် အလွမ်းပြေသွားလိမ့်မယ်လို့ နှင် မခံစားရဘူးလားဟင်။

နှင်ကတော့ . . .

ငါတို့ကို နာကြည်းချက်နဲ့ မေ့နိုင်ထားခဲ့ပေမယ့် ငါနဲ့ ဖေဖေကတော့ နှင့်အတွက်နဲ့ အရူးအမူး ခံစားနေရတယ်။

ဖေဖေကဆို ဘိုဂအတွက်နဲ့ စိတ်တော်တော်ထိခိုက်သွားပြီး အရင်က ခပ်တောက်တောက်မျက်လုံးတွေဟာ ခပ်ထိုင်းထိုင်းမျက်လုံးတွေဖြစ်သွားကာ စကားကိုလည်း ဘာစကားမှမပြောတော့ဘဲ ထုံထိုင်းသွားသည့် ဖေဖေ့အမူအရာတွေက ငွေယွန်းနှလုံးသားကို ရိုက်သတ်လိုက်သလို ခံစားလိုက်ရပါတော့သည်။





ဘဝဆိုတာ . . .

ဖြစ်ချင်တိုင်း မဖြစ်ခဲ့ရဘူးဆိုတာကို

ငွေယွန်းတို့သားအဖနှစ်ယောက်

တဖြည်းဖြည်း

ခံစား နားလည် သိရှိသွားခဲ့ရပါပြီ။

အဲဒီ . . .


နားလည်သွားတဲ့ ခံစားချက်

ရင်က နင့်နေအောင်

ခံစားရတယ်ဆိုရင် . . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဟင်"

ညှော်ခန်းထဲသို့ တက်ကြွသည့်ခြေလှမ်းတွေနှင့် လှမ်းဝင်လာသည့် ဦးမင်းခန့်ကိုကြည့်ပြီး ငွေယွန်း သေချင်လောက်အောင် စိတ်ပျက်သွားရသည်။

ငွေယွန်း သူ့ကိုတွေ့လိုက်ရလို့ စိတ်ပျက်သွားတာကို သူက သိဘဲ ငွေယွန်းကို အကြင်နာမျက်ဝန်းနွေးနွေးတွေဖြင့် စိုက်ကြည့် ပြကာ ငွေယွန်းထိုင်သည့် ဆိုဖာခုံကြီးမှာ ငွေယွန်းအသားနဲ့ ထိပူး နိုင်ပြီး ငွေယွန်း ခေါင်းကလေးကိုတစ်ချက်ပုတ်ကာ ...

"ကောင်မလေး ဆေးစာတွေလိုက်နိုင်ရဲ့လား ... မလိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုကြီးကိုမေးနော်''

အမယ်လေး ...

သူ့ကိုယ်သူများ နုချင်ပျိုချင်ပြီး ကိုကြီးတဲ့။

ဟွန်း ... အသက်ကဖြင့် တစ်ဝက်ကျိုးလို့ လေးဆယ်ဝန်း

ကျင် ဖြစ်နေပြီလားမသိ။

သူကတော့ ...

နုချင်ပျိုချင်စွာဖြင့် သူ့ကိုယ်သူ ငွေယွန်းကို ကိုကြီးလို့ပြော

တော့ သူက လိပ်ပြာလုံခဲ့ပေမယ့် ငွေယွန်းကတော့ တစ်စက်မှ လိပ်ပြာ

မလုံသလို သူ ငွေယွန်းဘေးမှာ အနီးကပ်ကြီးရှိနေခဲ့တာကြီးကို ရှက်

လည်းရှက်မိသွားရသည်။

ရှက်လွန်းလို့ ခေါင်းကလေးငုံ့ပြီး သူ့ရဲ့ ငုံ့ကြည့်နေတဲ့ မျက်

နှာကြီးနှင့် ခပ်လွဲလွဲဖြစ်အောင် မျက်နှာလေးကို လည်ပင်းလိမ်ပြီးလှည့်

ထားလိုက်သည်။

အဲဒီလို ငွေယွန်း လည်ပင်းလိမ်ထားတာကို သူက အလိုက်

ကန်းဆိုး မသိတာပဲလား၊

ဒါမှမဟုတ် ...

တမင်လုပ်တာပဲလား မသိ။

ငွေယွန်း လည်ပင်းလေးကို တစ်ချက်ပုတ်ပြီး ...





''ဘာဖြစ်လို့ လည်ပင်းက လိမ်ထားတာလဲ ညီမ''

''ဟင် ... ဘာမှမဖြစ်ပါဘူး၊ ဦးမင်းခန့်ကြီး ဟိုဘက်နည်း

နည်း တိုးပါလား''

''ဟင် ... ဘာဖြစ်လို့လဲ''

''ငွေယွန်း စိတ်ကျဉ်းလို့''

''အဟား ... တကယ်ကွာ၊ ရိုးတာပဲ အရိုးခံမယ်လေး ...

ဟွန်း ဟွန်း''

''ဖေဖေလည်း မရှိဘူး''

''ကိုကြီးကို နှင်ထုတ်တာပေါ့''

သူ့စကားကိုမကြားချင်ယောင်ဆောင်ပြီး သူ့အနားမှာ ထိုင်

နေရာမှ မတ်တတ်ထအရပ် ...

သူက ဘာမပြော ညာမပြောနှင့် ငွေယွန်းလက်ကလေးကို

ဖိတ်ဆွဲလိုက်လေသည်။

''ဟင် ... ငွေယွန်းလက်ကို လွှတ်ပါ ဦးမင်းခန့်''

''ဟာ ... ရိုင်းတယ်ကွာ၊ ဦးမင်းခန့်တဲ့၊ မရဘူး ... ကိုကြီး

လို့ခေါ်၊ ကိုကြီးလို့ခေါ်မှ ညီမကို လွှတ်ပေးမယ်''

''ဟင့်အင်း ... ဦးမင်းခန့်နော် အိမ်ကိုလာပြီး''

''ဟား ဟား ... ဘာလဲ ... အိမ်ကိုလာပြီး''



www.burmeseclassic.com

www.burmeseclassic.com

ငွေယွန်းစကားကို နည်းနည်းမှစိတ်မဆိုးသည့်အပြင် ငွေ

ယွန်းအပြောတွေကို သဘောကျပြီး ငွေယွန်းပါးလေးကိုလိမ်ဆွဲလိုက်

တာကို ငွေယွန်းက ဘာမှမပြောမိပေမယ့် ရင်ထဲမှာ တော်တော်

ထိတ်လန့်သွားပါသည်။

အမယ်လေး . . .

ဒီလူကြီးဟာ သိပ်ရဲတင်းပါလားဆိုသည့် ရင်ထဲက ကြော

စိတ်တွေဖြင့် သူ့မျက်နှာကြီးကို ရဲရဲမကြည့်ဘဲ ခေါင်းကလေးငုံ့

ဆေးစာအုပ်ကလေးကိုပဲ အာရုံစိုက်လိုက်သည်။

အဲဒီအချိန်မှာပဲ ငွေယွန်းစားပွဲပေါ်က Hand Phone လေး

က တတူတူမြည်လာခဲ့လေသည်။

"ဖုန်းမြည်နေတယ် . . . ကိုင်လိုက်ဦး ညီမ"

ဖုန်းကိုင်မလို့ လက်ပြင်လိုက်တာကို မြင်နေရဲ့နဲ့ တမင်သ

လုပ်တာကို အမြင်ကတ်ပေမယ့် ဒီလူကြီးဟာ ဖေဖေ့အသည်း

ဘိုဂ အလွန်မှန်းသည့် လူတစ်ယောက်ဆိုတာကို သိထားခဲ့ရလို့

ကောင်းတတ်၍ သူ့ကို မျက်ဝန်းတစ်ချက်လှန်ကြည့်ပြီး သူ့စကားကို

လက်ခံအတည်ပြုပြီး ဖုန်းဖွင့်နားထောင်လိုက်ရသည်။

ငွေယွန်း ဖုန်းဖွင့်နားထောင်လိုက်ချိန်မှာတော့ ဖေဖေ့ဖုန်း

ဖြစ်နေ၍ ငွေယွန်းက ဖေဖေ့စကားကို မစောင့်တော့ဘဲ ဦးမင်းခန့်အ





ရောက်နေတဲ့အကြောင်းကို လှမ်းပြောလိုက်သည်။

"ဖေဖေ . . . ဒီမှာ ဦးမင်းခန့်ရောက်နေတယ်"

"ဟေ . . . အေး . . . ဖေဖေ သူ့ကို Dinner စားဖို့ ဖိတ်ထား

တာ"

"ဟင် . . . ဘယ်မှာလဲ . . . Hotel မှာလား"

"မဟုတ်ဘူး . . . အိမ်မှာ"

"ဪ"

အခုတစ်လော ဖေဖေ ဦးမင်းခန့်ကို မျက်နှာအချိုဆုံး၊ စကား

အချိုဆုံးဖြစ်နေတာကို ငွေယွန်းသတိထားမိပေမယ့် ဖေဖေ့ကို ဘာ

စကားမှတော့ မမေးဖြစ်ခဲ့။

မမေးဖြစ်ခဲ့ပေမယ့် စိတ်ထဲမှာတော့ ဦးမင်းခန့်ဟာ ဆရာဝန်

အလုပ်ကို မလုပ်တော့ဘဲ ကုမ္ပဏီစီးပွားရေးကို ဦးဆောင်ချုပ်ကိုင်

နေသည့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေတာကို သိထားပြီး ဖေဖေနဲ့

ပူးပေါင်းနေတာကို သိထားတာပဲရှိသည်။

သူနှင့် ဖေဖေ ဘာတွေအကျိုးတူစီးပွားလုပ်တယ်ဆိုတာ

တော့ မသိ။

ဖေဖေကလည်း ဖေဖေ့ကုမ္ပဏီနဲ့ ရှိနေတာ။ တစ်ယောက်နဲ့

တစ်ယောက် ဘာအကျိုးတူစီးပွားကြောင့် ဘိုဂ ထွက်သွားပြီး ငါးနှ



www.burmeseclassic.com

www.burmeseclassic.com

ခြောက်နှစ်တာကာလအတွင်းမှာ အိမ်ကိုမထွက်တမ်း ရင်းနှီးခဲ့တယ်ဆိုတာကို သိခွင့်မရခဲ့ပေမယ့် ဖေဖေတစ်ယောက် ငွေယွန်းကို ဒီလူကြီးနဲ့ သဘောတူနေပြီဆိုတာကို ငွေယွန်းနှလုံးသားက ထိတ်လန့်တုန်လှုပ်စွာ သိလိုက်ရလေပြီ။

ဒီလူကြီးကို ငွေယွန်းနဲ့ သဘောတူတာ ဘယ်လောက်အထိလဲဆိုရင် ဒီလူကြီးကို အိမ်ကို တံခါးမရှိ၊ ဓားမရှိ ဝင်စေထွက်စေဖြစ်ခဲ့တာ လေးနှစ်ကျော်ခဲ့ပြီ ဖြစ်သည်။

အခုလည်းပဲ ဖေဖေမရှိသေးဘဲနှင့် သူက အရင်ရောက်နှင့်နေပြီး ငွေယွန်းကို လူကြီးဖြစ်ပြီး လက်ရဲဇက်ရဲ စကားပြောနေတာ ငွေယွန်း သိပ်မုန်းသည်။

ဒါပေမဲ့ . . .

ဖေဖေကတော့ ဘိုဂကိုမေ့ထားပြီး သူ့ကို သမက်တော်ချင်နေသည်လား မသိ။

အရာရာ ဦးမင်းခန့်သဘော Free ဖြစ်စေခဲ့သည်။

အဲဒီလိုပုံစံ အဲဒီမူဝါဒကို ငွေယွန်းကမကြိုက်ပေမယ့် ဖေဖေကတော့ အလွန်ကြိုက်သည့်ပုံစံကြီးဖြင့် ဦးမင်းခန့်အိမ်ကိုရောက်နေတာကိုပဲ ဝမ်းသာအယ်လဲဖြစ်ကာ ငွေယွန်းကို ရင်းရင်းနှီးနှီးညှော်ခံဖို့မှာကြားနေခဲ့လေသည်။





"ငွေယွန်း သမီး . . . မင်းခန့်ကို သမီး ကောင်းကောင်းမွန်မွန် ညှော်ခံထားနော်၊ ဖေဖေ ဒီမှာ အလုပ်ကိစ္စလေးတွေမပြတ်သေးလို့ နောက်တစ်နာရီလောက်မှ လာနိုင်မယ်လို့၊ Dinner အတွက်လည်း အိမ်မှာ သမီးကိုယ်တိုင် အသေအချာပြင်ဆင်ထားနော်"

"ဟုတ်ကဲ့ . . . ဒါပဲလား ဖေဖေ"

"အေး အေး"

ဖေဖေ့ကို အမြင်ကတ်စိတ်ဖြင့် ဖုန်းကို ဖျတ်ခနဲပိတ်ပြီး ဘိုဂကိုလည်း လွမ်းသွားရသည်။

ဘိုဂ တစ်ချိန်က သဝန်တိုခဲ့သည့် ဆေးခန်းကဆရာဝန်တစ်ယောက်ဟာ အခုချိန်မှာ ဖေဖေနှင့် အရင်းနှီးဆုံး ဝင်ထွက်သွားလာပြီး ငွေယွန်းကို တိတိကျကျ ချစ်ရေးဆိုတော့မယ်ဆိုတာကို ငွေယွန်းနှလုံးသားက လက်မခံနိုင်အောင် နာကျင်သွားရတော့သည်။

ဘိုဂကိုလည်း ပိုလွမ်းသွားရသည်။

"ဟော့ ကောင်မလေး . . . ဘာတွေငိုင်ပြီး စဉ်းစားနေတာလဲ"

"ဟင်"

အမှတ်မထင် ငွေယွန်းပခုံးကို သိုင်းဖက်လိုက်သည့် သူ့လက်ကြီးကို ငွေယွန်း ဆတ်ခနဲပုတ်ထုတ်လိုက်ပေမယ့် သူက လွှတ်မပေးဘဲ



www.burmeseclassic.com

www.burmeseclassic.com

ငွေယွန်းကို ချစ်စနိုးနှင့် ပြုံးစိစိစိုက်ကြည့်နေလေသည်။

"ဟာ ... ဘာပြုံးတာလဲ"

"ဟွန်း ... ကလေးလေးက ကဲကဲဆတ်နေတာကို အသည်း ယားလို့"

"ရှင် ... ဦးမင်းခန့် ဘာပြောတယ်"

"ချစ်လို့"

"ရှင်"

ငွေယွန်း ဦးမင်းခန့်ကို ဘာပြန်ပြောရမှန်းမသိ ကြောင်အသွား ချိန်မှာ ဦးမင်းခန့်က ငွေယွန်းကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်း ကာ ငွေယွန်းမျက်နှာကို ဆွဲမော့ကာ သူ့မျက်နှာကြီးနှင့် အတင်းဖိကပ် ဖွဲ့ကြိုးစားနေခဲ့ပါပြီ။ (တစ်နည်းအားဖြင့် ငွေယွန်းကို နမ်းပြီဖြစ်သည်)

"အို ... ဒါ ဒါဘာလုပ်တာလဲ ဦးမင်းခန့်"

"ကလေးကို ချစ်လို့"

"ရှင် ... ရှင် မယုတ်မာနဲ့နော်၊ ကျွန်မ အိမ်သားတွေသိ အောင် အော်ပစ်လိုက်မှာနော်"

"ဘယ်လိုအော်မှာလဲ ... ကျွန်မကို ဦးမင်းခန့် ချစ်ရေးဆို လို့လို့ အော်မှာလား ... ဒါမှမဟုတ် နမ်းနေတယ်လို့ အော်တိုင်မှာ လား"





ငွေယွန်း သူ့ရင်ခွင်မှ ရုန်းထွက်လို့မရတော့ မျက်ရည်တွေ အလိုလိုစီးကျသွားသည်။

ငွေယွန်းငိုတော့ သူက အထူးသဘောကျသွားပြီး ငွေယွန်း ခါးလေးကို လက်ညှိုးထိုးကာ ကလိထိုးသလိုစလိုက်ပြီး တစ်ချက်ရယ် လိုက်သည်။

"အဟတ်"

"မရယ်နဲ့နော်"

"အဟား ... စွာတယ်ကွာ၊ ညီမ ... ကိုကြီး မင်းကိုချစ်နေ တာ ကြာပြီကွ၊ အခုမှ တရားဝင် ကိုယ့်ရင်ထဲက မျိုသိပ်ခဲ့ရတဲ့ စကားတွေကို ရင်ဖွင့်ရလို့ ကိုယ်အရမ်းစိတ်လှုပ်ရှားတယ်၊ ရင်ခုန်တယ်၊ ကျေလည်းကျေနပ်တယ် ... သိလား"

"ခင်ဗျားကျေနပ်ပေမယ့် ကျွန်မ မကျေနပ်ဘူး"

"မကျေနပ်တော့ ဘာလုပ်ချင်သလဲ"

"ကိုက်ဆွဲမယ်"

ပြောပြောဆိုဆို ငွေယွန်း သူ့ကိုငုံ့ပြီး ကိုက်ဆွဲပစ်လိုက်တော့ သူက တဟားဟားအော်ရယ်ပြီး ငွေယွန်းကိုဖက်ထားသည့် လက်နှစ် ဖက်ကိုဆွဲဖြုတ်ကာ ညှော်ခန်းထဲမှာ ပတ်အပြေး အိမ်ရှေ့ဆီသို့ထိုးဆိုက် လာသည့် ကားသံတစ်ခုက ဖေဖေ့ကားပဲဆိုတာ သိလိုက်ရတော့နှင့်


www.burmeseclassic.com

www.burmeseclassic.com

ငွေယွန်း ဣန္ဒြေဆယ်ကာ စောစောက နှစ်ယောက်ထိုင်ဆိုဖာမှာ ပြန်ထိုင်ချလိုက်ရပါတော့သည်။

ထမင်းစားပွဲမှာ သူနှင့် မျက်နှာချင်းဆိုင်ရသည့်အချိန်လောက် ငွေယွန်းမျက်နှာတစ်ခုလုံး ရေနွေးအိုးထဲနှစ်ထားရသလို ခံစားရတာ မရှိ။

ပြီးတော့ ငွေယွန်း သူ့ကိုရင်မဆိုင်ရဲလောက်အောင် ရှက်နေတာကို သူက သိပြီး အပြုံးနွေးနွေးတွေနှင့် စိုက်ကြည့်နေခဲ့ပေမယ့် ဖေဖေက အလိုက်မသိစွာဖြင့် ငွေယွန်းကို သူနှင့်ရင်းနှီးခွင့်တွေ ဖန်တီးပေးနေသည်။

"သမီး . . . မင်းခန့်ကို ဟိုဘက်က ကြက်သားထည့်ပေးလိုက်ပါဦး"

ဟင်း . . . ဖေဖေတစ်ယောက်ဟာလေ ဘာမှ အလိုက်ကန်းဆိုး မသိ။ တော်တော့်ကို စိတ်ပျက်ဖို့ကောင်းပါသည်။

စိတ်ပျက်ခဲ့ပေမယ့် ဖေဖေ့စကားကို မလွန်ဆန်ဝံ့တဲ့ ငွေယွန်း





ဘေးက ကြက်သားပန်းကန်ထဲက ကြက်သားတုံးကို ဇွန်းနဲ့ဆယ်ပြီး သူ့ပန်းကန်ထဲကိုထည့်လိုက်တော့ သူက ဟိတ်ဟန်အပြည့်ဖြင့် ငွေယွန်းကို ခေါင်းတစ်ချက်ညိတ်လိုက်သည်။

ခေါင်းညိတ်ရင်းနှင့် လက်ကလေးကာလျက် . . .

"Thank You ညီမ"

လို့ဆိုလိုက်သည့်တွင် ငွေယွန်း ဖေဖေ့ရှေ့မှာ မျက်နှာမထားတတ်အောင် ရှက်သွားခဲ့ရသည်။

ငွေယွန်းရှက်သွားပေမယ့် ဖေဖေကတော့ အပြုံးနွေးနွေးတွေနှင့် သူ့ကိုစကားပြောနေခဲ့သည်။

"အင်း . . . မောင်မင်းခန့်လည်း သမီးနဲ့ တော်တော်ရင်းနှီးပြီပဲ၊ သမီးအခြေအနေ ဘယ့်နှယ်လဲ"

"အဟား . . . စွာတယ်"

သူက ကိုရီးယားမင်းသားစတိုင်ဖြင့် မျက်ခုံးပင့်ပြီး လက်တစ်ဖက်ခါလျက် ပခုံးတွန့်ပြောလိုက်တော့ ဖေဖေက သဘောကျစွာ ရယ်လိုက်ပြီး ခေါင်းဆတ်လိုက်သည်။

ပြီးတော့မှ ငွေယွန်းကို တစ်ချက်ကြည့်ကာ . . .

"သမီးက ကိုယ့်အစ်ကိုကြီးကို မစွာရဘူးလေ၊ လူရင်းတွေလည်းဖြစ်နေတာ အားမနာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ငွေယွန်း ဘာစကားမှမပြောတော့ဘဲ ဒီထမင်းစားပွဲမှ မြန်မြန်ထရအောင် ထမင်းကို အမြန်ဆုံးစားလိုက်ပါတော့သည်။

အဲဒီအချိန်မှာ သူက စားလက်စဇွန်းကိုချပြီး ငွေယွန်းကို ချစ်စနိုး စလိုက်ပြန်သည်။

"ကျွန်တော့်ကို ဦး,မလာခင် နှင်ထုတ်နေတာ သူက"

"ဘယ်မှာနှင်ထုတ်လို့လဲ"

"နှင်ထုတ်ပါတယ်"

"ဘယ်မှာလဲ ... ခင်ဗျားနော်"

"ဟား ဟား ဟား"

သူရယ်လိုက်တာကို ငွေယွန်း မကျေမနပ်မျက်စောင်းထိုးလိုက်ချိန်မှာ ဖေဖေက သူ့ဘက်ကကာကွယ်ရင်း ရပ်တည်လိုက်ပြန်သည်။

"သမီး ... မရိုင်းရဘူးလေ၊ အစ်ကိုကြီးကို ခင်ဗျားလို့ မသုံးရဘူး"

"ဟာ ... မပြောတော့နဲ့ ဦးရယ်၊ ကျွန်တော့်ကို ဦးမင်းခန့်တဲ့"

"သမီး အဲဒီလို မရိုင်းရဘူးနော်၊ မင်းခန့်က သမီးအစ်ကိုအရွယ်ပဲ ... အစ်ကိုကြီးပဲ ခေါ်ပေါ့"

ငြိမ်းချမ်းစာပေ



ငွေယွန်း ဖေဖေ့စကားကြီးကို အရှက်ကြီးပြီး မျက်နှာတစ်ခုလုံး ရဲရဲနီမြန်းသွားခဲ့ပေမယ့် ဖေဖေနှင့်သူကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြလေသည်။

ဖေဖေနှင့်သူ ပြုံးလိုက်သည့်အဓိပ္ပာယ်တွေကို ငွေယွန်းနားမလည်ပေမယ့် ရင်ထဲမှာတော့ တစ်မျိုးကြီး ခံစားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဒီရက်အတွင်း ...

ဖေဖေတစ်ယောက် ငွေယွန်းနှင့် မျက်နှာချင်းမဆိုင်ဖြစ်အောင် အလုပ်တွေရှုပ်နေတာကို ငွေယွန်း စောင့်ကြည့်နေခဲ့မိသည်။

ငွေယွန်းစောင့်ကြည့်နေတာကို ဖေဖေ စိတ်မဝင်စားနိုင်၊ တစ်နေ့ တစ်နေ့ ဦးမင်းခန့်နှင့် ကားတစ်စီးနှင့်ထွက်လိုက်၊ သွားလိုက်လုပ်နေတာ ငွေယွန်းစိတ်ထဲမှာ သံသယစိတ်တောင် ဝင်လာရသည်။

ငွေယွန်း၊ သံသယစိတ်တွေက ဖေဖေကုမ္ပဏီက ပြန်ရောက်ရောက်ချင်း အလုပ်ခန်းထဲ တန်းဝင်သွားသည့် ဖေဖေ့ကိုကြည့်ပြီး ပိုပြီး သံသယစိတ်ပြင်းသွားရသည်။





အလုပ်ခန်းထဲ ဝင်ဝင်ချင်း ဆုံလည်ဆိုဖာကြီးမှာ အရုပ်ကြိုးပြတ်ကြီးပစ်ထိုင်ချကာ မျက်နှာကြီးကို လက်ဝါးကြီးနှင့်ဖိအုပ်ထားသည်။ ဖေဖေ့မှာ ကုမ္ပဏီလုပ်ငန်းကိစ္စတစ်ခုခု အခက်အခဲဖြစ်ပြီဆိုတာကို သိလိုက်ရသလို ငွေယွန်း ရင်နင့်ကြေကွဲစွာ ခံစားလိုက်ရပြီး ဖေဖေ့အရှေ့မှာ ခြေစုံရပ်လိုက်သည်။

ဖေဖေက သူ့အရှေ့မှာ ငွေယွန်းရပ်လာတာကိုတောင် မသိဘဲ မျက်နှာကြီးကို လက်ဝါးနှင့်အုပ်ကာထားရာမှ လေပူကြီးကို ဟားထုတ်လိုက်လေသည်။

"ဟား"

ဖေဖေ့ကိုကြည့်ပြီး ငွေယွန်းရင်ထဲ ပိုပြီးတင်းကျပ်သွားရသည်။

အခုထိ ငွေယွန်းရပ်နေတာကို မမြင်သေးသည့် ဖေဖေ့ပခုံးကြီးကို ဆုပ်ကိုင်ပြီး ...

"ဖေဖေ"

လို့ခေါ်လိုက်တော့မှ ဖေဖေ အလန့်တကြားဖြစ်သွားပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ထားရာမှ ဖယ်ခွာပြီး မျက်လုံးကြီးပြူးကာ..

"သမီး ဘာလဲ"

"ဖေဖေ ... ဘာဖြစ်နေတာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့် ဟင့်အင်း ... ဘာမှမဖြစ်ဘူး၊ ဖေဖေ အလုပ်တွေ ပင်ပန်းလို့ပါကွာ၊ သွား ... ဖေဖေ့အတွက် ရေခဲရေတစ်ခွက်လောက် ခပ်ပေးစမ်းကွာ"

ဖေဖေ တစ်ခုခုဖြစ်နေပြီဆိုတာကို ငွေယွန်း နားလည်လိုက်ပါသည်။

ဒါပေမဲ့ ...

ဖေဖေ့ကို ဘာစကားမှ အထွန့်မတက်တော့ဘဲ ဖေဖေ့စိတ်တိုင်းကျ ရေခဲရေတစ်ခွက်ခပ်ပြီး အခန်းထဲကနေ ဖြည်းဖြည်းချင်း ထွက်လာခဲ့တော့သည်။

ရင်ထဲမှာတော့ ...

ဖေဖေ့ကိုကြည့်ပြီး တစ်ခုခုဖြစ်ပြီဆိုတာကို ငွေယွန်း ခံစားသိရှိခဲ့ပေမယ့် ဘာတစ်ခုမှ မမေးဖြစ်ခဲ့။

မမေးဖြစ်ခဲ့သလို ဖေဖေ တစ်ခုခုဖြစ်နေတာကို ဖေဖေ့ကို ဖွင့်မေးဖို့လည်း စိတ်မကူးမိတော့။

ဖေဖေနဲ့ပတ်သက်သည့်အကြောင်းတွေကို အတွင်းကျကျ သိနေသည့် ဦးမင်းခန့်ကိုပဲ ဖုန်းဆက်မေးဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

ငွေယွန်း ဘာမှစဉ်းစားမနေတော့ဘဲ ဦးမင်းခန့်ဖုန်းနံပါတ်





ကို ရှာပြီး ချက်ချင်းပင် သူ့ဆီကို ဖုန်းဆက်လိုက်သည်။

တစ်ဖက်မှ သူ့ဖုန်းလိုင်း တန်းဝင်သွားချိန်မှာ သူ့ရဲ့ ...

"ဟယ်လို"

ဆိုသည့်အသံက ငွေယွန်းရင်ကို နွေးခနဲ ခုန်မြသွားရသည်။

သူနှင့်ကိုယ်ဟာ ဘယ်လိုမှ မပတ်သက်ခဲ့သေးပေမယ့် သူဟာ ကိုယ့်ကိုနမ်းခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ဆိုတာကြီးက ငွေယွန်းရဲ့ အသစ်စက်စက်နှလုံးသားလေးကို တုန်ယင်နွမ်းဟိုက်စေခဲ့သည်။

ဒါပေမဲ့ သူ့ကို ဖုန်းမဆက်လို့လည်း မဖြစ်ပြီမို့ ဆက်လိုက်မိမှို့ တစ်ဖက်မှ သူ့ဖုန်းထူးသံကြီးကို ရင်ခုန်စွာနှင့်ပဲ ပြန်အသံပြုလိုက်ရသည်။

"ဦး ...ဦးမင်းခန့်လား ဟင်"

"ဘာ ဦးမင်းခန့်လဲ"

တစ်ဖက်မှ သူ့အသံက စိတ်တိုသံဖြင့် တင်းမာသွားတာကို ငွေယွန်း ကြောက်လန့်စွာ ပခုံးလေးတွန့်လိုက်မိပြီးမှ ခပ်ဖြည်းဖြည်းအသံလေးနှင့် ...

"ဟုတ် ... ကျွန်မ ငွေယွန်းပါ"

"အင်း ... ပြော"


www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဘာပြောရမှန်းတောင် မသိတော့ဘူး"

"မင်းမပြောတတ်ရင် ကိုကြီးပြောမယ် . . . နားထောင်"

"ဟင့်အင်း . . . ကျွန်မ အရင်ပြောမယ်"

"အင်း . . . လုပ်ပြီ ပြော"

တစ်ဖက်မှ သူ့အသံက နူးညံ့နွေးထွေးမှုတွေနှင့် ပျော်ဝ... သွားသည်တွင် ငွေယွန်းလည်း ဘာရယ်မဟုတ် ရင်တုန်နွမ်းဟို... သွားရသည်။

"ဟော့ . . . ပြောလေ ညီမ . . . ဘာပြောမလဲ"

"ဟို ဦး"

"ဘာ့ ဦးလဲ"

"မဟုတ်ဘူး . . . ကျွန်မ မေးချင်လို့"

"မမေးနဲ့ဦး . . . ကိုယ့်ကို ကိုကြီးလို့ခေါ်၊ ခေါ်မှ မင်းမေး... ကိုယ်ဖြေမယ်"

"ဟာ . . . ဘာလို့ခေါ်ရမှာလဲ"

"မခေါ်နေလေ . . . မင်းမေးတာ မဖြေဘူး"

"ခင်ဗျား အကျပ်မကိုင်နဲ့နော်"

"ဟာ ဟော့ . . . ဘာ ခင်ဗျားလဲ၊ အဲဒီ ခင်ဗျားဆိုတဲ့ အ... ကြီးက နားကလောလိုက်တာကွာ၊ တစ်ခုခုပြင်ခေါ် ပြင်ပြော"





"မခေါ်ပါဘူး . . . ဒီအတိုင်းပဲ ခေါ်မှာ၊ ဒီအတိုင်းပဲ ပြောမှာပဲ ကြိုက်လည်းနေ"

"မင်းက ငါ့ကိုဂရုမစိုက်ဘူးပေါ့ . . . ဟုတ်လား"

"အင်း"

"ဟာ . . . ရိုင်းတယ်ကွာ၊ ဘာအင်းလဲ . . . ငါက မင်းထက် ...သက်အများကြီး ကြီးတယ်လေ . . . နားမလည်ဘူးလား၊ ဟုတ်ကဲ့ ...ပြန်ပြော"

"မပြောပါဘူး"

"မပြောလည်းနေ . . . ကိုယ်ပြောမယ်"

"ခင်ဗျားက ဘာပြောမှာလဲ"

ငွေယွန်း ဖေဖေနဲ့ပတ်သက်ပြီး ဘာစကားမှမမေးမိသေးဘဲ ...ကားလုံးနုနုအောက်မှာ မျောပါသွားရသည်။

"ဘာပြောမယ်လို့ မင်းကထင်သလဲ"

"သိဘူး"

"ဟား ဟား . . . ကလေးလေးက ရှောင်တတ်လိုက်တာ၊ ...လေး ဆေးကျောင်းတက်ရင်းနဲ့ ရည်းစားမထားရဘူးနော်၊ ကိုယ် ...ဖြူဘူး"

"ခင်ဗျားနဲ့ ဘာဆိုင်လို့ ကန့်ကွက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဆိုင်ဘူး၊ ဒီအထိ ပတ်သက်ထားတာတောင် မသို
ဘူး ပြောသေးတာ အံ့ဩပါရဲ့"

"ဘာပတ်သက်လို့လဲ"

"မွေးမွေးပေးထားတာ"

'ဟာ . . . ခင်ဗျားနော်"

"ဟော့ . . . ဆေးကျောင်းသူဖြစ်ပြီး မရိုင်းစမ်းနဲ့ကွာ၊ ဒီအသုံ
ကြီးကို လုံးဝမသုံးနဲ့ . . . ကြားလား ညီမ"

သူ့စကားလုံးတွေအောက်မှာ ငွေယွန်း မျောပါသွားခဲ့ပြီး
ငွေယွန်းမေးမယ့်စကားကြီးကို ပြန်သတိရသွားကာ သူ့ကိုပဲ တိုက်ရိုက်
မေးပစ်လိုက်ပါတော့သည်။

"ဦးမင်းခန့် . . . ဒီရက်အတွင်းမှာ ဖေဖေ ဘာတွေဖြစ်နေတ
လဲဟင်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"မဟုတ်ဘူး . . . ဖေဖေ တစ်ခုခုဖြစ်နေမှာပါ၊ ဦးမင်းခန့်
အတွင်းလူပဲ . . . သိပါတယ်၊ ကျွန်မကို ပြောပြပေးပါသားဟင်"

"အင်း . . . နားထောင်ချင်တယ်ပေါ့ . . . ဟုတ်လား"

"ဟုတ်"

"အိုခေ . . . ဒါဆို ကိုယ်ပြောပြမှာပေါ့၊ ဒါပေမဲ့ အလကာ





တော့ ကိုယ်မပြောဘူး . . . အပေးအယူနဲ့ပဲ ပြောပြမယ်"

"ဟင် . . . ဘာအပေးအယူလဲ"

"ကိုကြီးလို့ခေါ်"

"ဟာ"

"မရဘူး . . . ခေါ်"

"မခေါ်ချင်ဘူး"

"မခေါ်ချင်ရင် မပြောဘူး"

ငွေယွန်း တစ်ချက်စဉ်းစားလိုက်ပြီးမှ မျက်စိမှိတ်ချလိုက်ကာ
ခေါင်းညိတ်လိုက်မိသည်။

"အင်း အင်း . . . ခေါ်မယ်"

"ဒါဆို အရင်ခေါ်ကြည့်"

ငွေယွန်း ဘာမှမတတ်နိုင်တော့။

ဒီအချိန်မှာ စီးပွားရေးသမားပီပီ အပေးအယူလုပ်ပြီး စကား
ပြောတတ်သည့်သူ့ကို စိတ်ထဲက မုန်းလှပေမယ့် ဖေဖေ ဘာဖြစ်နေ
တယ်ဆိုတာကို သိချင်လှသဖြင့် ဖွတ်မှိတ်ပြီးပဲ သူခေါ်နိုင်းသလို သူ့ကို
ခေါ်လိုက်ရပါတော့သည်။

"ကိုကြီး"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့"

"ထပ်ခေါ်ဦး သုံးခါခေါ်"

"ဟာ"

"မ,ဟာနဲ့ ညီမ၊ ခေါ် ... ခေါ်မှ ကိုကြီးက ညည်းအဖေ အကြောင်း အကြောင်းစုံပြောပြမှာ"

"ကျစ် ... ခင်ဗျား လူပါးဝပေမယ့် ကောင်းပြီ ... ခေါ်ပါတယ် ... ကိုကြီး ကိုကြီး ကိုကြီး"

"ဟုတ်ပြီ ... ချစ်တယ်လို့ ပြောဦး"

"တော်ပြီ ... ကျွန်မ ဖုန်းချလိုက်မယ်"

"ကောင်းတာပေါ့ See you tomorrow မနက်ဖြန် ကိုယ် မင်းကျောင်းကို လိုက်လာခဲ့မယ်၊ အဲဒီတော့မှ ကိုယ် မင်းဖေဖေ အကြောင်းကို ပြောပြမယ်"

"အင်း ... ရှင်ပြောချင်ရာပြောတော့၊ ဘာ့မှ ကျွန်မ မမေးတော့ဘူး"

"အဲဒီလို လိမ္မာစမ်းပါ ညီမရယ်၊ ညီမ ... ကိုယ်လည်း မင်းကို မိသားစုနဲ့ပတ်သက်ပြီး စကားပြောချင်နေတာ၊ မင်းက ဒီလို မေးလာတော့ ကိုယ်ပြောရမှာ ပိုပြီးအဆင်ပြေသွားတာပေါ့၊ ကိုယ် မနက်ဖြန် မင်းကျောင်းကို နေ့လယ်ပိုင်းလောက် လာခဲ့မယ်၊ ညီမ





ညနေပိုင်းကို ကျောင်းဖျက်လိုက် ... ဟုတ်ပြီလား၊ စာမေးပွဲလည်း နီးပြီနော်၊ စာလည်း ကြိုးစားနော် ညီမ"

"ဟုတ် ... ဒါဆို မနက်ဖြန်လာခဲ့နော်"

"အေး အေး ... လာမယ် လာမယ်"

"ဒါဆို ကျွန်မ ဖုန်းချလိုက်မယ်နော်"

"အေး အေး"

"Good Luck ဦးမင်းခန့်"

"အေး အေး ... Good Luck ညီမ၊ ကိုကြီး ဖုန်းပိတ်ပြီနော်"


တစ်ဖက်မှ ဦးမင်းခန့် ဖုန်းပိတ်သွားပေမယ့် ငွေယွန်းကတော့ ဘာစကားမှ ပြန်လည်မပြောဖြစ်တော့ဘဲ ဖုန်းမချဖြစ်သေးနှင့် အကြာကြီး ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။

တိတ်ဆိတ်သွားတဲ့ ငွေယွန်းရင်ထဲမှာ ဘာမှခံစားလို့မရအောင် မွန်းကျပ်သွားခဲ့တာကို ဦးမင်းခန့်များ နားလည်သွားပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

နေ့လယ် ထမင်းစားဆင်းချိန်မှာ ကော်ရစ်တာကနေ လာရပ်စောင့်နေသည့် သူ့ကို သူငယ်ချင်းတွေက ကွက်ကြည့် ကွက်ကြည့် လုပ်နေခဲ့ပေမယ့် ငွေယွန်းကတော့ တစ်စက်မှ ရှိုးတိုးရှန့်တန့်ဖြစ်ဟန်မပြဘဲ သူရပ်နေသည့်နေရာကို သွားခဲ့သည်။

ငွေယွန်း သူ့ရှေ့မှာ ခြေစုံရပ်ပြီးသည့်အချိန်မှာ သူက ငွေယွန်းကို ချစ်စနိုးစိုက်ကြည့်ပြီး ခေါင်းတစ်ချက်ဆတ်ကာ ...

"လိမ္မာသားပဲကွာ ... အဲဒီလို အမြဲတမ်း လိမ္မာရမယ်နော်"

"ကျွန်မတို့ ဘယ်ကိုသွားမလဲဟင်"

ငွေယွန်းက သူ့ကိုမော့ကြည့်ပြီး မေးလိုက်တော့ သူက





တစ်ချက်ပြုံးလိုက်ပြီး ...

"ညီမ ... ညနေ Class ဖျက်လို့ရလား"

"ဟုတ် ... ရပါတယ်"

"ရရင် ကိုယ်တို့ မြို့ထဲက ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်းစကားပြောကြတာပေါ့"

"ဟုတ်ကဲ့ ... ဒါဆို သွားကြမယ်လေ"

"ဘယ်သူ့ကို အခုပြောနေတာလဲ"

"ကိုကြီးမင်းခန့်ကို"

"အဟား ဟား ... ငါ ထိပ်ပိတ်ထုလိုက်ရ၊ လုပ်လိုက်ဦးမယ်၊ လာ ... သွားစို့ ညီမ"

သူက ငွေယွန်းလက်ကလေးကို ဖျတ်ခနဲဆွဲကိုင်ပြီး လှည့်ထွက်လိုက်သည်တွင် ငွေယွန်းလည်း ရှက်မျက်နှာလေးနှင့် သူ့နောက်ကို ခပ်ဖြည်းဖြည်း လိုက်လာခဲ့လိုက်သည်။

သူကတော့ အိမ်ကနေပြီး ရင်ထဲမှာ ဘယ်လိုစကားတွေ ဘယ်လိုပြောမယ်ဆိုတာကို တွေးကြံထားသည် မသိ ...

ငွေယွန်းကတော့ ဖေဖေနဲ့ပတ်သက်ပြီး တစ်ခုခုသိရရင် ကျေနပ်ပါပြီ။

ငွေယွန်းသိချင်သည့်အကြောင်းအရာကို သူပြောလာခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com

ငွေယွန်း ကျေနပ်ပါသည်။

"ညီမ ... ကိုကြီးတို့ Boat Club ဘက်ပဲ သွားလိုက်မယ် နော် ... ရမလား"

"ဟုတ် ... သွားလေ"

"အိုခေ"

သူက ပခုံးတစ်ချက်တွန့်ပြီး ကားကို ခပ်ဖြည်းဖြည်းမောင်း ထွက်လိုက်သည်။

သူ ကားမောင်းထွက်လိုက်တာကို ဖြူစင်သည့်မျက်လုံးဝိုင်း လေးတွေနှင့် တစ်ချက်ကြည့်ပြီး သူ့ဘေးမှာ အရုပ်မလေးတစ်ရုပ်လို ငြိမ်သက်သွားသည့် ကောင်မလေးကို သူကတော့ သနားကြင်နာမြတ် နိုးစွာစိုက်ကြည့်ရင်း ရင်ထဲက စကားတွေကို ရင်ထဲမှာပဲ ကျိတ်မျိုချ လိုက်ပါတော့သည်။

ဩော် ... ဘဝရဲ့ ခံစားချက်တွေကို ဒီလို ငယ်ရွယ်နုနယ်သူ လေး မသိလိုက်တာပဲ အကောင်းဆုံးပဲဆိုပြီး ခံယူချက်ဖြင့် သူ တိတ် တဆိတ်မျိုချလိုက်သည်။

ဒီလို ခံစားမှုစကားလုံးတွေကို သူချစ်သည့် ကောင်မလေး နလုံးသားဒဏ်ရာရအောင် သူ ဖွင့်မပြောရက်ချေ။

မပြောရက်လို့လည်း သူမ,မေးလာမယ့် သူမဖေဖေနဲ့ ပတ်





သက်သည့်အကြောင်းအရာတွေကို သူ ဖုံးကွယ်ဖို့ဆုံးဖြတ်လိုက်မိတာ ဖြစ်သည်။

Boat Club ရှိ အင်းလျားကန်စပ်ကလေးမှာ သူနှင့်နှစ် ယောက်သား မျက်နှာချင်းဆိုင်ပြီးသည့်အချိန်မှာတော့ ငွေယွန်းမျက် နှာတစ်ခုလုံး နွေးမြထူပူသွားသည်အထိ ရှက်ရွံ့သွားခဲ့ပါသည်။

အခုလိုမျိုး ...

နေရာမျိုးမှာ ကိုယ့်ကိုချစ်နေသည့် ယောကျ်ားလူပျိုတစ် ယောက်နှင့် လာဖို့မသင့်တော်ဘူးဆိုတာ သိလိုက်ရပေမယ့် ဖေဖေ့ အလုပ်ကိစ္စကို အတွင်းကျကျသိချင်သည့် ငွေယွန်းက အခုလို အရဲစွန့် ပြီး သူနှင့်လိုက်လာခဲ့တာ ဖြစ်သည်။

"ညီမ ... ငြိမ်လှချည်လား ... ဘာတွေစဉ်းစားနေတာ လဲ"

သူက ငွေယွန်းကို သွေးတိုးစမ်းစကားဆိုလိုက်တာကို ငွေ ယွန်းက တစ်ချက်လှလှပြုံးပြီး သူဆွဲကိုင်ထားသည့်လက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲကနေ ဆတ်ခနဲ ရုန်းလိုက်သည်။

"မရုန်းနဲ့ကွာ"

ဟင့်အင်း ... ကျွန်မ မနေတတ်ဘူး"

ငွေယွန်းက ငိုမဲ့မဲ့လေး သူမလက်ကို ပြန်ရုန်းလိုက်သည်။

အဲဒီအချိန်မှာ သူ့မျက်နှာ တစ်ချက်တည်သွားပြီး ...

"မငိုပါနဲ့ကွာ ... ကိုယ် ပိတ်နမ်းပစ်မှာ"

"ဦးမင်းခန့်နော်"

"ဘာ ဦးမင်းခန့်လဲ ... ပြန်ခေါ်"

"မခေါ်ဘူး ... ကျွန်မ ဒီရက်အတွင်း စိတ်ဆင်းရဲတယ်၊ သိပ်စိတ်ဆင်းရဲတယ်"

ငွေယွန်းက ငိုရှိုက်သံတစ်ဝက်ဖြင့် ပြောလိုက်သည်တွင် သူက ငွေယွန်းမျက်နှာလေးကို အနီးဆုံးငုံ့ကြည့်ပြီး ကရုဏာလွှမ်းသည့် အသံကြီးဖြင့် မေးလိုက်မိသည်။

"ဟင် ညီမ ... ဘာဖြစ်လို့လဲ၊ မင်း ဘာတွေခံစားနေရပြီး စိတ်ဆင်းရဲနေတာလဲ၊ ဟင် ပြောစမ်း ... ကိုကြီးကိုပြောစမ်း"

နူးညံ့နွေးထွေးသည့် ကြင်နာသံဖြင့် ချော့မော့နှစ်သိမ့်လာသည့် သူ့ကိုငွေယွန်းမော့ကြည့်ရင်းမှ ဘိုဂကို သတိရစိတ်ပြင်းသွားကာ မျက်ရည်တွေ အဆက်မပြက်စီးကျသွားခဲ့သည်။





တကယ်တော့ ...

ငွေယွန်း သူ့စိမ်းယောက်ျားတစ်ယောက်ရှေ့မှာ အခုလို စိတ်လွတ်ကိုယ်လွတ် မငိုသင့်ပါ။

စိတ်လွတ်ကိုယ်လွတ် ငိုလိုက်မိတော့လည်း ငွေယွန်းကို အစကတည်းက မြတ်နိုးချစ်ကြင်နေသည့်သူက သူ့ရင်ခွင်ထဲဆွဲသွင်းပြီး ချော့မော့နှစ်သိမ့်ခြင်းကို ငွေယွန်းနှလုံးသားက နွမ်းခြောက်စွာ ခံစားသိရှိလိုက်ရလေသည်။

သို့သော် ...

ငွေယွန်း သူ့ရင်ခွင်မှ ရုန်းထွက်ခွင့်မရခဲ့။

သူ့ရဲ့ အနမ်းမွှးမွှးတွေနှင့် သူ့နှုတ်ခမ်းထူထူတစ်စုံက ထွက်ကျလာသည့် စကားကိုပဲ လက်ခံနားထောင်လိုက်ရသည်။

"ငွေယွန်း ညီမလေး ... ကိုကြီး မင်းကိုသိပ်ချစ်တယ်၊ မင်းကို ကိုကြီး မြတ်နိုးတယ်၊ မြတ်နိုးလွန်းလို့ မင်း ဆေးကျောင်းပြီးတဲ့အထိ ကိုကြီး မစောင့်နိုင်တော့ဘူး၊ မင်းကို ကိုကြီး လက်ထပ်ချင်ပြီ၊ အဲဒီကိစ္စနဲ့ မင်းဖေဖေကို ကိုကြီးအသနားခံနေရတာပါ ညီမရယ်"

"ဟင့် ဟင့်အင်း ... မယုံဘူး၊ ကိုကြီး ကျွန်မကိုမညာပါနဲ့၊ ကိုကြီး ဒီကိစ္စနဲ့ ဖေဖေ့ကို ဒီလောက်နေ့ရောညရော မပြတ်တွေ့ဖို့ မလိုဘူး ... အလုပ်တစ်ခုခုပဲ၊ ဖေဖေ ဒီရက်အတွင်း စိတ်တွေလေ



www.burmeseclassic.com

www.burmeseclassic.com



နေတယ် ... အဲဒါ ကိုကြီး သိရမယ်''

''မသိပါဘူး ညီမရယ်''

''ဟင့်အင်း မယုံဘူး''

''ခက်ပြီကွာ''

သူ ငွေယွန်းကိုယ်လုံးလေးကို ရင်ခွင်ထဲသိမ်းကျုံးပွေ့ဖက်ပြီး ရင်နင့်ကြေကွဲသွားသည်။

ရင်နင့်ကြေကွဲသွားသည့် ခံစားချက်မျက်လုံးတွေကို သူမလေး မမြင်သာအောင် မျက်နှာကြီးကို သူမကျောပြင်လေးမှာ ပွေ့အပ်လိုက်ပြီး သူ တိတ်တဆိတ် သက်ပြင်းရှိုက်လိုက်သည်။

''ဟင်း''

ငါ ဘယ်လိုပြောရမလဲ ညီမရယ်။

ငါ မင်းကို မင်းတို့ရဲ့အိမ်စီးပွားရေးနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ မပြောချင်ဘူး။

ပြောလည်း မပြောသင့်ဘူးလို့ထင်တယ်။

ဒီအကြောင်းတွေကို မင်း တစ်နေ့နေ့တော့ နားလည်လိမ့်မယ်ထင်တယ်။

အခုချိန်မှာ ကိုယ်က မင်းကိုပြောလိုက်ရင် မင်း ကိုယ့်ကို မုန်းသွားမှာပေါ့။





မင်းရဲ့အမုန်းကို ကိုယ် ဒဏ်မခံနိုင်ဘူး ညီမ။

အဲဒီတော့ ...

ကိုယ်တို့ကုမ္ပဏီစီးပွားကိစ္စကို မင်းမသိတာ အကောင်းဆုံးပါပဲကွာ။ နော် ... ညီမ။ မင်း ဒီအကြောင်းတွေ မသိချင်ပါနဲ့။

''ကိုကြီး''

''ဟင်''

သူ အတွေးတွေနှင့် တိတ်ဆိတ်ငြိမ်သက်သွားချိန်မှာ ငွေယွန်းက သူ တင်းကျပ်စွာသိုင်းဖက်ထားသည့် လက်တွေကို ဆွဲဆန့်ခွာထုတ်ပြီး သူနှင့် မျက်လုံးချင်းဆုံလိုက်သည်။

သူမ မျက်လုံးအိမ်ထဲမှာ ...

မေးခွန်းပေါင်းများစွာ မေးနေခဲ့တာတွေကို သူက မျက်လုံးသို့ပြီး မသိချင်ယောင်ဆောင်ရင်း သူ ဘာစကားဆက်ပြောရမှန်းမသိအကြံအိုက်နေချိန်မှာပဲ ငွေယွန်းက ဆတ်ခနဲ ထရပ်ပြီး ...

''ကိုကြီး ... ကျွန်မမေးတဲ့စကားကို ဖြေစရာ စကားလုံးရှိတော့ဘူးလား''

''ဟင် ... ညီမက ဘာမေးတာလဲ''

''တော်ပြီ တော်ပြီ ... ဘာမှမမေးတော့ဘူး''

''ဟော် ... ညည်းအဖေနဲ့ ကိုယ် ဒီရက်အတွင်းဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ကိစ္စက အင်း . . . ညည်းနဲ့ကိုယ် လက်ထပ်မယ့်အကြောင်း''

''မယုံဘူး . . . ကျွန်မကို မညာနဲ့၊ ဖေဖေ့စီးပွားရေးနဲ့ပတ် သက်ပြီး ကိုကြီး တစ်ခုခုပတ်သက်နေတယ်၊ ကျွန်မကို ညာလို့မရဘူး ကိုကြီး။ ကျွန်မအသက်လည်း နှစ်ဆယ်ပြည့်သွားပြီ၊ အရာရာကိုတွေး တောဆင်ခြင်တတ်ပြီ''

''အင်း . . . တွေးတောဆင်ခြင်တတ်ပြီဆိုတော့ အိမ်ထောင် မှုရော ထိန်းတတ်ပြီပေါ့နော်''

''ကျစ်''

ငွေယွန်း အံကို တင်းခနဲဖိကြိတ်ပြီး သူ့ရှေ့မှ ချာခနဲလှည့် ထွက်လိုက်သည်။

အဲဒီအချိန်မှာ ငွေယွန်းလက်တစ်ဖက်ကို ဖတ်ခနဲလှမ်းဆွဲပြီ ငွေယွန်းကို အနောက်ကနေသိမ်းဖက်လိုက်သဖြင့် ငွေယွန်းကိုယ်လုံ လေး ရှိုက်ကျုံ့သွားရကာ သူနှင့်အနေအထားကြီးကို အရှက်သည်းသွ ရတော့သည်။

ရှက်ရှက်နှင့် သူ့လက်ထဲမှလွတ်အောင် ရုန်းလိုက်လေ၊ သ နှင့် တစ်သားတည်းကပ်မတတ် သူကတိုးဖက်ခြင်းကို ခံလိုက်ရလေ ဖြစ်ခဲ့တာမို့ နောက်ဆုံးမှာ . . . ငွေယွန်း ရှက်မျက်ရည်များဖြင့် သူ့ အရှုံးပေးလိုက်ရတော့သည်။





''ဘာလို့ငိုတာလဲကွာ''

''ရှင် အရှက်မရှိလို့ပေါ့''

''ဒီနှစ် စာမေးပွဲဖြေပြီးရင် လက်ထပ်ကြမယ့် ဖနီးမောင်နှံ တွေပဲကွာ၊ စာမေးပွဲနီးပြီနော် . . . ဘာမှ စိတ်ထဲမထားနဲ့၊ ကိုယ့်စာကို သာ အာရုံစိုက်ပြီးကြိုးစား။ နောက်တစ်နှစ်ပဲ ကျန်တော့ပေမယ့် ကိုယ မင်းကို သိပ်ချစ်လွန်းလို့ မစောင့်နိုင်တော့ဘူး၊ အခု စာမေးပွဲဖြေပြီးရင် လက်ထပ်မယ်''

သူ့စကားကို ငွေယွန်း ငြင်းဆိုနိုင်သည့်အင်အား မရှိတော့။ သူ့ကို ဘာတစ်ခွန်းမှပြန်မပြောနိုင်အောင်လို့လည်း သူက ငွေယွန်း နှုတ်ခမ်းနုနုကလေးကို စကားပြောခွင့်မပေးခဲ့တာပင် ဖြစ်သည်။

ဒီအချိန်မှာ သူနမ်းလိုက်သည့်အနမ်းတွေကို ငွေယွန်း ရင်ခုန် သာယာခြင်းမရှိခဲ့ပေမယ့် အနည်းငယ်တော့ ခြေဖျားလက်ဖျားအေး စက်တုန်ယင်ပြီး ရီဝေသွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

ငွေယွန်း အခန်းထဲ လှမ်းဝင်ဝင်ချင်း မြင်တွေ့လိုက်ရသည့် မြင်ကွင်းက ငွေယွန်းနှလုံးသားကို ရပ်တန့်သေဆုံးသွားရတော့သည်။

ငွေယွန်း ပုံလျက်လဲကျနေသည့် ဖေဖေ့ကို ကြက်သေသေပြီး စိုက်ကြည့်နေရာမှ အာခေါင်ခြစ်အော်ပြီး ဖေဖေ့ကိုပြေးပွေ့လိုက်သည်။

"ဖေ ဖေ"

"... ... ..."

"ဖေ ဖေ"

"... ... ..."





"အား ... ကယ်ကြပါဦး၊ ဖေဖေ့ကို ခေါ်လို့မရတော့ဘူး၊ ဖေဖေ အသက်ရှိမှရှိသေးရဲ့လား မသိဘူး"

ဆိုပြီး အော်လိုက်သည့် သူမအသံကို သူမ နောက်ဆုံးကြားလိုက်ရသေးသည်။

အဲဒီနောက် သူမ ဘာမှခံစားလို့မရတော့ပဲ အမှောင်ကမ္ဘာထဲထိုးကျသွားတော့သည်။

ထိုးကျသွားသည့် အမှောင်ကမ္ဘာထဲမှာ သူမက ဘိုဂလက်ကိုဆွဲပြီး လွင်ပြင်ထီးထီးကြီးထဲမှာ အဖော်မဲ့စွာဖြင့် နှစ်ယောက်တည်းရပ်တည်ခဲ့ကြရသည်တဲ့လေ။

အဲဒီလွင်ပြင်ထဲမှာ ဘယ်မိသားစုမှမရှိ။

မိသားစုလည်း မရှိ၊ အိမ်တွေလည်းမရှိသည့် လွင်ပြင်ကြီးထဲမှာ သူမနဲ့ဘိုဂလက ဖေဖေ့ကိုလိုက်ရှာရင်း ပျောက်ဆုံးသွားသည့် ဖေဖေ့ကို တမ်းတအော်ခေါ်လိုက်သည်။

"ဖေဖေ"

"... ... ..."

"ဖေဖေ"

"... ... ..."

"ဖေဖေရေ အား"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ညီမ ညီမ သတိရလာပြီ"

ဆိုသည့် ယောကျ်ားသံတစ်ခုက ဟိုးအဝေးတစ်နေရာက ထွက်လာသလို လွင့်မြောသွားပြန်သည်။

"ညီမ သတိရပြီလား"

"အား ... ရေ ရေသောက်ချင်တယ်"

"အင်း အင်း ... သောက်ရမယ် ... ညီမ ပါးစပ်ဟ"

သူမကို ရေလာတိုက်သည့် ယောကျ်ားတစ်ယောက်ရဲ့အသံက ဘယ်သူလဲ။ ဘိုဂလား ...။

ဟုတ်ပါသည်။

ဘိုဂ စောစောက သူမလက်ကိုဆွဲပြီး လွင်ပြင်ထဲမှာပြေး လျှောက်သွားတာကို သူမ ဖျတ်ခနဲသတိရသွားပြီး ဘိုဂလက်ကလေးကို ပြန်ဆွဲယူထားလိုက်သည်။

ဘိုဂ လက်ကလေးကို ဆွဲထားရင်းမှ ပါးမင်ကလည်း ထိတ်လန့်တကြား ရေရွတ်လိုက်သေးသည်။

"ဘိုဂ ... ဖေဖေ ဘယ်ရောက်သွားပြီလဲ ဟင် ... ဟင် ဘိုဂ"

"ညီမရယ်"

"ဟင်"





ဘိုဂက သူမကို ငွေယွန်းလို့ပဲခေါ်ခဲ့တာ သူမနှလုံးသားက ခံစားသိရှိလိုက်ရသည်နှင့်တစ်ပြိုင်နက် သူမ့ဆွဲကိုင်သည့် လက်ပိုင်ရှင်က ဘိုဂ မဟုတ်ဘူးဆိုတာကို အသိအာရုံက ခံစားသိရှိလိုက်ရတော့သည်။

"ညီမ့ရယ် အရမ်းမခံစားစမ်းပါနဲ့၊ မင်းနှလုံးသားနုနုလေး အရမ်းထိခိုက်နေပြီ၊ လူ့ဘဝဆိုတာ ဖြစ်ပျက်ပဲ၊ ဖြစ်ပြီးရင် ပျက်ကြမှာပါ ... အစဉ်အလာသမိုင်းပဲ"

ဟုတ်ပါတယ် ကိုကြီး။

ရှင်က အရာအားလုံးကို ရယူပိုင်ဆိုင်လိုက်ရတဲ့သူဆိုတော့ ဖြစ်ပျက်နဲ့ရှုနိုင်ခဲ့ပေမယ့် ကျွန်မကတော့ ဆုံးရှုံးလိုက်ရသူဆိုတော့ အဲဒီလောက်အထိ တရားမပြည့်နိုင်ဘူး။

ရှင်လည်း တရားမပြည့်ပါဘူး။

တရားမပြည့်လို့ ဖေဖေ့ရဲ့စည်းစိမ်ချမ်းသာတွေကို စာချုပ်စာတမ်းနဲ့ ရှင့်ပစ္စည်းအဖြစ် ရယူခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ရယူခဲ့တဲ့အပြင် စာချုပ်ပါ စာတမ်းအရ ကျွန်မက ဆေးကျောင်းပြီးရင် ရှင့်ကိုလက်ထပ်ပေးရမယ်တဲ့လား ဦးမင်းခန့်ရယ်

ရှင့်ရဲ့ အချစ်ဆိုတာ ဘာလဲ။

ကျွန်မကို ရှင် ငွေဝယ်ကျွန်တစ်ယောက်လို သတ်မှတ်လိုက် တယ်ဆိုတာ ကျွန်မသိတယ်။

ဒီခံစားမှုတွေက ရှင်နဲ့ကျွန်မကို အစိမ်းဆုံး သူစိမ်းတွေအ ဖြစ် စည်းခြားသွားခဲ့ပြီဆိုတာ ရှင် တစ်နေ့သိစေရမယ် ဦးမင်းခန့်

"မငိုတော့နဲ့ကွာ ဦးလည်း နောင်တမလွန်ကနေ ညီမကို စိတ်ချလက်ချဖြစ်အောင် မငိုတော့နဲ့နော် ညီမ၊ ဦးရင်ထဲက စကား တွေကို ညီမ နားထောင်လက်ခံခဲ့တာပဲ၊ ညီမ ဦးကိုကျေးဇူးဆပ်တာ အတူတူပဲ ... နော်"

"ကျွန်မကို ဘာမှ လာမပြောတော့နဲ့"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း ... ဒီအချိန်မှာ ကျွန်မတစ်ယောက်တည်းပဲ ချင်တယ်"

"ဘယ်ဖြစ်မလဲကွာ ... အခုလိုအချိန်မျိုးမှာ ညီမတစ် ယောက်တည်း ဘယ်လိုမှမဖြစ်ဘူး"

သူချစ်သည့်ချစ်သူလေး သူ့ကို အစိမ်းဆုံးမျက်လုံးတွေ





စိုက်ကြည့်လာတာကို သူ ဘယ်လိုမှ မခံစားနိုင်တော့ဘဲ ချစ်သူလေး ကို သူ့ရင်ခွင်ထဲ ခပ်တင်းတင်းသိမ်းဖက်လိုက်ပြီး ချစ်သူလေးရဲ့ မျက် လုံးစိမ်းတွေကို သူ ခပ်ပြင်းပြင်းရှိုက်နမ်းလိုက်သည်။

"ကျွန်မ စိတ်ခံစားနေရချိန်မှာ ကိုကြီး လွတ်လွတ်လပ်လပ် နေပေးပါ"

"ဟင့်အင်းကွာ ... ကိုယ် မင်းကို စိတ်မချဘူး"

"ကျွန်မ မရူးဘူးနော် ဦးမင်းခန့်"

"ဘာပဲဖြစ်ဖြစ် မင်းနဲ့ကိုကြီးဟာ အနီးဆုံးရှိနေရမယ်၊ ညီမ ကို ကိုကြီး စိတ်မချဘူး"

သူ့စကားအဆုံးမှာ ငွေယွန်းက သူ့ရင်ခွင်ထဲကနေ ခပ်ကြမ်း ကြမ်းရုန်းထွက်လိုက်ပြီး အခန်းတစ်နေရာသို့ပြေးသွားကာ စားပွဲပေါ် မှာတင်ထားသည့် တီပေါ့ကြီးကို မငြိး ကြမ်းပြင်ပေါ်မှာ ချခွဲပစ်လိုက် သည်။

'ခွမ်း'

"ဟာ ... ညီမ"

"ကျွန်မ ရူးနေတာ ... ရှင် အနားမကပ်နဲ့ မကပ်နဲ့"

ဒီပုံအတိုင်းဆို ဘယ်လိုမှမဖြစ်တော့ပြီမို့ သူ စိတ်လွတ်ကိုယ် လွတ်ပေါက်ကွဲနေသည့် ငွေယွန်းကိုယ်လုံးကို အနောက်ကနေ သိမ်း



www.burmeseclassic.com

www.burmeseclassic.com

ပွေ့ပြီး အိပ်ခန်းဆီသို့ ပွေ့ချီလာခဲ့တော့သည်။

"လွှတ်စမ်း ... ရှင် ... ရှင် ဒါ ဘာလုပ်တာလဲ"

"ညီမ ... မင်း မသောင်းကျန်းစမ်းနဲ့"

"သောင်းကျန်းတယ် သောင်းကျန်းတယ်၊ ရှင်က ဘာလဲ ... ကျွန်မဖေဖေရဲ့ ရှိပစ္စည်းတွေကို အကုန်သိမ်းပိုက်ပြီးရုံမကလို့ ကျွန်မကိုပါ အပိုင်သိမ်းပိုက်ချင်သေးလို့လား"

"ငွေယွန်း ... မင်း မဟုတ်တာတွေ မပြောစမ်းနဲ့"

"အား ဟား ဟား ... ဖေဖေ ... ဘိုဂ ဘိုဂရေ"

သူ တကယ်စိတ်ပျက်ပါသည်။

ဒီပုံအတိုင်းဆို သူ ငွေယွန်းကိုအိပ်ဆေးထိုးပြီး သိပ်ရတော့မည့်အဖြစ် ရောက်ရပြီဖြစ်သည်။

"ဘိုဂ ... ဟီး ဟီး ... နင် ဘယ်ရောက်နေလဲ၊ ဘယ်တွေရောက်နေလဲ၊ ဖေဖေ လောကကြီးက ထွက်သွားပြီ၊ လောကကြီးမှာ ငါ တစ်ယောက်တည်းရယ်၊ နင် ပြန်လာပါတော့၊ ပြန်လာပါတော့ ဘိုဂရယ်"

စိတ်လွတ်ကိုယ်လွတ်ပေါက်ကွဲသွားသည့် ငွေယွန်း ခံစားချက်တွေကို သူကိုယ်ချင်းစာ နားလည်ခံစားပေးလိုက်မိပါသည်။

ဪ ... သူမလေးနှလုံးသားထဲမှာ ဖခင်တစ်ယောက်လုံး





ဆုံးရှုံးလိုက်ရသည်ဆိုတော့ ဒီလောက်တော့ ခံစားချက်နက်မှာပင် ဖြစ်သည်။

ခံစားချက်နက်တော့လည်း ...

သူမရင်ထဲက ခံစားချက်တွေ ရင်ပွင့်သွားမှာပေါ့လေ။

သူ ကိုယ်ချင်းစာပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဒီကနေ့မှ ထူးထူးခြားခြား ငွေယွန်းကို တမ်းတခဲ့မိသည့် သူ့ရင်ဘတ်ထဲမှာ တင်းကျပ်အုံ့ခဲနေသည်။

ငွေယွန်းကို ထူးထူးခြားခြား သတိရမိသလို ဖေဖေ့ကိုလည်း သတိရစိတ် ပြင်းသွားရသည်။

အင်း ... ဖေဖေများ ဘာများဖြစ်လို့ပါလိမ့်။

ဟာ ... ဘာမှမဖြစ်လောက်ပါဘူး။

ငါ သူတို့ကို လုံးဝမေ့ထားခဲ့တာပဲ ကောင်းပါတယ်။

သူ့အတွေးတွေကို မောင်းထုတ်ပစ်လိုက်ပြီး ခေါင်းကြီးကို လေးပင်စွာ ခါယမ်းပစ်လိုက်သည်။





"ဟယ် ... တစ်ယောက်တည်း ဘာတွေခေါင်းခါငြင်းနေတာလဲ"

"ဪ ... မမ"

ရုံးခန်းထဲကို သွက်လက်သည့်ခြေလှမ်းတွေနှင့် လှမ်းဝင်လာသည့် မမကို သူက တစ်ချက်ရီရီကြည့်ပြီး မှန်ပြတင်းကနေ အဝေးတစ်နေရာကို လှမ်းမျှော်လိုက်သည်။

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ... မောလျတုန်ယင်ပြီး အိမ်ကို အထူးလွမ်းနေသည်။

လွမ်းလွန်းလို့ ရင်ဘတ်ထဲမှာ စူးတက်လာပြီး မျက်ရည်တွေတောင် ရစ်ဝိုင်းသွားရသည်။

"ဟယ် ဘိုဂ ... မ မေးနေတယ်လေ"

သူ့နားနားကနေ ကပ်အော်လိုက်သည့် မမအသံကို သူ တစ်ချက် မျက်မှောင်ကုတ်ကြည့်ပြီး ...

"ဘာမေးတာလဲ မမ"

"မင်း ဘယ်သူ့ကို လွမ်းနေတာလဲလို့"

"လွမ်းတာတော့ လွမ်းတယ် ... အမျိုးအမည် မသိဘူး၊ ကျွန်တော့် Family Life က ဘယ်လိုပုံစံလဲဆိုတာကို ကျွန်တော်တွေးကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ရင်ထဲက အဆွေးသံကြီးနှင့်ပြောလိုက်တော့ မမ ရွှေရင်သူက တစ်ချက်ပင့်ပြုံးပြီး ...

"တွေးလို့ရော ရပြီလား"

"မရဘူး"

"အရူးလေး ... ကား Accident ဖြစ်လို့ အတိတ်မေ့သွားပါတယ်ဆိုခါမှ မင်း Family အကြောင်းကို ဘယ်လိုလုပ်သိတော့မှာလဲ"

မမက ကျွန်တော့်ကို တကယ်အတိတ်မေ့သွားတယ်လို့ ထင်တာလား။

တကယ်တော့ ...

ကျွန်တော် မမဘဝထဲကိုမြှုပ်နှံပစ်လိုက်တာဟာ ကျွန်တော့် မိဘနဲ့ မွေးစားနမကို စိတ်နာလို့ မုန်းသွားလို့။

ကျွန်တော် မမဘဝထဲမှာ အတိတ်မေ့တဲ့ကောင်လေးအဖြစ် ဟန်ဆောင်ခဲ့တာပဲ။

မမကို ကျွန်တော်ညာခဲ့မိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ။

"ဟဲ့ကောင်လေး ... ဘာဖြစ်လို့ ငါ့ကို မျက်လုံးသေကြီးနဲ့ ကြည့်နေတာလဲ"





မမက အကြည့်ချိုချိုတွေနှင့် သူ့လက်ကလေးကို ဆွဲယူပြီး သူမပါးပြင်မှာ အပ်လိုက်တာကို သူ ဘယ်လိုမှမခံစားလိုက်ရပေမယ့် နည်းနည်းတော့ရှက်သွားပါသည်။

ရှက်သွားလို့ မျက်နှာလေးကို ခပ်လွှဲလွှဲအပြု ...

မမက လက်ရဲဇက်ရဲနိုင်စွာ သူ့မျက်နှာကို သူမမျက်နှာနှင့် တည့်တည့်ဖြစ်သွားအောင် ဆွဲလှည့်ပစ်လိုက်ပြီး ရင်ထဲကလာသည့် အသံနှင့် ဆိုလာခဲ့သည်။

"ဘဝဆိုတာ ဒီလိုပါပဲ ဘိုဂရယ်၊ ပျော်သလိုနေပေါ့ကွာ၊ မင်း မတို့ဆီမှာ နေလာတာလည်း ငါးနှစ်ရှိပြီပဲ၊ ဒီအိမ်, ဒီလုပ်ငန်းတွေက မင်းစည်းစိမ်တွေပဲ၊ ဒီလုပ်ငန်းဟာ မင်းလုပ်ငန်းပဲ၊ မင်းလည်း ဦးဆောင်နိုင်တာပဲ၊ မက တခြားလုပ်ငန်းလုပ်မှာပေါ့"

"ကျွန်တော့်အပေါ် မမ ဘာလို့ ဒီလောက်ကောင်းတာလဲ ဟင်"

သူ ဒီစကားကို မမေးသင့်မှန်းသိသိကြီးနှင့် သူမေးမိသွားပြီးမှ ကိုယ့်ပါးစပ်ကိုယ် ဘယ်လိုဘရိတ်အုပ်ရမှန်းမသိ ဖြစ်သွားတော့သည်။

သို့သော် သူမကတော့ဖြင့် သူ့ရဲ့အမေးစကားကို မေးခွက်ကလေး ချိုင့်ဝင်သွားသည်အထိ သဘောတကျပြုံးလိုက်ရင်းမှ ရှက်



www.burmeseclassic.com

www.burmeseclassic.com



ခုံးတစ်ချက်ပင့်ကာ ...

"ဟင် ... မင်း ဘာပြောတယ်"

ဟု ခပ်နွဲ့နွဲ့လေးမေးလာခဲ့သည်တွင် သူ ရင်ခုန်နှုန်းတွေမြန်ဆန်သွားရသည်။

အင်း ... ရင်ခုန်ခုန်နဲ့ပဲ လိမ်ညာမှုသားစကားကြီးကို သုံးရဦးမည်ဖြစ်သည်။

"ဟင် ဘိုဂ"

အင်း ... သူမကလည်း သူ မဖြေမချင်း ရေငတ်သလိုတောင်းနေမယ့်ပုံမို့ သူဇွတ်မှိတ်ပြီး ရင်ထဲကမပါသည့်စကားလုံးတွေကို ပြောချလိုက်ပါတော့သည်။

"ကျွန်တော့်အပေါ် မ ဘာဖြစ်လို့ကောင်းတာလဲလို့"

မမက သူ့စကားကို တစ်ချက်လှလှပြုံးပြီး လက်ပိုက်ကာ ကိုယ်လုံးကိုဟန်ပါပါ နောက်ယို့ရပ်လိုက်ပြန်သည်။

အတန်ကြာရပ်ပြီး သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်ပြီးမှ အသံကို ခပ်တိုးတိုးထိန်းပြောလာခဲ့သည်။

"သံယောဇဉ်ရှိလို့ပေါ့ကွာ"

ဒီအသံဟာ ...

ရင်ထဲကအသံဆိုရင် သူ မမအရိပ်အောက်ကနေ ထွက်ပြေး





လွတ်မြောက်နိုင်ပါ့မလား။

ဘယ်လိုမှ မလွတ်မြောက်နိုင်ခဲ့ဘူး ထင်ပါတယ်။

အဲဒီလို မလွတ်မြောက်နိုင်ခဲ့အောင်လို့လည်း မမရင်ခွင်က နွေးထွေးလုံခြုံခဲ့တာ ဖြစ်သည်။

ဒီညတစ်ညလုံး သူ ဘယ်လိုမှ အိပ်မပျော်တော့ချေ။ နဖူးပေါ်လက်တင် စဉ်းစားခန်းဖွင့်ရပါတော့သည်။

အတိတ်က အကြောင်းတွေကို ပြန်မစဉ်းစားချင်ပေမယ့် နှလုံးသားထဲကို မမေ့နိုင်သည့်လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကာလက အဖြစ်အပျက်တွေက သူ့ရင်ဘတ်ကတစ်ဆင့် မျက်ဝန်းအိမ်မှာ လာရောက်ရိုက်ခတ်သွားသည်။

ဟိုး လွန်ခဲ့တဲ့ငါးနှစ်ကျော်ကာလ ...

သူ အသက်ဆယ့်ခြောက်နှစ်အရွယ်က ပုံရိပ်များနှင့်စကားသံများက သူ့နှလုံးသားဆီသို့ တစ်ရှိန်ထိုး စီးဝင်လာခဲ့သည်။

အဲဒီနေ့က သူ အရှုအမူးပေါက်ကွဲခဲ့လို့ အခုလို ငွေယွန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်သက်လုံးဝေးခဲ့ရသည်။

ဘဝတစ်ခုကို သူ နောင်တရချင်သွားရသည်။

ဒါပေမဲ့ သူ မမှားဘူးလို့ အချိန်အထိ ယုံကြည်ခဲ့မိသေးသည်။

တကယ်တော့ . . . သူ မမှားဘူးလို့ ယုံကြည်ခြင်းသည် သူ့ကိုယ်သူ လိမ်လည်ခြင်းသက်သက်သာ ဖြစ်သည်။

သူ မမှားဘဲနေမလား။

ဘဝမှာ အကြီးအကျယ်ကို မှားခဲ့တာဖြစ်သည်။

ဒါကြောင့်လည်း . . .

ဖေဖေ့ အရှက်လွှန်ပြီး သူ့မျက်နှာကို ပြင်းထန်သည့်လက် သီးတွေနှင့် ပစ်ကျွေးခဲ့တာဖြစ်သည်။

ဖေဖေ့လက်သီးတွေကို သူ မမေ့ခဲ့သလို ဖေဖေ့စကားသ တွေကိုလည်း သူမမေ့ခဲ့ချေ။

"ဘို . . . မင်း မင်း လူမဆန်ဘူး။ မင်း လူမဟုတ်ဘူး။ ဒါ ဒီလိုဖြစ်စရာလားကွ၊ မင်းကို ငါသတ်မယ် . . . သတ်ပစ်မယ်"

ဆိုသည့် ဖေဖေ့ရဲ့ပေါက်ကွဲသံစဉ်များနှင့် အဲဒီတုန်းက ထိ သည့်လက်သီးလုံးများကို မြင်ယောင်ပြီး သူ ရင်နင့်ကြေကွဲသွား သည်။

နောက်ဆက်တွဲ ဖေဖေ့စကားများက သူ့ကို ပိုပြီးရင်





ကြေကွဲခဲ့ရပါသည်။

"မင်း ငါ့သားမဟုတ်ဘူး၊ အသက်ကဖြင့် အခုမှ ဆယ့် ခြောက်နှစ်တောင် မပြည့်သေးဘူး။ တောက် . . . စိတ်ဓာတ်ယုတ်ညံ့ တဲ့ကောင်၊ မင်းကို . . . ငါကွာ အသေသတ်ပစ်ချင်တာ"

ဆိုသည့် ဖေဖေရဲ့ ကြမ်းရှသည့်စကားတွေနှင့် ဆုံးမမှု ကြမ်းကြမ်းတို့ သူ အံကြိတ်မျိုသိပ်ခဲ့သည်။

နာလွန်းသည့်ရင်ထဲက စကားတွေနှင့် ဖေဖေ့ကို သူပြန်ပြီး ပြောခဲ့တာတွေကိုတော့ ဖေဖေကြားသိခဲ့မည်မဟုတ်။

"ကျွန်တော် ဖေဖေ့ကို မုန်းတယ်၊ ဖေဖေ့ကိုမုန်းသလို ငွေ ယွန်းကိုလည်း သိပ်မုန်းတယ် . . . ၊

ငွေယွန်း . . . နင့်ကြောင့် ငါ့ဘဝကို ငါလိမ်လည်မှုနဲ့ သူတစ် ပါးအရိပ်အောက်မှာ နေခဲ့ရတာ၊ နင့်ကို ဒီတစ်သက် ငါ ဘယ်တော့ မှ မကျေတော့ဘူး"

သူ ကြိမ်းဝါးခဲ့တာကို ငွေယွန်းကတော့ နားလည်မည်မဟုတ်။

အခုချိန်မှာ . . .

သူက မိသားနှင့် တစ်မြို့တည်းနေပြီး အဝေးဆုံးကမ္ဘာ ခြား ခဲ့တာကြီးက သူ့ကို ငွေယွန်းကို ပိုပြီးစိတ်နာကြေကွဲသည့် ခံစားမှု တွေ ဖြစ်ခဲ့ပေမယ့် . . .



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ထဲက ချာခနဲ လှည့်ထွက်လာခဲ့သည့်အချိန်မှာ သူ့ကို တောင်းပန်ခဲ့သည့် ငွေယွန်းစကားသံများက သူ့နှလုံးသားကို အသစ်ဖြစ်ကာ ပြန်လည်နွေးထွေးလာခဲ့သည်။


"အို ဘိုဂ ... နင် မသွားရဘူး မသွားရဘူး ... နင့်ကို"

ဟင် ...

နင့်ကိုငါ ... ဘာဖြစ်လဲ ငွေယွန်း။

နင်ဆက်ပြောမယ့် စကားတစ်ခွန်းက ဘာလဲ။

အဲဒီစကားတစ်ခွန်းကို ငါသိချင်လို့ ငါ နင့်ဆီကို သိပ်မကြာတဲ့အချိန်တွေမှာ အရောက်လာခဲ့မှာပါ ငွေယွန်းရယ်။







## အခန်း (၉)

ဘယ်လိုမှ မမျှိသိပ်နိုင်တော့သည့် ...

ရင်ထဲက ခံစားချက်တွေက ဒီကနေ့မနက်မှာ သူ့ ငွေယွန်း တက်သည့် လမ်းမတော် ဆေး (၁) ကို ရောက်ရှိသွားခဲ့သည်။

သူ လမ်းမတော်ဆေးကျောင်းကို ရောက်သွားချိန်နှင့် သိပ် မကြာသည့်အချိန်မှာပဲ သူရပ်ထားသည့်ကားရှေ့သို့ အနက်ရောင် ကားတစ်စီးထိုး ရပ်လာတာကို သူ အမှတ်မထင် မော့အကြည့် ...

သူ့ရင်ဘတ်တစ်ခုလုံး နိမ့်ခနဲ ကျဆင်းသွားလေသည်။

ရင်တစ်ခုလုံး ...

နိမ့်သွားသလို မျက်လုံးတွေလည်း ပြာဝေမှုးမိုက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကားစတီယာရင်ကြီးကို ကျစ်ကျစ်ဆုပ်ကိုင်လိုက်သည့်အချိန်မှာပဲ သူ တစ်ချိန်က ငွေယွန်းကိုသမုတ်ခဲ့သည့် ဆရာဝန်က ငွေယွန်းမျက်နှာလေးကို ထိမတတ်ငုံ့ကြည့်ကာ ...

"ညီမ ... ဘာမှ ခံစားပြီး စဉ်းစားမနေနဲ့နော်၊ စာမေးပွဲ ဖြေနိုင်ဖို့ပဲ အဓိကပဲနော်"

ဆိုသည့် နူးညံ့ကြင်နာစွာ ဆိုလိုက်သည့်အသံက သူ့ နှလုံးသားကို လှံချွန်ချွန်နဲ့ထိုးလိုက်သလို သူနာကျင်အောင့်မျက်ခံစားလိုက်ရပြီး အံကို တင်းတင်းဖိကြိတ်ကာ ကားစတီယာရင်ကိုပဲ တင်းတင်းဖိဆုပ်ထားလိုက်သည်။

တောက် ...

ဖြစ်နိုင်ရင် သူ အရူးအမူးကားပေါ်က ဆင်းပြီး ပေါက်ကွဲချင်တာ။

ဒါပေမဲ့ ...

ဒီလူနဲ့ ငွေယွန်းဟာ လက်ထပ်ပြီးပြီလားဆိုသည့် သံသယစိတ်ဖြင့် သူ အံကြိတ်မျိုချပြီး ငွေယွန်းကျောင်းထဲကို လှမ်းဝင်သွားတာကို သူ အစအဆုံးလိုက်ကြည့်ပြီး ဝမ်းနည်းမျက်ရည်များ စီးကျလာခဲ့တော့သည်။

ရင်ထဲမှာ ...





ငါးနှစ်လုံးလုံး နာကြည်းစိတ်ဖြင့် မေ့ထားခဲ့သည့် ချစ်ရသူကို ဆုံးရှုံးလိုက်ရပါလျှင် ...

ဆိုသည့် ခံစားမှုအသိက ရင်ထဲကို အနက်ရှိုင်းဆုံး ထိုးဝင်သွားသည်တွင် သူ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပါသည်။

သူ ဆုံးဖြတ်လိုက်သည့် ...

ဆုံးဖြတ်ချက်က သူ့ကို နောက်ကျခွင့် မရှိသေးဘူးဆိုတာကို သူ့ကိုယ်စောင့်နတ်က ပြောကြားလိုက်သလိုလည်း ခံစားလိုက်ရသေးသည်။

"မင်း စိတ်ချမ်းသာမှာ ဘိုဂ ...

မင်း ငါးနှစ်လုံးလုံး စိတ်ဆင်းရဲနေတာတွေကို ငါမကြည့်ရက်လို့ ကံနတ်မင်းက မင်းတို့နှစ်ယောက်ကို ရွှေလက်တွဲခွင့် ပေးလိုက်ပြီ"

လို့များ ပြောနေသလားမသိ။

အဲဒီစကားသံကိုပဲ သူ ထပ်တလဲလဲကြားယောင်ပြီး ရင်ထဲမှာ ကိုယ့်မျှော်လင့်ချက်နဲ့ကိုယ် ယုံကြည် ခိုင်မတ်သွားတော့သည်။

ထိုယုံကြည်မှုတွေဖြင့် ငွေယွန်းကို တမ်းတလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ငွေယွန်း …

မင်းကိုငါ မျှော်လင့်နေခဲ့ပါတယ်။

"မင်း စိတ်ချမ်းသာမှာ ဘိုဂ …

မင်း ငါးနှစ်လုံးလုံး စိတ်ဆင်းရဲနေတာတွေကို ငါမကြည့်ရက်လို့ ကံနတ်မင်းက မင်းတို့နှစ်ယောက်ကို ရွှေလက်တွဲခွင့် ပေးလိုက်ပြီ"

ဆိုသည့်စကားသံများက …

သူနဲ့ အနီးတစ်ဝိုက်က ထွက်လာခဲ့သလို ခံစားနေရတာဟာ သူ ရူးသွပ်နေခဲ့သည်လား။

ဟုတ်ပါတယ် …

သူ စိတ်ကူးယဉ်ပြီး ရူးနေခဲ့တာဖြစ်သည်။

ဘယ်လောက်အထိ ရူးသွပ်ခဲ့ရသလဲဆိုရင် …

သူချစ်သည့် မိန်းကလေးကို သူမုန်းသည့် ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ထဲ ရောက်နေခဲ့ပြီလား မရောက်ခဲ့သေးဘူးလား





ဆိုတာကို သိချင်သည့်ခံစားချက်ဖြင့် …

သူမဆီကို ဒီညတွင်းချင်းပဲ ဖုန်းဆက်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

ဒီဆုံးဖြတ်ချက်က သူ့မျှော်လင့်ချက်ကို ရင်ခုန်ပျော်ဝင်သွားခဲ့ရလေသည်။

အခုချိန်မှာ …

ငွေယွန်းကတော့ ဆေးစာတွေကို အာရုံနောက်လောက်အောင် ကျက်နေရပြီဖြစ်သည်။

အင်း … ငွေယွန်းဆီကို ဖုန်းဆက်ရတာ သူ့ရင်တွေ မွန်းကျပ်နေသလို အသက်ရှူမဝတော့။

ငါးနှစ်လုံးလုံးကြီး ခွဲခွာခဲ့ရသည့် ချစ်သူဆီကို ဒီတစ်ကြိမ် ပထမဦးဆုံး ဖုန်းဆက်ခဲ့တာမို့ ဖုန်းနံပါတ်နှိပ်နေသည့် သူ့လက်များက တုန်ယင်နေခဲ့သည်။

ရင်တွေလည်း တဒိန်းဒိန်းခုန်ကာ တစ်ဖက်က ဖုန်းလိုင်းဝင်သွားတာကို သူ ရင်ခုန်မျှော်လင့်နေတုန်းမှာပဲ ငွေယွန်းရဲ့ ကြည်လင်ပြတ်သားသည့် အသံကလေးက သူ့နားစည်ထဲကို တုန်ယင်ကျိန်းရှစွာ ဝင်ရောက်လာခဲ့သည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"ဟယ်လို"

"... ... ..."

သူ့ရင်ထဲမှာ ရင်ခုန်မောလျတုန်ယင်နေပြီး ငွေယွန်းကို တော်တော်နှင့် စကားမပြောနိုင်ခဲ့ချေ။

သူ ရင်ဆိုပြီး ဘာစကားမှ မပြောမိသေးဘဲ ငါးနှစ်လုံးလုံး ခွဲခွာခဲ့ရသည့် ချစ်ရသူလေးရဲ့အသံကို ရင်ခုန်မိန့်မူးစွာ နားထောင်နေတုန်းမှာပဲ ...

"အခု ဖုန်းဆက်တာ ဘယ်သူလဲ၊ စကားပြောစရာ မရှိရင် ဖုန်းပိတ်လိုက်မယ်"

"နေပါဦး"

"ဟင်"

တစ်ဖက်မှ ငွေယွန်းအံ့ဩသွားသံက သူ့အသံကို ရိပ်မိသွားခဲ့လို့လားမသိ။

အင်း ...

ငွေယွန်းသိအောင်တော့ သူ ငွေယွန်းကို ရင်ဖွင့်ဖို့ စိတ်မကူးသေးဘဲ ...

ငွေယွန်းကို သူမရဲ့ Boy Friend က ဆက်သလိုမျိုး သူ





အစ်အောက်လိုက်သည်။

"အခု ငွေယွန်းဘေးမှာ ငွေယွန်းရဲ့ Body Guard ကြီး ရှိလားဟင်"

"ဘာ ... ရှင်ဘယ်သူလဲ"

ဟား ...

သူမအသံက ဒေါသသံပေါက်သွားတာမို့ သူ မျှော်လင့်ယုံကြည်ထားသလို ငွေယွန်းနဲ့ ဟိုဘိုးတော် လက်မထပ်ရသေးဘူးဆိုတာကို သူ ရင်အမောပြေစွာ ခံစားသိရှိလိုက်ရသည်။

"ရှင် ဘယ်သူလဲ"

"... ... ..."

ဒုတိယအကြိမ် မေးလာသည့် သူမအသံလေးကို သူ မျက်စိမှိတ်နားထောင်ရင်းမှ ...

ရင်ထဲကလာသည့်အသံနှင့် တိုးတိုးလေး ဖြေလိုက်မိသည်။

"မင်းကို သံယောဇဉ်တွယ်နေတဲ့သူ"

"ဟင်"

"ဘယ်သူလဲ"

"မင်းကျောင်းကပဲ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေယွန်း ... မင်း ဟိုဘိုးတော်ကြီးနဲ့ ကျောင်းကိုအတူ လာတာ ကိုယ်မကြိုက်ဘူး၊ မင်း နောက်တစ်ခါ အဲဒီဘိုးတော်နဲ့ ကျောင်းကို အတူမလာပါနဲ့လားကွာ၊ မင်း အဲဒီဘိုးတော်နဲ့လာတာကို မင်းအဖေက ဒီအတိုင်း လက်ပိုက်ကြည့်နေတာပဲလား"

"ဟင်"

တစ်ဖက်မှ အတန်ကြာငြိမ်သက်သွားပြီးမှ ...

"ရှင် ဘယ်သူလဲ ... ရှင် ကျွန်မတို့ကျောင်းသား ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဖေဖေဆုံးတာ မသိတဲ့သူက ကျွန်မတို့ကျောင်းသား ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဘာ ... ဘာပြောတယ် ငွေယွန်း"

ကြားလိုက်ရသည့်စကားက သူ့ကို ငရဲမီးတောက်ထဲ ဆွဲချလိုက်သလို ခံစားလိုက်ရပြီး

သူ အရူးတစ်ပိုင်း ဖုန်းကိုင်ထားသည့်လက်ကြီးကို ဘယ်ဘက်လက်တစ်ဖက်ဖြင့် စုညှစ်ကိုင်လိုက်ပြီး ရင်ထဲမှာ ခံစားစရာမရှိအောင် နာကျင်သွားခဲ့ကာ အရူးကြီးတစ်ယောက်လို ဖုန်းကိုင်ထားရင်းမှ "အား" ခနဲအော်ပစ်လိုက်ပြီး ဖုန်းကို အခန်းနံရံမှာ ပစ်





ပေါက်လိုက်ပါတော့သည်။

အဲဒီနောက် ပါးစပ်မှလည်း ရူးရူးသွပ်သွပ် ရေရွတ်လိုက်မိသည်။

"အား ... ဖေဖေဆုံးပြီ၊ ဖေဖေဆုံးသွားပြီတဲ့ ... ငါ မယုံဘူး၊ ငါ လုံးဝမယုံဘူး"

သူ တကယ်ရူးသွားပါသည်။

စိတ်ရဲ့ခံစားချက်ဟာ ဘာမှ ဦးတည်လို့မရရင် ရူးသွားတာနဲ့အတူတူပင် ဖြစ်ပါလိမ့်မည်။

"ဟုတ်ပါတယ်"

သူ့ရင်ထဲမှာ ဘာမှခံစားလို့ရမရတော့ဘဲ ဗလာမဲ့မှောင်မိုက်သွားတော့သည်။

မှောင်မိုက်ကမ္ဘာထဲမှာ သူက ငွေယွန်းရဲ့ကိုယ်လုံးကို ဖမ်းဆွဲပြီး ...

"ဖေဖေ မသေပါဘူး ... နင် မဟုတ်တာမပြောနဲ့ ငွေယွန်း"

လို့ သူက ငွေယွန်းကို နောက်ဆုံးမျှော်လင့်ချက်နှင့် ပြောလိုက်သည်တွင် ငွေယွန်းက မျက်နှာလေးကို လက်ဝါးနှင့်အုပ်ပြီး သူ့ကိုဆွဲဖက်ကာ သူ့ရင်ဘတ်ကြီးကို တဘုန်းဘုန်းရိုက်ပြီး ဆို့နင့်ကြေကွဲသံလေးနှင့် ဆိုလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဖေဖေဆုံးသွားပြီ၊ နင် ယုံကြည်လက်ခံပေးပါ"

ငွေယွန်းအသံက တခြားနေရာကို ပျောက်သွားပြန်ပြီမို့ သူက အမှောင်ထဲကနေ ငွေယွန်းကို အကျယ်ကြီး အော်ခေါ်လိုက်ပါတော့သည်။

"ငွေယွန်း"







## အခန်း (၁၀)

"ငွေယွန်း"

". . . . . . . . ."

"ငွေယွန်း"

ငွေယွန်းနားစည်ထဲမှာ . . .

ငွေယွန်းကို တမ်းတမ်းတတ အော်ခေါ်နေသည့်အသံက ဘိုဂအသံပဲဟု ငွေယွန်း တစ်ထစ်ချယုံကြည်လိုက်သည်နှင့်တစ်ပြိုင်နက် ငွေယွန်း အိပ်နေရာမှ ဆတ်ခနဲထထိုင်ပြီး နားစွင့်ထားလိုက်သည်။

"ငွေယွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဘို . . . ဘိုဂ ဘိုဂအသံမှ ဘိုဂအသံစစ်စစ်။

ဘိုဂ ဘယ်ကများ ခေါ်နေတာပါလိမ့်။

ဘိုဂအသံက တိတ်ဆိတ်သည့်ညအချိန်မှာ ငိုရှိုက်သံများ ပါဝင်ကာ လှိုင်းထနေသည်။

ဘို ဘိုဂ . . . ဘိုဂ ငါ့ဆီလိုက်လာပြီပေါ့။

ဒါဆို စောစောက ဖုန်းဆက်တာ ဘိုဂပေါ့ . . . ဆိုသည့် အသိအာရုံက ငွေယွန်းကို ရှူးသွားမတတ် ခံစားချက်ပြင်းသွားရပြီး အခန်းထဲကနေ တစ်ရှူးထိုးပြေးထွက်လာသည့်အချိန်မှာပဲ ဘိုဂအသံ က ကြေကွဲငိုရှိုက်သံဖြင့် လှိုင်းထစွာ ထွက်လာခဲ့ပြန်သည်။

"ငွေယွန်း . . . ငါ နင့်ဆီကို ပြန်လာခဲ့ပြီ၊ ငါ့ကို တံခါးလာ ဖွင့်ပေးပါ၊ ငါ့ကို တံခါးလာဖွင့်ပေးပါ"

"အို . . . လာပြီ လာပြီ ဘိုဂ . . . ငါ လာပြီ"

ငွေယွန်း အသံလာရာကို မှန်းပြေးသွားပြီး အမှောင်ထဲက နေ ပြေးလျှောက်သွားလိုက်သည်။

အဲဒီနောက် လှေကားထစ်ကို ဘယ်လို ဖြတ်ကျော်လိုက်မိ မှန်း မသိ။

အပေါ်ဆုံး လှေကားထစ်ကနေ

ဘယ်က ဘယ်လို အိမ်အပြင်တံခါးပေါက်ဆီသို့ အထွက်





တံခါးကို ဖျတ်ခနဲဖွင့်အပြီးမှာ တံခါးဝမှာ အရပ်ရှည်ရှည်မည်းမည်း သဏ္ဍာန်အရိပ်တစ်ခုက ငွေယွန်းကို အာခေါင်ခြစ်အော်ပစ်လိုက် မိသည်အထိ ထိတ်လန့်ချောက်ချားသွားသည်။

"အား"

ခနဲအော်လိုက်သည့် သူမအသံကိုပဲ သူမ ကြားလိုက်ရပါ သည်။

သူမ ဘာမှ ခံစားချက်မရှိအောင် လွင့်ထွက်သွားတော့သည်။

"ဘိုဂ ဟင် . . . ဘိုဂရော"

မျက်လုံးတွေ ဂနာမငြိမ်ဖြစ်ကာ သူ့ကို စိုက်ကြည့်လိုက်၊ တစ်ဖက်သို့ မျက်လုံးရွေ့လျားလိုက် လုပ်နေသည့် ငွေယွန်းကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ်သွားသည်။

ဖြစ်မှဖြစ်ရလေ ညီမရယ်။

မင်း စိတ်ခံစားချက်တွေများသွားပြီး စိတ်မမှန်ဖြစ်သွားလား။ ပြာချင်ရာပြောနေသည့် ချစ်သူလေးကို သူ စိတ်မကောင်းစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရိုဝေဆွေးမြည့်စွာ စိုက်ကြည့်လိုက်မိသည်။

သူ့အကြည့်တွေကို သူမက မျက်လုံးသေတွေနှင့် ပြန်စိုက်ကြည့်ပြီး . . .

''ရှင်လေ . . . ကျွန်မကို ဘာကြည့်နေတာလဲ''

''ညီမရယ်''

''အို . . . ဘာကြည့်နေတာလဲလို့''

''မင်း စိတ်ခံစားချက်တွေများနေပြီ''

''အို . . . စိတ်ခံစားချက်များလို့ ကျွန်မကို ရူးသွားပြီလို့ ရှင်က သတ်မှတ်တာလား''

သူ ငွေယွန်းကိုကြည့်ပြီး ရင်ထဲမှာ ဗလာမဲ့သွားရပါပြီ အခုရက်ပိုင်းမှာ ငွေယွန်း Depression ဖြစ်ပြီး မျက်လုံးသေတွေနှင့် သူ့ကို ဘိုဂဟု ခဏခဏခေါ်လာခဲ့တာကို သူ ရင်မချိစွာ ခံစားခဲ့ရ ပေမယ့် ငွေယွန်းကို ချော့မော့နှစ်သိမ့်ပြီး ဆေးတိုက်ခဲ့ရသည်။

တိုက်ရသည့်ဆေးပြားများကတော့ စိတ်ငြိမ် အိပ်ဆေးဆေး ပြားများ ဖြစ်သည်။

သူက ငွေယွန်းကို စိတ်ငြိမ်ဆေးတိုက်တော့ ငွေယွန်းက သူပေးသည့်ဆေးတွေကို ဆွဲလွှင့်ပစ်လိုက်ပြီး သူ့လက်ထဲကနေ ရှမ်း ထွက်ကာ ဝုန်းခနဲ ထရပ်ပစ်လိုက်သည်။





''ဒါ ဘာလုပ်တာလဲ''

'' . . . . . . . . . ''

''ဟော့ . . . ဒါ ဘာလုပ်တာလဲ''

'' . . . . . . . . . ''

''ညီမ . . . သတိထားပါကွာ သတိထားပါ''

''ဘာလဲ . . . ရှင်က ကျွန်မကို ရူးသွားပြီထင်လို့လား''

''ဟာ . . . ညီမ မင်း''

'ဝုန်း'

ခနဲ ထရပ်လိုက်သလို 'ဝုန်း'ခနဲ ပစ်ခွဲလိုက်သည့်စားပွဲပေါ်က ဖန်ခွက်က 'ခွမ်း' ခနဲ ကျကွဲသွားသည်။

''ဟော့ ညီမ . . . မင်း''

သူ ငွေယွန်းကိုယ်လုံးကို အနောက်ကနေ သိမ်းဖက်ပြီးချုပ်ကာ အခန်းထဲက ဆွဲခေါ်လာခဲ့သည်။

''ဘာလုပ်တာလဲ ဘာလုပ်တာလဲ''

''ညီမ . . . မင်း မရူးစမ်းနဲ့''

''ဟင့်အင်း . . . မရူးပါဘူး မရူးပါဘူး။ ကျွန်မကို ညက ဘိုဂ ဖုန်းဆက်တယ်''

''အင်း အင်း''



www.burmeseclassic.com

www.burmeseclassic.com



"သူက ညက ပြောတယ် . . . ကျွန်မကို ရှင်နဲ့ စိတ်မချဘူး တဲ့"

"အင်း အင်း"

သူ ခေါင်းတညိတ်ညိတ်နှင့် သူမကို ချော့မော့နှစ်သိမ့်လိုက်ပြီး ငွေယွန်းကို ဆတ်ခနဲပွေ့ချီကာ အခန်းထဲကို လျှောက်လာခဲ့လိုက်သည်။

အဲဒီနောက် ငွေယွန်းကိုယ်လုံးလေးကို ခုတင်ပေါ်မှာ လှဲသိပ်လိုက်ပြီး ချော့ချော့မော့မော့ ဆေးတိုက်လိုက်သည်။

"ညီမ . . . ပါးစပ်ဟ၊ တော်ကြာ ဘိုဂလာတော့မှာ၊ ဘိုဂလာတော့ အေးအေးဆေးဆေး စကားပြောလို့ရတာပေါ့နော်"

"ဟင် . . . ကျွန်မ မယုံဘူး . . . ရှင် မညာနဲ့"

"ကိုယ် မညာပါဘူးကွာ"

သူ ရင်ထဲမှာ ဘယ်လိုမှမချိတော့ဘဲ ငိုချင်သည့်စိတ်တွေကို အံကြိတ်မျိုချလိုက်ရသည်။

ဒီလောက်အထိ စိတ်ခံစားချက်များသွားသည့် ငွေယွန်းနှလုံးသားထဲမှာ ဘယ်လိုခံစားချက်မျိုးနှင့် အဆိပ်မွှမ်းသွားသည်မသိ . . .

ငွေယွန်းစိတ်ထား ပုံမှန်မဟုတ်တော့ဘူးဆိုတာကို သူ နာကျင်ကြေကွဲစွာ သိလိုက်ရသည်နှင့် ရှေ့ဆက် ဘယ်လိုစခန်းမြန်းရမယ်ဆိုတာကို သူ ဘာမှမစဉ်းစားချင်တော့အောင် ဝမ်းနည်းဆို့နင့်သွားခဲ့သည်။






အခုအချိန်မှာ . . . သူ မစဉ်းစားတာဘဲ ကောင်းပါတယ်။

စဉ်းစားမိရင် ဦးနှောက်ဝါးသွားလိမ့်မည် ထင်ပါသည်။


အင်း . . . ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ သူအားလုံးကို မေ့ပစ်လိုက်တာပဲ ကောင်းပါသည်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

BURMESE CLASSIC .com

"ဟင့်"

အခန်းတံခါး ဘုသီးကို လှည့်ဝင်လာသည့်အသံက သူ့ကို [illegible]

ခုတင်ပေါ်မှာ မှိန်းနေရာမှ ထိတ်ခနဲ လန့်ဖျပ်သွားရသည်။

ဒီရက်အတွင်း ...

သူ အတွေးတွေနှင့် ရှုးသွပ်ကာ အတိတ်က ခံစားမှုတွေ [illegible] နလုံးတည့်တည့်ကို ရိုက်ခတ်ဝင်ရောက်နေခဲ့ပြီး မျက်ရည်တိတ်တိ [illegible] ကျကာ အလွမ်းမင်းသားကြီး ဖြစ်နေခဲ့သည်။

အခုလည်း ...

ဖေဖေမရှိတော့သည့် အိမ်ကြီးထဲမှာ တစ်ယောက်တည် [illegible]





အထီးကျန်စွာရှိနေမည့် ငွေယွန်းကို သနားကြင်နာစိတ်ဖြင့် တမ်းတကြေကွဲနေတုန်း သူ့အခန်းထဲကို မမ ရောက်လာခဲ့တာဖြစ်သည်။

သူက မမကို တစ်ချက်ကြည့်ပြီး မျက်ရည်ကြည်များရစ်ဝိုင်းနေသည့် မျက်ဝန်းအိမ်ကို မျက်တောင်များဖြင့် ခတ်တင်ပြီး ...

"ဘာလဲ မမ"

"... ... ..."

မမက သူ့အမေးစကားကို ဘာမှမဖြေသေးဘဲ မရှိတရှိပြုံးသွားကာ မျက်နှာတစ်ချက်ပင့်ပြီး သက်ပြင်းရှိုက်လိုက်သည်။

မမသက်ပြင်းရှိုက်တာကို သူ ဘယ်လိုကြီးခံစားလိုက်ရမှန်းမသိ ခံစားလိုက်ရပြီး အိပ်နေရာမှ ဆတ်ခနဲထရပ်ပစ်ကာ မမနှင့်မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

"ဘာပြောစရာရှိလို့လဲ မမ"

"ပြောစရာမရှိရင် မင်းအခန်းထဲကို မလာရတော့ဘူးလား"

သူ တော်တော်စိတ်ညစ်သွားပါသည်။

မမကို စိတ်ညစ်သွားသည့်မျက်လုံးတွေနှင့် တစ်ချက် တွေတွေစိုက်ကြည့်လိုက်ပြီး အခန်းထဲကနေ လှည့်ထွက်လာခဲ့လိုက်သည်။

သူ ဒီအချိန်မှာ မမနှင့် တစ်ခန်းတည်းမရှိသင့်ဘူးဆိုသည့်ဆုံးဖြတ်ချက်ဖြင့် လှည့်ထွက်လာခဲ့တာကို မမကတော့ ဘယ်လိုခံ



www.burmeseclassic.com

www.burmeseclassic.com

စားချက်မျိုးဖြင့် ခံစားသွားရသည်မသိ။

သူ့ကို အကြည့်ရှိရှိမျက်လုံးတွေနှင့် စိုက်ကြည့်ပြီး သူ့အရှေ့မှာ ကွယ်ရပ်လိုက်ကာ . . .

"မင်း ဘာဖြစ်နေတာလဲ ဘိုဂ"

"ဟင်း"

သူ့မှာ ဖြေစရာစကားလုံး မရှိတော့။ စကားလုံးရှိခဲ့ရင်လည်း သူ့ရင်ထဲက စကားတွေကို မမကို ဖွင့်မပြောချင်ခဲ့ပါ။

မမကို ဘာတစ်ခွန်းမှ ဖွင့်မပြောတော့ဘဲ ငုံ့စုံပစ်ကြီး ရှူးချင်ဟန်ပဲ ဆောင်နေလိုက်တော့သည်။

အဲဒီလို ရှူးချင်ဟန်ဆောင်လိုက်တော့ မမက ဒေါ်သထွက်သွားပုံဖြင့် သူ့ပခုံးကြီးကို အုပ်ကိုင်ခါယမ်းပြီး . . .

"ဟင် . . . မေးနေတယ်လေ ဘိုဂ"

"ကျွန်တော် ဘာမှမဖြစ်ဘူး"

သူ့အသံက မာရေကျောရေ ထွက်သွားခဲ့လေသည်။

မမက သူ့ကို အံ့သြသလို တစ်ချက်ကြည့်ပြီး . . .

"ဟား . . . ကိုယ်ရှူးတော့မယ်၊ မင်း တစ်ခုခုဖြစ်နေတာ ကိုယ့်ကိုပြောပြ"

ဟား . . . သူ မမကိုကြည့်ပြီး တော်တော့်ကို စိတ်ညစ်သွားရသည်။ စိတ်ညစ်လွန်းလို့ ခေါင်းကြီးကို လက်နှစ်ဖက်ယှက်ပြီး မမရှေ့မှာပဲ ငိုက်စိုက်ချပစ်လိုက်ကာ . . .





"ကျွန်တော့်ကို ဘာမှ လာမမေးတော့နဲ့ . . . ဘာမှ လာမမေးပါနဲ့"

လို့ သူ အော်ဟစ်လိုက်သည်။

သို့သော် မမက တစ်ချက်မှ နောက်မတွန့်ဘဲ သူ့မျက်လုံးတည့်တည့်ကို စိုက်ကြည့်ပြီး . . .

"မင်းမှာ လျှို့ဝှက်ချက် တစ်ခုခုရှိနေပြီ"

"ဟာ . . . ဘာလျှို့ဝှက်ချက်လဲ"

သူ ထိတ်လန့်တုန်လှုပ်စွာ အော်လိုက်တာကို မမက တစ်ချက် မဲ့ပြုံးသွားပြီး သူ့ပခုံးကို တဘုတ်ဘုတ်ရိုက်ထုလိုက်လေသည်။

သူ့ပခုံးကို တဘုတ်ဘုတ်ရိုက်နေရင်းမှ . . .

"မင်း ကိုယ့်ကို လိမ်နေတာ"

"မလိမ်ဘူး"

"ဒါဆို ညာနေတာ"

"မညာပါဘူး မမရယ် . . . ကျွန်တော့်ကို စိတ်ဆင်းရဲအောင် မလုပ်စမ်းပါနဲ့"

"စိတ်ဆင်းရဲနေတာက ငါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ကျွန်တော့်ကို ဘာမှလာမပြောတော့နဲ့ဗျာ၊ ကျွန်တော် စိတ်ညစ်နေတဲ့အချိန်မှာ ရင်ထဲမှာ အရှင်းအလင်းရှိချင် တယ်၊ ကျွန်တော့်ကို ဘာမှလာမပြောပါတော့နဲ့ ... တောင်းပန်ပါ တယ်"

သူ တောင်းပန်လိုက်တော့ မမက အံတစ်ချက်ကြိတ်ပြီး သူ့ကို ခပ်စိန်းစိန်းစိုက်ကြည့်ရင်းမှ တစ်လုံးချင်းမေးလာခဲ့သည်။

"ဒါဆို ကိုယ်က မင်းရှေ့က အခုထွက်ပေးရမှာလား"

သူ မမကို တစ်ချက်စိုက်ကြည့်ပြီး ခေါင်းတစ်ချက်ဆတ် ကာ ဖွတ်မှိတ်ပြောချလိုက်သည်။

"ဟုတ်ကဲ့ ... ထွက်ပေးပါ"

"ကောင်းပြီ ... မင်းကိစ္စကို ငါ ဘာတစ်ခုမှ စိတ်မဝင်စား တော့ဘူး"

ပြောပြီး ချာခနဲလှည့်ထွက်သွားသည့် မမနောက်ကျောပြ လေးကို ငေးကြည့်ပြီး သူ့ရင်ထဲမှာ ဘာတွေကြေကွဲလို့ ကြေကွဲ သွားမှန်းမသိ ခံစားချက်ပြင်းသွားခဲ့သည်။

ရင်ထဲမှာ ခံစားရလွန်းလို့ ယောက်ျားတန်မဲ့ စီးကျလာသည့် မျက်ရည်တွေကို မမသာ နောက်တစ်ဖန် လှည့်ကြည့်ရင် လှမ်းမြော မြင်တွေ့သွားရပါလိမ့်မည်။





သို့သော် သူ မမကို ရင်ထဲက စကားတွေကိုတော့ ဘယ် တော့မှ ဖွင့်ပြောမည်မဟုတ်ချေ။

သူ့ရင်ထဲကစကားတွေကို မမသာ ကြားသိသွားလျှင် သူ့ကို ဘယ်လိုချုပ်ကိုင်အမိန့်ပေးဦးမည်မသိ။

သူကတော့ ...

မမရဲ့ ချုပ်ကိုင်မှုတွေကို တစ်ခုပြီးတစ်ခုငြီးငွေ့စိတ်ပျက်လာ ခဲ့ရပြီဖြစ်သည်။

သူ့ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်တော့သည့်အဆုံး ငွေယွန်း ရှိသည့် လမ်းမတော်ဆေးကျောင်းကို ဒုတိယအကြိမ်ရောက် သွားခဲ့ပြီး ငွေယွန်းတို့ ထမင်းစားဆင်းသည့်အချိန်မှာ သူ ငွေယွန်းရှိသည့် အတန်းရှေ့ကို ဇွတ်ရွတ်ဝင်သွားလိုက်သည်။

သူ ငွေယွန်းအတန်းရှေ့မှာ ရပ်လိုက်သည်တွင် သူ့ကို မျက် လုံးသေတွေနှင့် စိုက်ကြည့်ပြီး ဘာစကားမှမပြောဘဲ နှုတ်ခမ်းလေး တွေ တဆတ်ဆတ်တုန်လာသည့် စိတ်ခံစားချက်ပြင်းသွားသည့် ငွေ



www.burmeseclassic.com

www.burmeseclassic.com



ယွန်းကို သူ့အတန်းသူအတန်းသားတွေရှေ့မှာပင် မရှောင်တော့ဘဲ ခပ်တင်းတင်းဆွဲပွေ့ကာ ကြေကွဲဆိုနင့်သံကြီးနှင့် ...

"ငွေယွန်း"

လို့ လှိုက်ဆို့စွာ ခေါ်လိုက်သည်။

သူ တုန်ယင်လှိုက်ဆို့စွာ ခေါ်လိုက်တာကို ငွေယွန်းက ပိုပြီး ကြေကွဲခံစားလိုက်ရသည် ထင်သည်။

သူ့ရင်ခွင်ထဲမှာ ကလေးလေးတစ်ယောက်လို "ဟီး"ခနဲ ငိုချလိုက်တာကို ကျောင်းသူကျောင်းသားများ အံ့ဩစွာငေးကြည့်လာခဲ့သည်တွင် သူက မရှက်နိုင်တော့ဘဲ ...

ငွေယွန်းလက်ကလေးကို ဆွဲပြီး အတန်းထဲကနေ လှည့်ထွက်လာခဲ့သည်။

"ငွေယွန်း"

သူဆို့နင့်ကြေကွဲစွာ ငွေယွန်းမျက်နှာလေးကို လက်နှစ်ဖက်နဲ့ပင့်ပြီး သူ့မျက်နှာကြီးနှင့်ပူးယှက်ပြီး ခေါ်လိုက်သည်တွင် ငွေယွန်း





ကလည်း သူ့မျက်နှာကြီးကို ဆွဲကိုင်ခါယမ်းပြီး ...

"ဘိုဂ"

ဟု ကြေကြေကွဲကွဲ ပြန်ခေါ်လိုက်သည်။ အဲဒီနောက် ...

ငွေယွန်းနှင့်ဘိုဂ ကားမှန်မည်းတပ်ကားထဲမှာ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်းပွေ့ဖက်ပြီး ငါးနှစ်လုံးလုံး ခွဲခွာခဲ့ရသည့်အလွမ်းတွေအတွက် အသည်းနှင့်စွာ ငိုကြွေးလိုက်ပါသည်။

အတန်ကြာ ကြေကွဲဆို့နင့်စွာ ငိုရှိုက်ပြီးမှ သူက သတိတရ ငွေယွန်းမျက်နှာလေးကို ဆွဲပင့်ပြီး ငွေယွန်းခံစားနေရသည့်ရင်ကို ချော့မော့နှစ်သိမ့်လိုက်သည်။

"ငွေယွန်း ... ဘာမှ ဝမ်းမနည်းပါနဲ့ဟာ၊ တစ်လောကလုံးမှာ ငါတစ်ယောက်လည်း ကျန်ပါသေးတယ်"

"ဘိုဂ ... နင် နင် ငါ့ဘေးက ဘယ်မှ ထွက်မသွားပါဘူးနော်၊ ငါ့ကို မထားခဲ့ရဘူးနော်၊ တစ်လောကလုံးမှာ ငါတစ်ယောက်တည်း အထီးကျန်လွန်းလို့ ရူးတော့မယ်၊ ရူးတော့မယ် ... သိလား ဘိုဂရဲ့"

သူ့ရင်တစ်ခုလုံး ဟာလာဟင်းလင်း ပွင့်ထွက်သွားတော့သည်။ ဒီအချိန်မှာ ... သူ ကမ္ဘာ့အပြင်ဘက် လွတ်ထွက်သွားချိန်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ကောင်းလိုက်မလဲ။

ကမ္ဘာ့အပြင်ဘက်ကိုတောင် ဖောက်ထိုးပစ်ကျသွားခဲ့ချင်တာ ပါ။

အဲဒီလောက်အထိ သူ ဒီသက်ရှိ ကမ္ဘာလောကကြီးကို စိတ် နာခဲ့တာဖြစ်သည်။





## အခန်း (၁၂)

ဒီရက်အတွင်း သူ့ကို ရှောင်ဖယ်ရှောင်ဖယ်လုပ်နေသည့် ငွေယွန်းကို သူ တည့်တည့်မတ်မတ် မျက်နှာချင်းဆိုင်ပြီးမေးဖို့ ဆုံး ဖြတ်လိုက်သည်။

ငွေယွန်း သူ့ကို ရှောင်နေတာ အကြောင်းတစ်ခုခုတော့ ရှိ ပြီဆိုသည့် ယုံကြည်ချက်ဖြင့် သူ ငွေယွန်းတို့အိမ်ကို ရောက်ရှိသွားချိန် မှာ . . .

မြင်တွေ့လိုက်ရသည့်မြင်ကွင်းက သူ့မျက်လုံးတွေကို ပြာရီ မှုံမိုက်သွားတော့သည်။

ရင်တွေလည်း တဒိန်းဒိန်းဆောင့်ခုန်သွားပြီး ငွေယွန်းကို

www.burmeseclassic.com



မုန့်ခွံ့ကျွေးနေသည့် ငွေယွန်းပါးစပ်မှ အကြိမ်ကြိမ်တမ်းတနေသည့် ဘိုဂဖြစ်နေတာက သူ့ကို အာရုံစားသွားတာ့သည်။

"ဘိုဂ"

လို့လည်း သူ့ပါးစပ်က ကယောင်ကတမ်းရေရွတ်ပြီး သူတို့နှင့် မျက်နှာချင်းဆိုင်ဆိုဖာမှာ ဝင်ထိုင်လိုက်သည်တွင် ဘိုဂက သူ့ကို တစ်ချက်မှလှည့်မကြည့်ဘဲ ငွေယွန်းနှုတ်ခမ်းမှာ ပေသွားသည့် မုန့်ဖတ်လေးတွေကို ခပ်ဖြည်းဖြည်း ပွတ်သုတ်ပေးလိုက်လေသည်။

ပါးစပ်မှလည်း ပြောသေးသည်မှာ ...

"ကလေးမဟုတ် သူငယ်မဟုတ် နှုတ်ခမ်းကို ပေအောင်စားရတယ်လို့"

ဘိုဂက သူ့ကို လုံးဝဂရုမစိုက်ပေမယ့် ငွေယွန်းကတော့ သူ့ရဲ့ချုပ်ကိုင်မှုအောက်မှာ အသားကျနေသူပီပီ သူ့ကို ရှိုးတိုးရှန့်တန့်မျက်လုံးတွေနှင့်ကြည့်ကာ

"ကိုကြီး ... ဘိုဂ ပြန်လာပြီ"

ဟုအသိပေးသလို ပြောလိုက်တာကို သူက ခပ်တွေတွေတစ်ချက်ကြည့်ပြီး ဘိုဂကို လူမှုရေးအရ နှုတ်ဆက်ပြုံးဖြင့် နှုတ်ဆက်လိုက်ပါသည်။

"အေး အေး ... ကောင်းတာပေါ့ကွာ၊ မင်းတို့မောင်နှမတွေ





ပျော်ပျော်ပါးပါး ဖြစ်သွားကြတာပေါ့ ... နော် ဘိုဂ"

သူက လူမှုရေးအရ ဘိုဂကို အပြုံးနှင့်စကားပြောလိုက်ပေမယ့် ဘိုဂက သူ့ကို အရေးမလုပ်ဘဲ မျက်မှောင်ကြီးကုတ်ကြည့်ကာ ...

"ခင်ဗျား ကျွန်တော်တို့စကားဝိုင်းထဲ ဝင်မရှုပ်စမ်းနဲ့ဗျာ"

လို့ တူးတူးခါးခါးပြောလာခဲ့သည့် ဘိုဂစကားတွေက သူ့ရင်ထဲက မာန်မာနတွေကို ထိုးဆွလိုက်သလို ခံစားလိုက်ရပေမယ့် သူက ခပ်သာသာပင် အပြုံးနှင့် ထိန်းလိုက်ပြီး ...

"ဘိုဂက နဂိုအတိုင်းပဲနော်"

"ဟုတ်တယ် ... ကျုပ်က ပုံစံမပြောင်းဘူး"

"ငွေယွန်းကတော့ ပုံစံပြောင်းသွားပြီ"

ဘိုဂကိုမြင်မြင်ချင်း သူ ဒီစကားမပြောချင်ပါ။ သို့သော် ဒီ ...တီးဂျစ်ကန်ကောင်လေးကို သူ မခံချင်လို့ကို ဒီစကားကို ဖွင့်ပြောချလိုက်တာဖြစ်သည်။

သူပြောလိုက်တာကို ကောင်လေးက ပမာမခန့် သူ့ပေါင်သူ ...တစ်ဖက်ဖြင့် တဖတ်ဖတ်ပုတ်ပြီး သူ့ကို မထီတထိ စိုက်ကြည့်ကာ

"ဟုတ်လား ... ငွေယွန်းက ဘာပုံစံပြောင်းလဲ"

"သူ့ကိုမေးကြည့်"

www.burmeseclassic.com



"အင်း … မေးရတာပေါ့၊ ကဲ ငွေယွန်း … နင် ငါမရှိတဲ့ ဒီငါးနှစ်ကျော်ကာလမှာ ဘာပုံစံတွေ ပြောင်းလဲသွားလဲ"

"ပြောစမ်း ညီမ"

"ဘာဗျ"

"အို … ကိုကြီး"

'ဝုန်း'ခနဲ ထရပ်လိုက်သည့် ဘိုဂကို သူက လက်တစ် ဖက်ဖြင့် ဖမ်းဆွဲလိုက်ပြီး ဘိုဂရဲ့ မြောက်တက်လာသည့်လက်ကို ခပ်နာနာ လိမ်ချိုးရင်းက ကျစ်တစ်ချက်စုတ်ပြီး အံခဲသဖြင့် တစ်လုံး ချင်းပြတ်ပြတ်သားသားပြောလာခဲ့သည်။

"မင်း တော်တော်လက်ယဉ်တာပဲ၊ ငါလို လူကြီးလူကောင်း ကို မင်း လက်သီးအားမကိုးနဲ့၊ မင်းကို မင်းဖေဖေရဲ့မျက်နှာကြောင့် ငါ ဒီလောက်အထိ သည်းခံလိုက်တာပဲ၊ အေး … မင်းဖေဖေမျက် နှာကြောင့်ဖြစ်သလို ငါ့ချစ်သူ ငွေယွန်းမျက်နှာကြောင့်လည်း မင်းလို ရိုင်းပျတဲ့ကောင်ကို ခွင့်လွှတ်လိုက်တာပဲ၊ ငွေယွန်း … မင်းမောင်ကို ကိုယ်တို့ရဲ့အကြောင်းစုံကို အားလုံးရှင်းပြလိုက်၊ မင်း ရှင်းနိုင်တဲ့အချည် အချင်းရှိပါတယ်နော်"

"ကိုကြီး … ရှင် ကျွန်မကို ခနဲ့တာလား"

"ဟာ့ … မခနဲ့ရပါဘူး၊ မင်းနေကောင်းသွားလို့ မင်းကို





ယုံကြည်ချက်နဲ့မေးတာပါ"

သူ့စကားကို အထအနကောက်သွားသည့် ငွေယွန်းကို သူ တစ်ချက် နှင့်နှင့်ကြည့်ပြီး ငွေယွန်းကိုတောင် သူ နှုတ်မဆက်တော့ဘဲ သူမတို့ရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့လိုက်သည်။

သူလှည့်ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် …

ဘိုဂရဲ့ တောက်ခေါက်သံက ညနေခင်းတစ်ခုလုံး ဖုံးလွှမ်း သွားခဲ့တာကို သူ နောက်ဆုံးနာသာခံခက်ဖြစ်စွာ ကြားလိုက်ရပါ သေးသည်။

ဘိုဂရဲ့ တောက်ခေါက်သံကို နာသာခံခက်ဖြစ်စွာ ကြား လိုက်ရသလို ဘိုဂရဲ့ကြိမ်းဝါးစကားကိုလည်း အခံရခက်စွာကြား လိုက်ရလေသည်။

ဘိုဂ သူ့ကို ကြိမ်းဝါးလိုက်ပုံမှာ …

"တောက် … ငွေယွန်း နောက်တစ်ခါ ဒီလူ့ကို ငါတို့ အိမ်ရိပ်မှာ လုံးဝ မတွေ့စေချင်ဘူး" တဲ့လေ။

သူ ဟားတိုက်ပြီးတော့တောင် ရယ်ပစ်ချင်သေးသည်။ ငါတို့အိမ်ရိပ်တဲ့လား ကောင်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ဘာပြောတယ် ငွေယွန်း"

ကြားလိုက်ရသည့်စကားတွေက သူ့အတွက် ကမ္ဘာပျက်သွားသလို ခံစားလိုက်ရသည်။

အိုဗျာ ကျွန်တော်တို့ရဲ့ဘဝကြီး ဒီလောက်အထိပျက်စီးသွားခဲ့တာ မယုံဘူး။ ကျွန်တော် မယုံဘူး။ ငါမယုံဘူး ငွေယွန်း။

ငါ့ဖေဖေ ဆုံးပါးသွားတဲ့အခါ အသိတစ်ခုကိုပဲ ငါခံစားရတယ်။ ငါတို့ရဲ့စည်းစိမ်တွေ ဘာတစ်ခုမှမရှိတော့ဘူးဆိုတာ ငါ မယုံဘူး။ လက်လည်းမခံနိုင်ဘူး ငွေယွန်း။

သူ အရူးကြီးတစ်ယောက်လို ရင်ထဲမှာ ပေါက်ကွဲသွားသည့် ခံစားချက်တွေက လွင့်ထွက်သွားတော့သည်။

"ငွေယွန်း"

"ဘိုဂ"

ငွေယွန်းကိုယ်လုံးကို ဆွဲခါပြီး အရူးအမူးပေါက်ကွဲသွားသည့် ဘိုဂကို ငွေယွန်းမကြည့်ရက်တော့ဘဲ ဘိုဂကိုယ်လုံးကြီးကို ဆွဲဖက်ပြီး အလန့်တကြားတားလိုက်မိပေမယ့် ဘိုဂက နဂိုကတည်းက မိုက်ရူးရဲဆန်သည့်အတိုင်း ရူးသွပ်ပေါက်ကွဲစွာဖြင့် မြင်ကရာပစ္စည်းတွေကို





တရကြမ်း ပေါက်ခွဲပစ်လိုက်တော့သည်။

'ခွမ်း'

'ဒုန်း'

'ဝုန်း'

"ငါတို့ဘဝကြီးမှာ ဖခင်မဲ့သွားတဲ့အပြင် ဘဝတစ်ခုလုံး ဆုံးရှုံးလိုက်သလို အမှောင်ထုဖြစ်သွားတာ ငါမယုံဘူး . . . ငါမယုံဘူး ငွေယွန်း"

ဘိုဂက ကြေကွဲစွာငိုကြွေးပြီး ငွေယွန်းကိုယ်လုံးကို ဆွဲဖက်ပြီး ငွေယွန်းကျောပြင်ကို တဘုန်းဘုန်းဆွဲထုပစ်လိုက်သည်။

"အခုလိုဖြစ်ရတာ နင် အသုံးမကျလို့ မဟုတ်လား"

"ဟင့်အင်း"

"ဒါဆို ငါတို့ မိုးရိုးရာမဲ့ခဲ့ပြီ . . . အဲဒါ ဘယ်လိုလုပ်မလဲ"

ကြေကွဲသံနှင့်နင့်ကြီးနှင့် မျက်ရည်များဖြင့် မေးလာသည့် ဘိုဂကို ငွေယွန်းလည်း အခုချိန်မှာ ဘာမှ ရှင်းပြနိုင်သည့်အင်အား မရှိသေးဘဲ သူ့နည်းတူ ဆို့နင့်ကြေကွဲစွာနှင့် ငိုရှိုက်သည်။

ဒီအချိန်မှာ ငွေယွန်းခံစားနေရတာတွေကို သူ့ကို ဖွင့်ပြောလိုက်ပြန်ရင် သူက ဒီထက် စိတ်ခံစားမှုလွတ်ထွက်မသွားဘူးလို့ ပြောလို့မရခဲ့ချေ။

www.burmeseclassic.com



ကိုယ့်ဘဝကိုယ် အနာကြည်းဆုံး ခံစားကြေကွဲနေသည့် ယောကျ်ားတစ်ယောက်ရဲ့ ခံစားပေါက်ကွဲမှုဟာ ဘယ်လောက်အထိ နက်ရှိုင်းတယ်ဆိုတာ . . .

ငွေယွန်းဆက်မခံစားနိုင်တော့ဘဲ သူ့ရင်ခွင်မှာ သူ့ကို ငွေ့ ဖက်နှစ်သိမ့်ရင်းဖြင့် တိုးတိုးတိတ်တိတ် ချော့လိုက်ရတော့သည်။

“ငါတို့က တက်လူတွေပဲ ဘိုဂရယ်၊ ဘဝမှာ ဒီအတိုင်း တစ်သမတ်တည်းတော့ မသွားသေးပါဘူး”

“ဟင် . . . ဒါ ဒါဆို ငါတို့အဖေတစ်ယောက်လုံးကို ဆုံးရှုံး လိုက်ရတဲ့အပြင် ငါတို့မှာ ဘာမှ ပိုင်ဆိုင်မှုမရှိတော့ဘူးပေါ့၊ ငါတို့ ဆင်းရဲသွားပြီပေါ့နော်”

“ဟင့်အင်း . . . နင် ဒီစကားကို မပြောနဲ့ ငါတို့ ဘယ်တော့မှ မဆင်းရဲဘူး ငါတို့ဘဝကြီး ဒီထက်မြင့်မားစေရမယ်”

ငွေယွန်း ဘိုဂကို နွေးထွေးစွာဖြင့် အားပေးနှစ်သိမ့်လိုက်ပေ မယ့် ဘိုဂက ဘယ်လိုမှဟန်မဆောင်နိုင်တော့ဘဲ အရုပ်ကြိုးပြတ် ပစ်ကျသွားကာ စားပွဲမှာ မျက်နှာကြီးအပ်ချပြီး ကလေးတစ်ယောက် လို ရှိုက်ကြီးတငင်ငိုချလိုက်ပါတော့သည်။

ဘိုဂက ကြေကွဲစွာ ငိုရှိုက်နေရင်းမှ ဗလုံးဗထွေးသံကြီးနှ

“ငါ ငါမှားသွားပြီ၊ ငါ့ အိမ်ကထွက်သွားတာ မှားသွားပြီ






ငါ့ကြောင့် ဖေဖေ အသက်ဆုံးရှုံးလိုက်ရတာ ငါမကောင်းလို့၊ ငါ မကောင်းလို့ ဖြစ်ရတာ၊ ငါတို့ဘဝတစ်ခုလုံး ပျက်စီးသွားခဲ့ပြီ၊ ငါတို့ ဘဝကြီး မယုံနိုင်အောင် နိမ့်ကျသွားပြီ ငွေယွန်း၊ ငါတို့ . . . ငါတို့ ရှေ့ဆက် ဘာလုပ်ရမလဲ”

“ငါတို့ ရှေ့ဆက် ဘာလုပ်ရမလဲဆိုတော့ ဘာမှလုပ်လို့မရ တော့ဘူး ဘိုဂ၊ ငါတို့ ဒီအချိန်မှာ ပေးဆပ်ရမယ့်ဝဋ်ကြွေးတွေပါလာလို့ ငါတို့ ဒီလို ခံစားကြုံတွေ့ရတယ်လို့ ငါကတော့ ရင်ဝယ်ပိုက်ထား တယ်”

“အဲဒီခံစားချက်နဲ့ ငါ တရားသဘောနဲ့ နှလုံးသွင်းလိုက်ပါပြီ”


“ငါတို့ဘဝ ကံစီမံရာ ငါတို့ခံမယ် ဘိုဂ”





www.burmeseclassic.com

## အခန်း (၁၃)



"ငါတို့ဘဝ ကံစီမံရာ ငါတို့ခံမယ် ဘိုဂ"

ဆိုပြီး မျက်စိစုံမှိတ်ကာ ကိုယ့်ဘဝကိုယ် အနာကြည်းခံ့ ခံစားချက်ဖြင့် တစ်ယောက်လက်ကို တစ်ယောက်တင်းတင်းဆုပ်ကာ အားပေးခဲ့ကြပေမယ့် တကယ့်တကယ်တမ်း ဘဝနဲ့ ရပ်တည်လိုက် ရင်ဆိုသည့်အတွေးက ငွေယွန်းနှလုံးသားထဲကို နာကျင်စွာ စူးနင့်ဝင် ရောက်သွားတော့သည်။

ထိုခံစားချက်နှင့်ထပ်တူ ...

ငွေယွန်း ရင်ထဲမှာ ဘိုဂကို တစ်သက်လုံးမခွဲတော့ဘူးဆို သည့် ခံစားမှုရှိရှိတွေက ဘိုဂရင်ခွင်ထဲမှာ ကပ်ပြီး ကြေကွဲစွာငိုရှိုက်



www.burmeseclassic.com


ရင်းနှင့် ရင်ဖွင့်သွားတော့သည်။

"ဘိုဂ ... နင် ဘာဖြစ်လို့ ဒီလောက်ပြတ်သားရတာလဲဟင်"

"ဘာမှ မမေးတော့နဲ့ကွာ ... ဒီအချိန်မှာ ငါတို့နှစ်ယောက် ရင်ထဲမှာ ခံစားရလွန်းလို့ ရူးမသွားအောင်ပဲ ထိန်းကြစို့ ... နော် ငွေယွန်း"

"ဟင့်အင်း ... နင့်ကြောင့် ငါနဲ့ဖေဖေ ဘယ်လောက်အထိ ခံစားခဲ့ရတယ်ဆိုတာကို နင် လျစ်လျူပြုရက်တာ ငါအံ့ဩတယ်၊ နင် ဒီငါးနှစ်အတွင်းမှာ ဘယ်လိုရပ်တည်ခဲ့လဲဟင်"

"ဒါတွေ မေးမနေပါတော့နဲ့ကွာ"

ဘိုဂလည်း ဘယ်လိုမှ မခံစားနိုင်တော့ ရင်နင့်ကြေကွဲစွာ ဖြင့် ငွေယွန်းမျက်နှာလေးကို ဆွဲမော့ပြီး ငါးနှစ်လုံးလုံးလွမ်းခဲ့ရသည့် ရင်ထဲကခံစားမှုများ လွတ်ထွက်သွားတော့သည်။

ငွေယွန်းကို ချစ်သည့်ခံစားမှုများက တစ်ခဏအတွင်း သူ့ကို အရူးအမူးခံစားလိုက်ရတော့သည်။

ငွေယွန်း ... နင့်နှုတ်ခမ်းလေးကို လွမ်းလို့ ငါ့ကို ကြာရှည် စွာ နမ်းခွင့်လေးပေးပါနော်။

နွေးထွေးတဲ့ ငါ့ရဲ့အနမ်းတွေကို နင်လည်း ရင်ခုန်မိန့်မူး ကြည်နူးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်နော် ငွေယွန်း''

''ဘိုဂ''

ငွေယွန်းနှုတ်ခမ်းထက်မှ သူ့နှုတ်ခမ်းတွေကို ဖယ်ခွာပစ်လိုက်သည့် တစ်ခဏအတွင်း တုန်ယင် တိုးလျှိုစွာခေါ်လာခဲ့သည့် ငွေရည်တွေကို ပါးပြင်ကြီးနှင့်ခပ်ဖွဖွ ပွတ်သုတ်ပေးလိုက်ရင်းမှ ကြင်နာနွေးထွေးသည့်အသံကြီးနှင့် ပြန်မေးလိုက်မိသည်။

''ဟင် . . . ဘာလဲ ငွေယွန်း''

သူ့ရဲ့ အကြင်နာတွေကို ငွေယွန်းက မျက်လုံးရီရီတွေနှင့် မော့ကြည့်ပြီး ရှက်အားပိုစွာဖြင့် မျက်ဝန်းအစုံပြန်မှိတ်သွားသည်။

ငွေယွန်းအမူအရာလေးတွေက . . .

လွန်ခဲ့တဲ့ ငါးနှစ်တာကာလကနှင့် ဘာမှမဆိုင်အောင် နူးညံ့နွေးထွေးနေတာကို သူ ဘယ်လိုချစ်မြတ်နိုးမှန်းမသိ ချစ်မြတ်နိုးသွားခဲ့တာ။

ငွေယွန်းမျက်ဝန်းကလေးကို သူ့နှုတ်ခမ်းတစ်စုံဖြင့် ဖိအပ်ရင်း ရင်ထဲက တုန်ယင်နွေးထွေးသည့်အသံကြီးဖြင့် တိုးဖွဖွကြီးဆိုလိုက်မိသည်။

''တကယ်တော့ ငွေယွန်းရယ် . . . ငါတို့ကြိုက်ခဲ့တဲ့အပြစ်တွေကြောင့် ဖေဖေက ခါးစည်းခံလိုက်ရသလိုဖြစ်သွားပြီ . . . နော် ငွေ





ယွန်း၊ ဟာကွာ . . . ရင်ထဲမှာ အရမ်းခံစားရတယ်၊ ငါတို့ဖြစ်ခဲ့တဲ့ ဘဝကြီးကို ပြန်မတွေးတာဘဲ ကောင်းတယ်''

''ဟင် . . . မဟုတ်ဘူး၊ ပြန်မတွေးချင်ပေမယ့် ငါတို့ရှေ့ဆက်ဘဝကို ဘယ်လိုလျှောက်လှမ်းကြမလဲဆိုတာကို ငါတို့စဉ်းစားရမယ်၊ စီမံကိန်းဆွဲရမယ်၊ ငါလေ အို . . . ဘာမှမပြောချင်တော့ပါဘူး၊ ရင်ထဲမှာ ခံစားရလွန်းလို့ ရူးမသွားတာဘဲ ကံကောင်းတာ ဘိုဂ''

'' . . . . . . . . . ''

သူ့ရင်ထဲမှာ ဘာမှ ပြောစရာမရှိတော့အောင် ကွက်လပ်အတိ ဖြစ်သွားတော့သည်။

သူ့ရင်ထဲမှာ ဘာမှပြောစရာမရှိတော့လည်း မပြောတော့ဘဲ မျက်နှာကြီးကို ပင့်မော့ပြီး အသက်အောင့်ကာ ငြိမ်သက်နေလိုက်သည်။

သူ့ရင်ထဲက ခံစားချက်တွေကို ဒီအချိန်မှာ ချစ်သူလေးကို သူ မပေးအပ်လို့ပါ။ ရင်ထဲက ရင်တွင်းခံစားဝေဒနာများကို သူ့ရင်ထဲမှာပဲ ကျိတ် ခံစားပြီး ကြေကွဲတာပဲ အကောင်းဆုံးပင်။

ငွေယွန်းရယ် ငါ့ရင်ဘတ်ထဲက ခံစားနေရတဲ့ ငါ့ရဲ့ခံစားချက်တွေကို ဒီအချိန်မှာ င ါဖွင့်မပြောရက်သေးပါဘူးဟာ။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရုံးခန်းထဲ လှမ်းဝင်လိုက်သည့် သူ့ခြေလှမ်းတွေ လေးလံထိုင်းမှိုင်းနေတာကို သူက သတိမထားမိခဲ့ပေမယ့် ကုမ္ပဏီရုံးခန်း စားပွဲမှာ ခပ်မင့်မင့်ထိုင်နေသည့် မမက သူ့ကို တစ်ချက်မဲ့ပြုံးပြီး . . .

''ဘယ်လိုလဲ ကိုယ်တော် . . . ဒီရက်အတွင်း ကိုယ်တော် ပျောက်ချက်သားကောင်းနေတယ်''

မမရဲ့ အမေးစကားကို . . .

သူ မရိုးသားမှန်းသိလို့ ဘာစကားမှမပြောတော့ဘဲ မမထိုင်နေသည့်စားပွဲရှေ့ကို ခပ်သွက်သွက်ပင်လျှောက်သွားလိုက်ကာ လက်ထဲက အတက်ချိုကော့စ်ကို စားပွဲပေါ်တင်ချလိုက်ပြီး မမနှင့်မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်သည်။

''ရောက်တာ ကြာပြီလား''

''အေး . . . ကြာပြီ၊ မင်းက ဘာလို့နောက်ကျတာလဲ''

''ကျွန်တော်''

အင်း . . . ဘယ်လိုဖြေရပါ့။

မမကို လိမ်ညာပြောရမှာ လိပ်ပြာမလုံခဲ့ပေမယ့် ငါးနှစ်လုံး





လုံး အတိတ်မေ့သူလို အပိအရိ ဟန်ဆောင်ထားခဲ့ပြီးသူမို့ သူ မျက်နှာပြောင်ပြောင်နှင့် လိမ်လည်လိုက်ပါသည်။

''အင်း . . . ဘာဖြစ်လဲ ကျွန်တော်''

''ကျွန်တော် ကောင်းကောင်းနေမကောင်းလို့မမ''

''ဟင် . . . ဟုတ်လား''

မမက ဆတ်ခနဲထရပ်ပြီး သူ့နဖူးကို စမ်းလိုက်တော့ သူ တွန့်ခနဲဖြစ်သွားပေမယ့် . . .

မမကို အားနာပြီး ကိုယ်လုံးကို နောက်ပစ်မရွှေ့ဘဲ ဒီအတိုင်း ငြိမ်နေလိုက်သည်။

ငြိမ်နေလိုက်ရပေမယ့် ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်နေသည်။

မမကတော့ . . .

သူ့ကို ရိုးသားစွာ ချစ်ခင်ခဲ့တာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူးဆိုတာကို သူ ရင်တုန်စွာသိလိုက်ရပြီး မမစက်ကွင်းက လွတ်အောင် ဘယ်လိုရှောင်တိမ်းရမလဲဆိုတာကိုပဲ သူဦးနှောက်စားသွားတော့သည်။

ဟင်း . . . ငါ့ဘဝမှာ

ငါ့ရဲ့ တစ်ဦးတည်းသော မူပိုင်ရင်ဘတ်ချစ်သူဟာ ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ငွေယွန်းတစ်ဦးတည်းသာ ရှိစေရမည်ဆိုသည့် ...

နှလုံးသားစကားတွေက သူ့နှလုံးသားထဲမှာ အဆက်မပြတ် မြည်ဟည်းသွားခဲ့လေသည်။

နှလုံးသားထဲက သူ့စကားတွေကို မမက ဘာမှမသိဘဲ သူ့ရဲ့နဖူးကို ကြင်နာစွာ စမ်းပြီး မျက်မှောင်တစ်ချက်ကုတ်ကာ ...

"အင်း ... ကိုယ်လည်း မပူပါဘူး၊ ရင်မလင်းတာလား"

"ဟုတ်ကဲ့ ... ရင်ထဲမှာ အီလည်လည်နဲ့ ရင်ခံနေသလိုပဲ၊ အဲဒါကြောင့် ကျွန်တော် ကုမ္ပဏီကို မလာဖြစ်တာ၊ သုံးလေးရက်ရှိပြီ ... ရင်ထဲမှာ မလင်းဘူး"

"ဟုတ်လို့လား ... မင်း ရင်မလင်းတာက ကောင်မလေးတစ်ယောက်ကိုများ ကြွေလို့လား"

"ဟင်"

အမှတ်တမဲ့ မေးလိုက်သည့် မမစကားကို သူမျက်လုံးကြီးအပြူးသားဖြင့် ဟန်မဆောင်နိုင်မိဘဲ ငေးကြည့်လိုက်တဲ့အချိန်မှာ မမက အချဉ်ပြုံးကလေးနှင့် တစ်ချက် လွှလွှပြုံးလိုက်ပြန်သည်။

မမအပြုံးက ...

ဘယ်လောက်အထိ အဓိပ္ပာယ်နက်ရှိုင်းသွားတယ်ဆိုတာကို သူ ထိတ်လန့်တုန်လှုပ်စွာ သိလိုက်ရသည်တွင် မမများ သူ့အနောက်က Shadow လိုက်သလားဆိုသည့်အတွေးက သူ့နှလုံးသားကို ပူခနဲ လိုက်ဆို့သွားတော့သည်။





နှလုံးသားတစ်ခုလုံး ...

ထူပူတုန်လှုပ်သွားတာကို သူ ဣန္ဒြေနဲ့ဟန်ဆောင်ကာ မျက်နှာကို အကြည်သာဆုံးပြင်ဆင်လိုက်ပြီး မမကို စိတ်လုံလုံနှင့် စိုက်ကြည့်ပစ်လိုက်သည်။

"ဘာလဲ ... ဟုတ်လို့ လန့်သွားတာလား"

မမက ခနိုးခနဲ့ သရော်လိုက်ပြန်သည်။

ဒီတစ်ခါတော့ သူ မမကို သည်းမခံနိုင်တော့ဘဲ ခပ်ထန်ထန်စိုက်ကြည့်လိုက်ကာ ...

"မမ ... ကျွန်တော့်ကို မခနဲ့နဲ့ဗျာ"

"အို ... ဒါ ခနဲ့တာမှ မဟုတ်တာ"

"မခနဲ့ရင် ကျွန်တော့်ကို ဘယ်မိန်းမနဲ့မှ သမုတ်စရာအကြောင်းမရှိဘူး"

"အင်း ... မင်းဘယ်ဘက်ရင်အုံထဲမှာ ဘယ်မိန်းမမှ မရှိသေးဘူးလို့ဆိုလိုတာလား"

"ဟုတ်တယ်"

သူ ခပ်ပြတ်ပြတ် ဖြေလိုက်တော့မှ မမက အထူးသဘောကျ



www.burmeseclassic.com

www.burmeseclassic.com



သွားကာ သူ့ပခုံးကို ပွေ့ဖက်ပြီး တဖတ်ဖတ်ရိုက်လျက် ဟက်ခနဲ ရယ်ချလိုက်သည်။

ရယ်နေရင်းမှ ရယ်သံလေးနှင့် ...

"မက မင်းကိုချစ်လို့ စတာကို မင်းက စိတ်ဆိုးတယ်"

"... ... ..."

သူ မမကို ဘာစကားမှ ထပ်မပြောမိတော့။

ရင်ထဲမှာတော့ မမကို မမ,မကြားနိုင်သည့်စကားတွေနှင့် ပြန်ပြောနေလိုက်သည်။

ကျွန်တော့်ကို မချစ်နဲ့ မမ။

ကျွန်တော် မမကို လုံးဝမချစ်နိုင်ဘူး။

ကျွန်တော်ချစ်တဲ့ မိန်းမက ...

ကျွန်တော် မွေးစားနမ၊ ကျွန်တော့်ရဲ့ ရင်ဘတ်ချစ်သူ ငွေယွန်းပဲဗျ။

**ငွေယွန်းကိုပဲ ကျွန်တော်ချစ်တယ်။**

အဲဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ ကျွန်တော် မမကို ရဲရဲဝံ့ဝံ့ မတောင်းဆိုရပါဘူးဗျာ။

သူ့ရင်ထဲက စကားတွေကို မမသာ ကြားသိလိုက်ရပါလျှင် ဒီနေရာမှာတင် ပစ်လဲကျသွားမလား မသိ။





မမ အဲဒီလောက်အထိ ခံစားရမယ့်စကားမျိုးကိုလည်း သူ့တစ်သက် ဘယ်တော့မှ ပြောရက်ခဲ့မည်မဟုတ်ချေ။

ဘာဖြစ်လို့လဲဆိုတော့ မမက သူ့ဘဝကို အမြင့်မားဆုံးဖြစ်အောင် မြှင့်တင်ခဲ့လို့ပဲဖြစ်သည်။

အဲဒီအတွက် (ကျေးဇူးရှင်ဆိုသည့် ခံစားမှုအသိနှင့်)

မမနှလုံးသားနာကျင်အောင် ကျွန်တော်ဘယ်တော့မှ ဖွင့်ပြောပါဘူး။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ငါတို့နှစ်ယောက် ပြန်ဆုံကြပြီဆိုတော့ နင် ငါတို့ရဲ့

ဆိုင်မှုမရှိတော့တဲ့ ဒီအိမ်ကြီးမှာ နေစရာမလိုတော့ ငွေယွန်း"

ငွေယွန်း မျက်နှာတစ်ချက်ပျက်သွားတာကို သူက ရင်

ွာ စိုက်ကြည့်လိုက်ပြီး အံကိုတင်းတင်းဖိကြိတ်လိုက်သည်။

ငွေယွန်း ခံစားရသလို ...

သူလည်း ခံစားရတာပါပဲ။

ဒါပေမဲ့ ဖေဖေပြုခဲ့တဲ့အလုပ်တစ်ခုက အမှားဆုံးဖြစ်ခဲ့ပြီ

သူ ဘာမှမပြောလိုတော့ (အပြစ်မတင်လိုတော့)ဘဲ ဖြစ်သမျှ

ရှေ့ဆက်ရင်ဆိုင်ပြီး သူနှင့်ငွေယွန်းတို့ ဘဝတစ်ခုအတွက်





ရှိစဉ်အခါကထက် မနိမ့်ကျသည့်စီးပွားတစ်ခုဖြစ်ဖို့ သူ ဖန်တီးရတော့မည်ဖြစ်သည်။

ငွေယွန်းကိုလည်း သူသိပ်မုန်းသည့်လူရဲ့ အရိပ်အောက်က အရရှန်းထွက်နိုင်းလိုက်သည်။

"ငါပြောတာ ရှင်းလား ငွေယွန်း"

သူက ခပ်တန်တန်မျက်နှာထားနှင့် ပြောလိုက်တော့ ငွေယွန်းက ခေါင်းလေးတစ်ချက်ငုံ့သွားပြီး ရင်တွင်းကြေမွသံလေးနှင့် ဆိုလာခဲ့သည်။

"သူက စာချုပ်ထဲမှာ ဒီအိမ်ကြီးကို ထည့်မချုပ်ခဲ့ဘူး ပြန့်ပြီး"

"တော်စမ်း ... ငါ ဘာမှမကြားချင်ဘူး၊ နင်နဲ့ အဲဒီကောင် လက်ထပ်ပြီးရင် နေရဖို့အတွက် ပြန်သက်ညှာထားတဲ့ စာချုပ်တစ်ခုကို ငါ့ကိုလာမပြနဲ့ ... ငါ ဆွဲဖြဲပစ်လိုက်မယ်၊ နင် ဒီကောင့်အရိပ်အောက်က လွတ်အောင်နေရမယ်"

ဒေါသဖြင့် ပြောလိုက်သည့် သူ့အသံက ညည့်ခန်းတစ်ခုလုံး ပုံးလွှမ်းသွားလေသည်။

အဲဒီအချိန်မှာ ...

ငွေယွန်းနှင့် သူ့အတွက် အအေးလာပို့သည့် အိမ်ဖော် ဒေါ်က သူ့အရှေ့ကို အအေးဖန်ခွက်ချလိုက်တာကို သူက မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောင့်ကုတ်ကြည့်ပြီး ...

"ပြန်ယူသွား ... ဒီမှာ ကျွန်တော်တို့ စကားပြောနေတာ ခင်ဗျား လာစရာအကြောင်းမရှိဘူး"

"အို ဘိုဂ ... နှင် မရိုင်းရဘူးလေ၊ အဲဒီအဒေါ်ကြီးက ငါ့ကို ငါးနှစ်လုံးလုံး သမီးလေးတစ်ယောက်လို စောင့်ရှောက်လာတဲ့ ဒေါ်ကြီးပဲ"

"လျှာမရှည်စမ်းပါနဲ့"

ငွေယွန်း ဘိုဂကို ကြည့်ပြီး ဘာစကားမှမပြောမိတော့။

သူ့စကားကို ငွေယွန်း ဘယ်တုန်းကမှလည်း လွန်ဆန်ခဲ့ သူ မဟုတ်ခဲ့သူပီပီ အခုလည်းပဲ ခေါင်းငုံ့ပြီး နာခံလိုက်ရတော့သည်။

ရင်ထဲမှာတော့ ဘယ်လိုမှ မကောင်းနိုင်တော့ပါ။

"ဒါက ဘာပုံစံလဲ"

ခေါင်းငုံ့ကြေကွဲသွားသည့် ငွေယွန်းမျက်နှာကို ပြုတ်ထွက် မတတ်ဆွဲပင့်လိုက်သည့် ဘိုဂကို ငွေယွန်းမျက်ရည်တွေနှင့် မေ ကြည့်လိုက်သည်။

"ဘာပုံစံလဲလို့ ငါမေးနေတယ်လေ"

"ဘာပုံစံဖြစ်လို့လဲ"

"နှင်က နှင့်အကောင်အထားအောက်က ရုန်းမထွက်

ငြိမ်းချမ်းစာပေ



သေးဘူးပေါ့ ... ဟုတ်လား"

"ငါ့မှာ နေစရာရှိလို့လား ဘိုဂရဲ့"

"ရှိတယ် ... နှင် ငါစီစဉ်တာကိုသာ အေးအေးဆေးဆေး လက်ခံလိုက်"

"... ... ..."

ငွေယွန်း ဘာမှမပြောတော့ဘဲ ဝမ်းနည်းမျက်ရည်များ စီး ကျသွားတော့သည်။

ရင်ထဲမှာလည်း မျက်ရည်ကျစရာကလွဲပြီး ဘာမှမရှိတော့။

"ဟင် ... ဒီမျက်ရည်ကလည်း ကျတတ်နေလိုက်တာ၊ နှင် ဟိုကောင်ရှေ့မှာလည်း ဒီလိုပဲ မျက်ရည်ခံထိုးသလား"

"ဘာတွေလာပြောနေတာလဲ ဘိုဂရယ် ... စိတ်တွေ ဆင်း ရဲလိုက်တာ"

ငွေယွန်းအသံက ကြေကွဲလှိုင်းထပ်သွားပြီး တုန်ခါသွားခဲ့ ပေမယ့် ဘိုဂကတော့ ငွေယွန်းနှင့်ဆန့်ကျင်ဘက်ပင် ပြတ်ပြတ် သားသားမာရေကျောရေ ထွက်လာခဲ့သည်။

"နှင့် မျက်ရည် အခုသုတ်ပစ်စမ်း"

"... ... ..."

"ဟေ့ ... သုတ်ပစ်ဆို သုတ်ပစ်စမ်း"

ငြိမ်းချမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ခံစားချက်တွေကို သူက လုံးဝပေးမခံစားနိုင်ခဲ့ဘဲ ငွေယွန်းမျက်ရည်တွေကို ခပ်ကြမ်းကြမ်းပိတ်သုတ်ကာ ရင်ထဲက အနိုင်အမာဆုံး ဆုံးဖြတ်ဖြတ်ထားသည့်အသံနှင့် . . .

"ငွေယွန်း . . . မင်း ဘဝကို အရှုံးပေးသလား"

ဟု မေးလာခဲ့သည်တွင် ငွေယွန်း သူ့ကို ခံစားချက်မဲ့စွာ ေးကြည့်လိုက်သည်။

သူ့ကိုတော့ ဘာစကားတစ်ခွန်းမှ မတုံ့ပြန်ခဲ့မိ။

"ငါမေးတာ ကြားလား ငွေယွန်း"

ဒီတစ်ခါတော့ သူ ဒေါသမထွက်ခင် သူ့ကို ခေါင်းညိတ်ပြ လိုက်ရသည်။

"ကြားတယ်ဆိုရင် ဘယ်လိုတုံ့ပြန်မလဲ"

"ငါ အရှုံးမပေးပါဘူး"

"အေး . . . ငါ ဒီစကားကိုပဲ လိုချင်တယ်၊ နင့်အသက်လည်း နှစ်ဆယ့်တစ်ပြည့်ပြီးရုံ ရှိသေးတာပဲဟာ . . . ငယ်ငယ်လေးပဲ ရှိသေး တာပဲ၊ ဖေဖေချမှတ်ထားတဲ့မှုကိုလည်း နင် လက်ခံကျင့်သုံးစရာ မလိုဘူး . . . နားလည်သဘောပေါက်တယ်နော်၊ မင်းရင်ထဲမှာ ဘယ် လိုစကားလုံးမျိုးနဲ့မှ ငါ့ကို တုံ့ပြန်ခွင့်မရှိဘူး၊ ငါက ဒါဆို မင်းက ဒါပဲ၊ ငါက လုပ်သင့်တယ်လို့ပြောတဲ့ကိစ္စကို မင်းလုပ်ရမှာပဲ၊ ငါ့က





တစ်ခွန်းမှ ပြန်မပြောတော့နဲ့"

"အခု ငါကလည်း နင့်ကို ဘာပြောနေလို့လဲ"

"အေး . . . ဘာမှမပြောရင် မင်း အခုအဝတ်အစားနဲ့ မင်းလို တဲ့ပစ္စည်းနဲ့ စာအုပ်တွေထည့်တော့၊ အခုမနက်ပဲ တစ်ခါတည်း အိမ် ပြောင်းမယ်"

"ဟင် . . . ဒါဆို ငါနဲ့အတူနေတဲ့"

"စကားထပ်မပြောတော့နဲ့ . . . သွားတော့"

ငွေယွန်းကို ဘာစကားမှဆက်ပြောခွင့်မရအောင် ချုပ်ကိုင် လိုက်သည့် သူ့ကို ငွေယွန်းကလည်း ဘာမှခွန်းတုံ့မပြန်တော့ဘဲ သူ့အရှေ့ကနေ ခေါင်းကလေးငုံ့လှည့်ထွက်လိုက်သည်တွင် ရင်ထဲမှာ နွေးထွေးလုံခြုံသွားသလို ခံစားလိုက်ရပါတော့သည်။

သူ ညြို့ခန်းထဲ လှမ်းဝင်လိုက်သည်တွင် သူ့ကို မျက်ရည် လည်ရွဲနှင့် မော့ကြည့်လာသည့်ဒေါ်ကြီးကို သူ မျက်မှောင်ကုတ်ကြည့် ပြီး ရင်ထဲမှာ တင်းကျပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . ဒေါ်ကြီး ငိုနေတယ်ဆိုတော့ . . .

တစ်ခုခုဖြစ်ပြီဆိုတာကို သူ တပ်အပ်သေချာစွာ သိရှိလိုက်ရပြီး ညော့ခန်းထဲလှမ်းဝင်ဝင်ချင်းပင် ငွေယွန်းကို ရင်ပူစွာမေးမိလျက်သား ဖြစ်သွားရသည်။

"ဒေါ်ကြီး . . . ငွေယွန်းရော"

သူမေးလိုက်တော့ ပိုပြီး ဝမ်းနည်းသွားသည့် ငွေယွန်းအိမ်ဖော် ဒေါ်ကြီးက တစ်ချက်ရှိုက်ငင်လိုက်ပြီး . . .

"ပါသွားပြီ မောင်မင်းခန့်"

"ဗျာ . . . ဘာပြောတယ်"

ဒီလောက်အထိ ထင်မှတ်မထားသည့် သူ့မျှော်လင့်ချက်များ "ဝုန်း"ခနဲ ပြုတ်ကျသွားတော့သည်။

ဒီအချိန်မှာ ငွေယွန်းရဲ့ အိမ်ဖော်ဒေါ်ကြီးက ပါသွားပြီဆိုတော့

ဘယ်သူနောက်လဲလို့ သူမေးစရာမလိုကော့အောင် သူ့ရင်ထဲမှာ အဖြေတွေက ထပ်ထပ်ကြမ်းမြည်သွားတော့သည်။

ဒီကောင် တော်တော်လူပါးဝတာပဲ။

မင်း ဒီလို တစ်ကွက်ကျော့လုပ်လို့ မင်းခန့်သူရဆိုတဲ့ကောင်က ငြိမ်ခံရိုးထုံးစံရှိမလားကွ။ ဘယ်တော့မှ ခေါင်းငုံ့မခံဘူး။

သူ အံတစ်ချက်ကြိတ်ပြီး မျက်နှာကိုအထက်ပင့်ချကာ . .





"ဟိုကောင် လာခေါ်သွားတာလား"

"ဟုတ်တယ်ကွဲ့ . . . အဲဒီကောင်လေးက ရှိုင်းလိုက်တာ မောင်မင်းခန့်ရယ်၊ သူတို့ စကားများနေကြတုန်း အအေးသွားပို့တဲ့ ဒေါ်ကြီးကို ဟိန်းလိုက်,ဟောက်လိုက်တာ"

"သူက ကျွန်တော်နဲ့ပတ်သက်ပြီး ဘာပြောလဲ"

သူက တစ်ချက်မျက်နှာတည်သွားပြီး ရင်ထဲမှာ လှိုင်းထသွားသည့်ဒေါသကို မျိုချလိုက်ရသည်။

"ဒေါ်ကြီး ကြားသလောက်တော့ မင်းနဲ့ပတ်သက်ပြီး ကောင်လေး ဒေါသထွက်တာ ကြောက်စရာပဲ"

"ဟုတ်ကဲ့ . . . ပြောပါ . . . သူ ငွေယွန်းကို ဘာပြောလဲ"

သူ စကားထောက်လိုက်တော့မှ အိမ်ဖော်ဒေါ်ကြီးဆက်ပြောလာခဲ့သည်မှာ သူ့ကို တော်တော်အခံရခက်သွားခဲ့ရလေသည်။

"နင်နဲ့ အဲဒီကောင် လက်ထပ်ပြီးရင် နေရဖို့အတွက် ပြန်သက်ညှာထားတဲ့စာချုပ်တစ်ခုကို ငါ့ကိုလာမပြနဲ့ . . . ငါ ဆွဲဖြဲပစ်လိုက်မယ်တဲ့"

"အင်း . . . ပြီးတော့ရော"

"နင် ဒီကောင့်အရိပ်အောက်က လွတ်အောင်နေရမယ်တဲ့"

"ဟုတ်ကဲ့ . . . ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီး ကြားတာကတော့ အဲဒါပါပဲ"

"ဟုတ်ကဲ့ . . . ကောင်းပြီ"

သူစိမ်းအိမ်ဖော်ရှေ့မှာ အခုလို အပြောခံလိုက်ရသဖြင့် သူ့ဂုဏ်သိက္ခာတွေ ရစရာမရှိအောင် ကျသွားခဲ့ပေမယ့် သူဟာ သူမတို့ ကုမ္ပဏီတစ်ခုလုံးကို သူများလက်ထဲမရောက်အောင် ထိန်းထားခဲ့သည့် သူဌေးဦးမင်းခန့်သူရဆိုတာကိုတော့ အိမ်ဖော်ဒေါ်ကြီးသိအောင် ပြောထားခဲ့ပြီးမို့ ဘာမှသိက္ခာဆယ်စရာ မလိုတော့ဘူးထင်သည်။

အဲဒီယုံကြည်ချက်ဖြင့် . . .

"ဖြန်း"ခနဲ ရှက်သွေးရဲသွားသည့်မျက်နှာကြီးကို ကျွေ နှင့်ပြန်ဟန်မပျက် ပြင်ဆင်လိုက်ရပြီး ရင်ထဲက ငွေယွန်းအတွက် စိုးရိမ်သောကတွေကိုလည်း မပေါ်လွင်အောင် အံကို ခပ်တင်းတင်း ကြိတ်ကာ . . .

"ဒါဆို ကျွန်တော် ခဏပြန်လိုက်ဦးမယ် ဒေါ်ကြီး၊ သူ့ကို ရအောင် ပြန်ခေါ်ပြီး ကျွန်တော် ဒီအိမ်ကိုပဲ ပြန်လာခဲ့မယ်"

သူ ချာခနဲ လှည့်ထွက်လိုက်သည်တွင် . . .

ရင်ထဲမှာ ဘယ်လိုကြီးခံစားလိုက်ရမှန်းမသိအောင် ဗလာမဲ့သလို ခံစားလိုက်ရပါသည်။

အဲဒီခံစားချက်တွေက ငွေယွန်းကို ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်သည့် ရင်ထဲက ခံစားမှုးဝေမှုတွေအဖြစ် နှလုံးသားတည့်တည့်မှာ ကျင်စူးသွားသည်တွင် . . .






သူ ဒီကောင့်လက်ထဲမှ ငွေယွန်းကို ဘယ်လိုအရယူရမလဲဆိုတာကိုပဲ ဦးနှောက်စားကာ ရင်ပူသွားရတော့သည်။

အဲဒီလောက်အထိ သူ ငွေယွန်းကို ချစ်တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အဆင့်မြင့်ကွန်ဒိုတိုက်ခန်းကျယ်ကြီးရဲ့ ဒုတိယထပ်မှာ ငွေယွန်းနှင့်ဘိုဂက တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ပြီး ဘာစကားမှမပြောမိဘဲ စိုက်ကြည့်နေခဲ့ကြမိသည်။

သူ့ရင်ထဲမှာ အခုလို ငွေယွန်းကို တိုက်ခန်းမှာ ပြောင်းရွှေ့ပေးလိုက်ရတာကို ကျေနပ်သွားခဲ့မိပေမယ့် ရင်ထဲမှာတော့ ခပ်လေးလေးဖြစ်သွားသည်။

ဒီတိုက်ခန်းကို သူပြောင်းရဖို့အရေးကို မမကို သူ ဖွတ်မှိတ်လိမ်လည်လီဆယ်ပြီး လုပ်ဇာတ်ခင်းခဲ့ရတာဖြစ်သည်။

“မမ ကျွန်တော့်အသက်လည်း မပေါ့တော့ဘူး။ ငယ်ငယ်





ရွယ်ရွယ်ချာတိတ်လည်း မဟုတ်တော့ဘူး။ အဲဒီတော့ မမနဲ့တစ်အိမ်တည်းနေလို့ မသင့်တော်တော့ဘူး’’

“အင်း . . . အဲဒီတော့’’

မမက သူ့အရှေ့မှာ ခြေထောက်နှစ်ချောင်းနောက်ယှက်ပြီး ခါးနှစ်ဖက်ကိုထောက်ကာ အမူအရာပိုပိုဖြင့် ဆိုလိုက်တာကို သူက မျက်တောင်မခတ် ပြန်စိုက်ကြည့်ပြီး မမ ကြွေအောင် ခြွေရပါတော့သည်။

မမက . . .

သူ့အကြည့်တွေကို အတန်ကြာ ရင်ခုန်ယစ်မူးစွာ မြို့တုံ့တုံ့စိုက်ကြည့်ပြီး သူ့အရှေ့မှာ အနီးဆုံးလာရပ်လိုက်သည့်တွင် . . .

သူကလည်း လူနုပ်လူပါးလူလည်ကလေးပီပီ မမပခုံးနှစ်ဖက်ကို ခပ်တင်းတင်းပွေ့ဖက်ပြီး ရင်ချင်းဆွဲအပ်မတတ် သိုင်းဖက်ပစ်လိုက်သည်။

အတန်ကြာ . . .

မမကိုယ်လုံးနှင့် အနီးဆုံးပွေ့အပ်ပြီး မမနှလုံးသားထဲကို အနွေးထွေးဆုံးရင်ခုန်ခြင်းတွေ ထည့်ပေးလိုက်သည်။

သူ့နှလုံးသားထဲမှာတော့ သိမ့်သိမ့်တုန်ယင်လှုပ်မောသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

ခွင့်လွှတ်ပါ မမရယ်။

ကျွန်တော့်ထက် ဆယ်နှစ်နှစ်တိတိကြီးတဲ့ မမကို ချစ်ဖို့ ကျွန်တော့်မှာ နှလုံးသားမရှိဘဲ မမရဲ့ နွေးထွေးကြင်နာခြင်းတွေနဲ့ မမကို ရင်ခုန်အောင် ကျွန်တော်ဖန်တီးခဲ့တာဟာ ကျွန်တော်ရဲ့ မစစ်မှန်တဲ့၊ အဖြူထည်မဆန်တဲ့ နှလုံးသားတစ်ခုကြောင့်ဆိုတာကို မမ . . . တစ်နေ့ သိခွင့်ရမယ်ဆိုရင် ကျွန်တော့်ကို ခွင့်လွှတ်ပေးပါနော်။

တကယ်တော့ ကျွန်တော် မမကို အနီးကပ်ညာနေတာ။

ကျွန်တော်ရဲ့လိမ်ညာမှုတွေက မမနှလုံးသားကို ဖွဲ့ချွေနေခဲ့တာဆိုရင် . . .

"ဟား မမရယ်"

"ဟင် . . . အင် . . . ဘာလဲကွာ"

"ကျွန်တော်"

"ဘာလဲဟင်"

မမက သူ့ရင်ခွင်ထဲမှာ ခေါင်းကလေးတိုးဝင်ပြီး အရွယ်နဲ့မမျှအောင် နော့နော့လေးမေးလိုက်သည်တွင် သူက မမရဲ့အသံလေးကို အရမ်း Heart ထိသွားသည့်စတိုင်ဖြင့် မမမျက်နှာကို သူ့ရင်ဘတ်ကြီးနှင့် ပစ်ကပ်ပြီး . . .





"ကျွန်တော့်ကို ချစ်တယ်ဆိုရင် ကျွန်တော့်ကို ကွန်ဒိုတိုက်ခန်းတစ်ခန်းလောက် ဝယ်ပေးပါလားဟင်"

"ဟဲ့ . . . ဘာလုပ်ရအောင်လဲ"

မမ အံ့သြသွားသည့်မျက်လုံးတွေနှင့် သူ့ကို ခပ်ရိရိစိုက်ကြည့်လိုက်သည်တွင် သူက ရှက်သွားသလို တစ်ချက်ပြုံးလိုက်သည်။

တစ်အောင့်လောက်ကြာမှ ရင်ထဲကလာတဲ့အသံနှင့် မမကို ခပ်နုနုချွဲလိုက်သည်။

"ကျွန်တော် မိန်းမယူတော့မလို့"

"ဟဲ့ . . . ဘာပြောတယ်"

မမအသံက လှိုင်းထန်သွားလေသည်။

သူက မမ ရုပ်ပျက်ဆင်းပျက်သွားတာကို တစ်ချက်မိုက်မိုက်ကြည့်ပြီး မမပခုံးပေါ်မှာ ခေါင်းတင်မှီအိပ်လိုက်သည်။

သူက မမပခုံးမှာ အေးစက်စွာခေါင်းတင်မှီအိပ်လိုက်ပေမယ့် မမက သူ့စကားကို အဟုတ်ထင်သွားပြီး ရင်ပူသည့်မျက်လုံးတွေနှင့် သူ့ကို စိုက်ကြည့်ကာ . . .

"မင်း . . . မင်းပြောတဲ့စကားက အမှန်လား"

"ဟုတ်ကဲ့ . . . True ပဲ"

"ဘိုဂ . . . မင်း ငါ့ကို နောက်စရာမဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com

"မနောက်ပါဘူး . . . ဒီလောက်ကြီးနေတဲ့ အမျိုးသမီးကြီးကို"

"ဘာ"

"အဟား . . . မမကလည်း သိပ်အတာပဲ၊ ဒါကြောင့် ရည်းစားမရှိတဲ့ အပျိုကြီးဖြစ်တာ"

"မင်း ဒီစကားကို ထည့်ထည့်မပြောစမ်းနဲ့၊ ငါ့အသက်က အခုမှ ဘယ်လောက်ရှိသေးလို့လဲ"

"သုံးဆယ့်လေး ငါး ခြောက်"

"ဟဲ့ . . . အလုပ်ကြီး အကိုင်ကြီးလုပ်တဲ့သူမှန်သမျှ အသက်လေးဆယ်နီးမှ အိမ်ထောင်ပြုကြတာ၊ မင်းသာ ရှုပိုးကြွလို့ အသက်ကလေး နှစ်ဆယ်ကျော်ရုံရှိသေး . . . မိန်းမ လိုချင်တာ"

"အင်း . . . မမ **ကျွန်တော်** မိန်းမယူရင် ကျွန်တော့်ကို ကွန်ဒိုတစ်ခန်း ထည့်ရမယ်နော်"

"မင်းက ငါ့ကို အနုနည်းနဲ့ အမွေတောင်းတာပေါ့"

မမက တကယ်ကို စိတ်ဆိုးမာန်ဆိုးဖြစ်သွားပြီး သူ့ရင်ခွင်ထဲမှ ရုန်းထလိုက်တာကို သူက အတင်းဆွဲပွေ့ထားလိုက်ပြီး မမမျက်နှာကိုတော့ ချစ်သူလေးကို သစ္စာမဖောက်ချင်သည့်ဆန္ဒတွေဖြင့် နည်းနည်းမှမနမ်း၊ (နမ်းလည်း နမ်းချင်စိတ်မရှိခဲ့ပါ) ဝန်ခံပါသည်။





သူ မမကို ကိုယ့်အစ်မတစ်ယောက်လို ခင်တွယ်ခဲ့ပေမယ့် အခုချိန်မှာ အမှန်တွေသုံးလိုက်ရင် သူ့ရဲ့ငွေယွန်းကလေး နေစရာ ဗိမာန် ပျောက်သွားခဲ့မှာမို့ . . .

သူ့မှာ မကြံအပ်မစည်အပ် မမကို ချစ်ဟန်ဆောင်ပြီး (သူမကြိုက်တာကို ပေးလိုက်ရတာ) ဖြစ်သည်။

ဟွန်း . . . ရင်မောရပါတယ် ငွေယွန်းရယ်။

မင်းကြောင့် ငါ လူလိမ်တစ်ယောက်ဖြစ်ခဲ့ရပြီ။

ငါလိမ်တဲ့ လိမ်လည်မှုက ပိုပြီးအပြစ်ကြီးတယ်ကွ။

ငါ့ရဲ့လိမ်လည်မှုက . . .

(အမျိုးသမီးကြီးတစ်ယောက် ကိုယ့်ကျေးဇူးရှင်ကို ချစ်ဟန်ဆောင်ခဲ့တာတဲ့လေ)။

ကဲ . . . ဘယ်လောက် အပြစ်ကြီးလဲ ဟင်။

"ဘိုက"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘိုဂ"

"... ... ..."

သူ့ပခုံးကို လှုပ်ကိုင်ခါယမ်းပြီးမေးလာသည့်ငွေယွန်းကို သူ တစ်ချက် နှင့်နှင့်စိုက်ကြည့်ပြီး ကိုယ့်ဘဝကိုယ်နာကြည်းစိတ်ဖြင့် အံကို တင်းတင်းစေ့ကြိတ်ပစ်လိုက်သည်။

သူ အံကြိတ်ထားရင်းမှ ရင်နင့်စရာ ကြေကွဲစရာဖြစ်ခဲ့သည့် သူ့အတိတ်အကြောင်းတွေကို ရင်ထဲမှာပဲ မျိုချလိုက်ကာ တစ်ချိန်က ဖေဖေနှင့် တပျော်တပါးနေခဲ့သည့် ပုံရိပ်တွေကို နှလုံးသားထဲမှာပဲ သိမ်းဆည်းထားလိုက်သည်။

သူ့နှလုံးသားထဲမှာ ဖေဖေ့ပုံရိပ်တွေကို သိမ်းဆည်းလိုက်ပေမယ့် ဖေဖေပြောခဲ့သည့်စကားသံများကတော့ ရင်ထဲမှာရိုက်ခတ်ရှိန်သန်ဆဲဖြစ်ခဲ့သည်။

"ဒီမှာ ဘိုဂ ... မင်းကို တစ်ခု အခွင့်အရေးပေးမယ် မင်း ငွေယွန်းကို မောင်နှမလိုဆက်ဆံပြီး ကျောင်းစာဆက်ကြိုးစားမယ်ဆိုရင် မင်း ဒီအိမ်မှာ ဆက်နေခွင့်ရှိမယ်၊ ဒါမှမဟုတ် မင်းဆန္ဒမပြည့်ဝလို့ မင်း သည်းမခံနိုင်ဘဲ စာဆက်ပြီးမကြိုးစားတော့ဘူးဆိုရင်တော့ မင်းအိမ်ကနေထွက်သွားနိုင်ပြီ၊ မင်းကြိုက်တဲ့လမ်းကိုသွား choice ပေတော့ ဘိုဂ"





ဆိုသည့် ဖေဖေ့စကားသံတွေက သူ့ကို အသစ်တစ်ဖန် ပြန်လည်ခံစားလိုက်ရစေကာ သူ့ ဟိုးလွန်ခဲ့တဲ့ခြောက်နှစ်နီးပါးက ဘဝတစ်ခုကို ပြန်လည်ပြေးမြင်ယောင်ပြီး သူ ရင်အခုန်ကြမ်းသွားရတော့သည်။

"အို ဘိုဂ ... နှင် နှင် သတိထားပါဦး"

"ဘာလဲ ... နှင်က တစ်အိမ်တည်းနေရတယ်ဆိုပြီး ငါ့ကို မယုံကြည်တာလား"

သူက ရင်ထဲက အချစ်တွေကို မျိုချပြီး ငွေယွန်းကို ရှုတည်တည်မျက်နှာထားနှင့်ပိတ်ပေါက်လိုက်တော့ သူ့ကို ငယ်စဉ်ကတည်းက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့လာခဲ့ရသူလေး ငွေယွန်းခမျာ နားရွက်တွေထောင်မတ်သွားသည်အထိ ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။

ငွေယွန်း ...

သူ့ကို ရှုံ့ကြောက်ကလေးဖြစ်သွားတာကို သူရင်ထဲက သဘောကျ ကျေနပ်သွားပေမယ့် အပြင်မှာတော့ ဟိတ်ဟန်ကြီးနှင့် [illegible]ွားရေးရှင်ပိပိ မျက်နှာထားနှင့် ငွေယွန်းကို ခပ်နက်နက်စိုက်ကြည့်လိုက်သည်။

ငွေယွန်းက သူ့အကြည့်တွေကို မျက်နှာလေးလွှဲသွားခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ အသည်းယားပြီး သူမလက်ကလေးကို ခပ်တင်းတင်းဆုပ်ကာ . . .

"ဟိတ် . . . မင်းဘာလို့ ငါ့ကို မျက်လုံးလွှဲသွားတာလဲ"

". . . . . . . . ."

"မေးနေတယ်လေ"

"ဟာ . . . ဘာဖြစ်နေတာလဲ"

"မေးတာ ဖြေလေ"

သူ တစ်ချက်တည်တည်မေးလိုက်တော့ ငွေယွန်းက မျက်ရည်လေးရစ်ဝိုင်းကာ သူ့ကို အသံတုန်လေးနှင့်ပြောလာခဲ့သည့်စကားက သူ့ကို ရယ်စရာဟာသတစ်ကွက် ရသွားရလေသည်။

ရင်ထဲက ဟာသတွေက အပြင်သို့ထွက်ကျပြီး သူ ငွေယွန်းလက်ကလေးကို ဆွဲပြီး ဝရန်တာမှာ ထွက်ရပ်ကာ ဟားတိုက်ရယ်ချလိုက်ပါတော့သည်။

"ဟား ဟား ဟား ဟား"

"ဟင် . . . ဘာရယ်တာလဲ"

"သိပ်အတာပဲကွာ . . . ငါ့ကို ဘာလို့ မျက်လုံးလွှဲသွားတာလဲ၊ ကဲ ပြော . . . မပြောရင် ငါက မွှေမှာပဲ၊ မင်း ဒီည အိပ်လို့မရအောင် မွှေမှာပဲ"





"နင်ကြည့်နေလို့"

"ဟား ဟား ဟား . . . အတုံးမ ဝတုံးမ၊ ငါသာ သူ့ကိုမချစ်ရင် သူ့မှာ ချစ်ရမယ့်ချစ်သူ မရှိဘဲ ရင်ဘတ်ဟောင်းလောင်းဖြစ်နေမှာ"

"အံမယ် . . . ငါ့ကိုလည်း လျှော့မတွက်ပါနဲ့နော်"

"အင်း . . . နင်က ဘယ်ရှိလို့လဲ"

"နင်မရှိရင် ဟိုလူ"

လက်ညှိုးလေးတစ်ချောင်းထောင်ပြီး မျက်လုံးလေး ထောင့်ကပ်ကာ ပြောလာသည့်ငွေယွန်းကို လက်သီးနှင့်တစ်ချက်ပိတ်ထိုးပြီး ကြိမ်းလိုက်သည်။

"သေချင်လို့လား"

"မသေချင်သေးပါဘူး"

"ဘယ်သူရှိလို့လဲ"

"ငါ့မောင်ရှိလို့"

"ဘာ မောင်လဲ . . . ချစ်သူလား မောင်နှမလား"

"မောင်နှမပေါ့ကွယ်"

"ဘာ"

သူ့အသံက ကျားဟိန်းသံလို တိုက်ခန်းတစ်ခုလုံးဟောင်



www.burmeseclassic.com

www.burmeseclassic.com



ပျံ့လွင့်သွားသည်တောင် ထင်လိုက်ရသည်။

အဲဒီအချိန်နှင့် တစ်ပြိုင်နက် ...

ငွေယွန်းလက်မောင်းသားတွေ ကျိုးကြေမတတ် နာကျင်သွားခဲ့ရသည်။

''အ အ ... နာတယ်''

''ပြန်ပြော''

''တကယ်ပြောတာ ... နင်နဲ့ငါက ဒီလိုတစ်အိမ်ထဲ ဘယ်လိုမှ နေလို့မသင့်တော်ဘူး။ ငါ နေလည်းမနေချင်ဘူးဟာ၊ ဟိုတုန်းက ဖေဖေရှိတာတောင် နင်က ''

''ဘာလဲ ... နင်က ငါ့ကို အထင်သေးတာလား''

''... ... ...''

''ဟော့ ... မေးနေတယ်လေ''

သူမ မျက်နှာလေးကွက်ခနဲ ပျက်ကျသွားတာ သူ့ကို ရိဝေမျက်လုံးတွေနှင့်စိုက်ကြည့်ကာ ...

''မသင့်တော်ဘူး ဘိုဂ ... ပြီးတော့ နင်က ဒီတိုက်ခန်းကို ဘယ်လိုဝယ်လိုက်တယဆိုတာ ငါ အစအဆုံးမသိရမချင်း ငါ နင်စိတ်ပြတာကို လက်မခံနိုင်ဘူး။ ငါလည်း သိထားသင့်တာတွေကို သိထားချင်တယ်''





''ဘာလဲ ... နင်က ငါ့ကို သူခိုးဂျပိုးထင်လို့လား ... ဒီလို မယုံမကြည်မေးရအောင်''

''မယုံကြည်လို့ မဟုတ်ဘူး ... သိသင့်လို့ မေးတာ''

''မပြောဘူးဆိုရင်ရော''

''မနေဘူး''

''တောက် ... သေဦးမယ်နော် ... ငါလုပ်လိုက်ရ''

''ငါ တကယ်ပြောတာ''

''သိချင်တယ်ပေါ့၊ ဒါဆို ပြောပြရတာပေါ့ ... ငါ့ကိုကြိုက်နေတဲ့ ဘွားတော်တစ်ယောက်ဝယ်ပေးတာ''

''ဟင်''

''ဘယ့်နှယ်လဲ ... အရသာတွေ့သွားပြီလား''

သူက မျက်စိတစ်ဖက်မှိတ်ပြီး ပခုံးတစ်ဖက်တွန့်ကာ ခုန်ဆွခုန်ဆွနှင့် သူမအရှေ့ကနေ ကျောခိုင်းလှည့်ထွက်ပစ်လိုက်သည်။

အဲဒီလို သူ လှည့်ထွက်လိုက်တော့ ...

သူမကလည်း သူ့အနောက်ကနေ ခြေသံပြင်းပြင်းနဲ့လိုက်လာတာကို သူ နှလုံးသားခုန်စွာ ကြားသိလိုက်ရပြီး မိန့်မိန့်ကြီးကြည်မွေ့စွာ ပြုံးပျော်သွားတော့သည်။

အဟား ... ပျော်လိုက်တာကွာ။




www.burmeseclassic.com

www.burmeseclassic.com



မင်းနှလုံးသားကို အရည်ပျော်အောင် ကလိရတာ ငါ ဘယ်လိုပျော်မှန်းမသိဘူး။





## အခန်း (၁၆)

ကျောင်းသွားရန် အဆင်သင့်ကျောပိုးအိတ်ကလေးလွယ်ပြီး ဧည့်ခန်းထဲကို ထွက်လာခဲ့သဖြင့် ငွေယွန်းကို သူက တကယ့်ရောမသူဌေးကြီးစတိုင်ဖြင့် တစ်ချက်တည်တည်ကြည့်ပြီး မေးတစ်ချက်ဆတ်ကာ ...

"ပြီးပြီလား ... Ready ဖြစ်ပြီလား"

"အင်း"

"ဒါဆို သွားကြတာပေါ့၊ လက်ကိုင်ဖုန်း မသုံးရတော့ဘူးနော်၊ ဟိုကောင်ဖုန်းဆက်မှာ ငါ အလိုမရှိဘူး၊ အင်း ... မင်းလည်း ဒီတစ်နှစ် ကျောင်းပြီးရင် ကိုယ်ကလည်း ကုမ္ပဏီလုပ်ငန်းကို ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ထူထောင်နိုင်ပါပြီ''

သူက ငွေယွန်းကို အသိပေးသလိုနှင့် သူ့အကြောင်းကို တစ်စွန်းတစ်စဖွင့်ဟလိုက်သည်။

သူ ဖွင့်ဟလိုက်တာကို . . .

သိချင် ကြားချင်ရဲ့နဲ့ မသိချင်ယောင်ဆောင်ပြီး သူ့ကို မျက်လုံးလေးတစ်ချက်စွေကြည့်ပြီး အရှေ့ကနေ လှည့်ထွက်သွားသည့် ငွေယွန်းအနောက်ကနေ သူ ခပ်ဖြည်းဖြည်းချင်းလိုက်လာခဲ့ပြီး ရင်ထဲမှာ ကိုယ့်လိပ်ပြာကိုယ် မလုံသလိုကြီး ခံစားလိုက်ရသည်။

အင်း . . .

ဒီအကြောင်းတွေကို မမသာသိသွားခဲ့ရင် ဆိုသည့်အတွေး တစ်ခုက သူ့ကို နောက်ကျောလုံခြုံမှုမရှိအောင် ရင်ထဲမှာ တသဲ့သဲ့ နှိပ်စက်နေခဲ့သည်။

သူ့ရင်ထဲမှာ ကိုယ့်လိပ်ပြာကိုယ် မလုံခြုံဖြစ်ပြီး ကတုန်ကယင်ကြီးဖြစ်နေတဲ့ ငွေယွန်းကတော့ သူဖွင့်ပေးသည့် PRADO ကားဖြူကြီးရဲ့ ရှေ့ခန်းမှာ ခပ်ငြိမ့်ငြိမ့်လေးတက်ထိုင်ပြီး သူ့ကို သံသယမျက်လုံးတွေနှင့် တစ်ချက်အကဲခတ်လိုက်သည်။

သူ့ကို အကဲခတ်ကြည့်နေရင်းမှ . . .

ရင်ထဲမှာ သံသယကြီးစွာ ရေရွတ်လိုက်မိသည့်စကားကို





သူသာ ကြားသိခွင့်ကြုံလိုက်ရပါလျှင် . . .

ငွေယွန်းကို သူ့ကားပေါ်ကနေ တစ်ခါတည်းမြောင်းထဲ ရောက်အောင် ကန်ချခဲ့မှာ မလွဲကေန်ပင်။

အင်း . . . ငွေယွန်းရင်ထဲက သံသယစကားကလည်း ကြည့်ဦး . . .

သူ ဘယ်လိုမှ လက်သင့်ခံနိုင်သည့်စကား မဟုတ်ချေ။

ငွေယွန်းရေရွတ်လိုက်သည့် စကားကတော့

''ဘိုဂ . . . နင် ဒီတိုက်နဲ့ ဒီကားမျိုးကို ပိုင်ဆိုင်တာ ငါတော့ နင့်ကို ရိုးသားမှုမရှိဘူးလို့ထင်တယ်၊ တစ်ယောက်ယောက်က နင့်ကို Pribute ပေးထားတာပဲ၊ နင် သူတစ်ပါးရဲ့ကြိုးကိုင်မှုကို ခံနေရတာပဲ၊ နင့်ကို မယုံဘူး ဘိုဂ''

ငွေယွန်း ရေရွတ်လိုက်သည့် ရင်ထဲကစကားတွေကိုသာ သူ ကြားသိလိုက်ရပါလျှင် . . .

'ကွိ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွို'

ကားဘရိတ်ဆွဲသံနှစ်ခု ရှေ့ဆင့်နောက်ဆင့်ခပ်ကြမ်းကြမ်း မြည်ထွက်လာသည်တွင် ငွေယွန်းက မျက်စိစုံလုံးမှိတ်ပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ကာ . . .

"အား"

ခနဲ အော်လိုက်မိသည်။

အဲဒီခဏအတွင်းမှာပဲ တစ်ဖက်မှ LANDCRUISER ကား နက်ကြီးထဲမှ ကိုကြီးက ဝုန်းခနဲကားတံခါးဖွင့်ဆင်းလာပြီး ငွေယွန်းထိုင် နေသည့် ကားတံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်လေသည်။

"အို . . . ဦးမင်းခန့်"

"ဘာ ဦးမင်းခန့်လဲ . . . မင်း မင်း ဆင်းခဲ့စမ်း"

"ဟင်"

ငွေယွန်းမျက်လုံးတွေ ပြာခနဲဖြစ်သွားပြီး အနားမှာ ငွေယွန်း ကို ပြာဖြစ်မတတ်စိုက်ကြည့်နေသည့် ဘိုဂကိုလည်း ကြောက်အား လန့်အား မော့ကြည့်မိသွားသည်။

အဲဒီအချိန်မှာ . . .

ငွေယွန်း ပခုံးနှစ်ဖက်ကို ဘိုဂက ခပ်ကြမ်းကြမ်းဆွဲခါလိုက် တာကို ငွေယွန်းက သတိလက်လွတ် ငေးကြည့်နေလိုက်မိသည်။





"ဘာ အခုမှ အ,အရုပ်နဲ့ နင်ကြည့်တာလဲ၊ နင့်ပြဿနာ နင်ရှင်း၊ ငါ နင်နဲ့ပတ်သက်တဲ့လူမှန်သမျှ ဘယ်ကောင့်မျက်ခွက်မှ မကြည့်ချင်ဘူး"

"ဟ ကောင်လေး . . . မင်း မိုက်ရိုင်းလှချည်လား၊ မင်းဟာ ကျေးဇူးတရားဆိုတာ ဘာမှန်းမသိတဲ့ကောင်ပဲ"

"ကျေးဇူးတရား . . . ဟား ဟား . . . ပစ္စည်းကို သိမ်းပိုက်ပြီး လို လူကိုပါအပိုင်သိမ်းပိုက်ဖို့ ခင်ဗျားက ကျူးသွင်းဦးမလို့လား . . . မရဘူးဗျ မရဘူး

ဒီမှာ . . . ဟောဒီမိန်းကလေး ငွေယွန်း အ,လို့ ခင်ဗျားရဲ့ ကျူးသွင်းမှုကိုသာ ခံချင်ခံမယ်၊ ကျုပ် သူ့ရှေ့မှာ မားမားရည်တည် လိုက်တဲ့အချိန်မှာတော့ ခင်ဗျားအတွက် ဝမ်းနည်းကြေကွဲခြင်းပဲ မှတ်"

"ဟ . . . မင်းက ငွေယွန်းရှေ့က ရပ်တည်ပြီး ငွေယွန်းကို ရှေ့နေလိုက်ပေးရအောင် မင်းက ငါနဲ့ငွေယွန်းအကြောင်းကို ခရေ စေ့တွင်းကျ ဘာသိထားလို့လဲ"

"အို ကိုကြီး . . . ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

"ရှင်းတဲ့စကား ဒီကောင် မသိသေးတဲ့ မင်းနဲ့ငါရဲ့ ဇာတ် လမ်းက ဘယ်အတိုင်းအတာအထိ မြောက်သွားပြီဆိုတာ မင်းပြော မပြချင်ဘူးဆိုရင် ငါပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ထင်ထားသည့်အတိုင်းအတာထက် ကျော်လွန်သွားပြီမို့ ငွေယွန်းလည်း ဘယ်သူ့ကိုမှ နိုင်အောင်ဆွဲမထားနိုင်တော့ဘဲ ယောကျ်ားနှစ်ယောက် တစ်ယောက်တစ်ပြန်စီ လက်သီးထိုးပွဲမှာ ကြားထဲကနေ ဘယ်သူ့ကိုဝင်ဆွဲရမှန်းမသိ ဖြစ်သွားရပါတော့သည်။

သူတို့နှစ်ယောက်စလုံးက ...

ငွေယွန်းနှင့် ရင်းနှီးပတ်သက်ထားကြသူများ ဖြစ်ခဲ့ကြလေသည်။

တစ်ယောက်က ဖေဖေသဘောတူကြည်ဖြူခဲ့သည့် ဖေဖေကိုယ်တိုင်သတ်မှတ်ချက်ဖြင့် လက်ထပ်ရမည်လို့ပြောခဲ့သည့်လူ။

တစ်ယောက်ကတော့ ...

ငွေယွန်းရင်ဘတ်ထဲက နှစ်ပေါင်းများစွာ ရင်းတည်ပြီး ချစ်ခဲ့သည့်သူ။

အို ... သူတို့နှစ်ယောက်ဟာ ...

ငွေယွန်းမျက်စိရှေ့မှာ တစ်ယောက်တစ်ပြန် လက်သီးပစ်သွင်းနေကြတာကို ငွေယွန်း ဘာမှ ဝင်ဟန့်တားခြင်းမပြုနိုင်တော့ဘဲ သူတို့နှစ်ဦးအရှေ့မှာပဲ မျက်နှာကိုလက်ဝါးနှင့်အုပ်ပြီး ဟီးချင့်ကြွေးလိုက်ပါတော့သည်။





အဲဒီလို ...

ငွေယွန်း ဟီးချင့်လိုက်တော့မှ သူတို့နှစ်ယောက်စလုံး လက်သီးထိုးပွဲရပ်လိုက်ကြပြီး ...

ငွေယွန်းအရှေ့သို့ နှစ်ယောက်စလုံးအပြေးအလွှားရောက်လာပြီး ငွေယွန်းပခုံးကို ကိုကြီးက ပွေ့ဖက်လိုက်သည်တွင် "ဖောင်း" ခနဲမြည်အောင် လက်သီးနှင့် ကိုကြီးမေးရိုးကိုဆွဲထိုးလိုက်သည့် ဘိုဂကို ငွေယွန်း အလန့်တကြား ဟန့်တားတောင်းပန်လိုက်ရပါတော့သည်။

"အို ဘိုဂ ... လွှန်မယ် ... ကိုကြီး မလုပ်ပါနဲ့ ... တောင်းပန်ပါတယ်၊ ငါတောင်းပန်ပါတယ်"

"ဟား ဟား ဟား ... ဘာကွ မင်း"

"ဟော့ကောင် ... မင်း ညီမကို မတရားမနှိပ်စက်နဲ့"

ဘိုဂလက်တစ်ဖက် မြှောက်တက်ပြီး ငွေယွန်းပါးပြင်သို့ ဝဲခနဲပစ်ကျလာသည့်တွင် ငွေယွန်းက ဖြစ်ချင်ရာဖြစ်မျက်စိမှိတ် တင်းခံလိုက်ပေမယ့် ဘိုဂလက်တစ်ဖက်ကို ကိုကြီးက ဆွဲထားလိုက်ပြီး တောက်ခေါက်ကြိမ်းလိုက်သည့်အသံက ကိုကြီးမှဟုတ်ရဲ့လားလို့ ငွေယွန်း အံ့သြမိန်းမောသွားရသည်။

"တောက် ... ခွေးသူတောင်းစား၊ ငါးနှစ်လုံးလုံးပစ်ထားပြီးမှ အခုမှ ဘာလာပြီး နေရာယူရတာလဲ မင်း ငါးနှစ်လုံးလုံးပစ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ငွေယွန်းကို မင်း ဘာတွေ ထောက်ပံ့ခဲ့သလဲ . . .၊

ဟား . . . ထောက်ပံ့ဖို့မပြောနဲ့ကွာ . . . ထမင်းတစ်နပ်စာ တောင် မင်း ရှာကျွေးခဲ့ဖူးလား၊ ငွေယွန်းကျောင်းတာဝန်ကို မင်း တစ်နှစ်စာ တာဝန်ယူဖူးသလား၊ ကဲ ပြော . . . ဒီတာဝန်တွေကို ဘယ်သူထမ်းဆောင်ပြီး ပြုစုပျိုးထောင်ခဲ့သလဲ''

''ဟာ . . . ခင်ဗျားက မဟုတ်တိုင်တက်ပြတာလား၊ ကိုယ်ရည် သွေးတာလား၊ ဘာလဲ . . . ခင်ဗျားဒီလို ကိုယ်ရည်သွေးပြလို့ ခင်ဗျား ကို ကျုပ်က သနားပြီး ကျုပ်ချစ်သူကို ရှေ့ခင်ဗျားပဲ လက်ထပ်ပါ တော့လို့ ကျုပ်က ခင်ဗျားကို ထိုးအပ်မယ်လို့မျှော်လင့်ထားသလား မမျှော်နဲ့ မမျှော်နဲ့ . . . မျှော်ရင် ခင်ဗျား အမောဆိုက်သွားတာပဲ အဖတ်တင်မယ်နော''

ဘိုဂကပြောလည်းပြော ငွေယွန်းလက်တစ်ဖက်ကိုလည်း ခပ်ကြမ်းကြမ်းဆွဲပြီး ကိုကြီးရှေ့က ချာခနဲ လှည့်ထွက်လိုက်သည်တွင် ငွေယွန်းလည်း ဘာစကားမှမပြောမိတော့ဘဲ ဘိုဂအနောက် ကို ယက်ကန်ယက်ကန်နှင့် ပါလာခဲ့ရတော့သည်။

အဲဒီအချိန်မှာ . . .

ကိုကြီးကတော့ ဘယ်လိုခံစားချက်နှင့် အံကြိတ်ကျန်ခဲ့သည် မသိ။

ပြီး:ချမ်းတာပေ



ငွေယွန်းကတော့ ဖြစ်ခဲ့သည့်ဘဝတစ်ခုကို အသက်မဲ့စွာ ဖြင့် ခံစားချက်ကင်းမဲ့သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

သူ တိုက်ခန်းကို ပြန်ရောက်ရှိသေးသည်။

သူ့ခါးကြားထဲက hand phone က မြည်လာခဲ့တာမို့ သူက ငွေယွန်းကို ပခုံးတစ်ချက်တွန့်ပြီး ...

"နင် ဧည့်ခန်းထဲက စောင့်နေ ... ငါဖုန်းပြောလိုက်ဦးမယ်"

"ဟင်"

"ဘာလဲ ... နင်က ပြဿနာပြီးသွားပြီလို့ ထင်လို့လား"

သူက ပခုံးတစ်ချက်တွန့်ပြီး ငွေယွန်းကို ခနဲ့ခနဲ့သရော် လိုက်တာကို ငွေယွန်းက မျက်နှာတစ်ချက်ပျက်သွားပြီး ခေါင်းငုံ့ ငြိမ်သက်သွားလေသည်။





ငွေယွန်းကိုကြည့်ပြီး ...

သူ့ဒေါသတွေက ရင်ထဲကနေ အလိပ်လိုက်ပွင့်ထွက်လာခဲ့ ပြန်သည်။

သူ့ကိုများ ဟိုကောင်က ဘယ်လိုသတ်မှတ်ထားသည်မသိ။

ပြောခဲ့သည့်စကားကိုက မာရေကျောရေပင်။

"တောက် ... ခွေးသူတောင်းစား။ ငါးနှစ်လုံးလုံး ပစ်ထားပြီး အခုမှ ဘာလာပြီး နေရာယူရတာလဲ၊ မင်း ငါးနှစ်လုံးလုံးပစ်ထားတဲ့ ွေယွန်းကို မင်းဘာတွေ ထောက်ပံ့ခဲ့သလဲ ...၊

ဟား ... ထောက်ပံ့ဖို့ မပြောနဲ့ကွာ ... ထမင်းတစ်နပ်စာ ောင် မင်း ရှာကျွေးခဲ့ဖူးလား။ ငွေယွန်းကျောင်းတာဝန်ကို မင်း စ်နှစ်စာ တာဝန်ယူဖူးသလား ... ကဲ ပြော၊ ဒီတာဝန်တွေကို ယ်သူထမ်းဆောင်ပြီး ပြုစုပျိုးထောင်ခဲ့သလဲ"

ဆိုသည့် မင်းခန့်စကားများက သူ့မာနကို ထိုးဆွလိုက်သလို ငြင်းလောင်မြိုက်သွားလေသည်။

တောက် ... ခွေးသူတောင်းစား။

စိတ်ရှိလက်ရှိ လုပ်ရရင်လည်း သူပဲ ထောင်ကျတာအဖတ် မည်။

သူထောင်ကျမှာကို ကြောက်လို့မဟုတ်။ ငွေယွန်းကို ထင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အဆုံးရှုံးမခံနိုင်လို့ပင်ဖြစ်သည်။

ငွေယွန်းရယ် . . . မင်းကတော့ ငါ့ကွယ်ရာမှာ ဒီကော

ဘယ်လောက်အထိ ရင်းနှီးပတ်သက်ထားသလဲ။

ငါ့ရင်ထဲမှာ ပူလိုက်တာကွာ။

"ဟင်း"

သူ့ရင်ထဲက သက်ပြင်းတွေက အပြင်ကို "ဟင်း"ခနဲ ထွ

ကျသွားသည်တွင် ငွေယွန်းက သူ့ကို မျက်ဝန်းညိုတွေနှင့် ခပ်မှိုင်းမှိုင်း

ကြည့်လာခဲ့ပြီး ခပ်တိုးတိုး မငုံ့မရဲဆိုလာခဲ့သည်။

"ဘိုဂ . . . ဖုန်းမြည်နေတယ်"

"ငါ သိတယ်"

ဘိုဂက ခပ်ထန်ထန်ပိတ်ဟောက်ပြီး ခါးကြားထဲမှာ တ

တူမြည်နေသည့် ဖုန်းကို ဖျတ်ခနဲဆွဲထုတ်လိုက်ကာ ဝရန်တာ

ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

အဲဒီအချိန်အထိ . . .

ဒီဖုန်းကို သူသိပ်မုန်းတဲ့ကောင်ရဲ့ဖုန်းလို့ မထင်မှတ် မ

လင့်ထားဘဲ သူ့ဖုန်းကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး အသံပြုလိုက်သ

"ဟယ်လို"

"ဘိုဂ"

ငြိမ်းချမ်းစာပေ



"မင်း ဘယ်သူလဲ"

"မင်းအသည်းကိုခွဲမယ့်သူ"

"ဟား ဟား ဟား . . . ရမလားကွ၊ ငါ့အသည်းကို ခွဲမယ့်သ

ကို ငါက ဒီအတိုင်း လက်ပိုက်ကြည့်နေမလား"

သူ ဘယ်လိုမှ ဒေါသကို မျိုသိပ်လို့မရအောင် ရင်ပွင့်သွား

ပြီး ဝရန်တာမှာရပ်နေရာမှ ဝုန်းခနဲလှည့်ပြီး မျက်နှာကို အထက်ပင့်

ကာ ဟားတိုက်ရယ်ချလိုက်သည်။

"ဟား ဟား ဟား . . . ဦးမင်းခန့် . . . ခင်ဗျားရုပ်လည်း

ခင်ဗျားပြန်ကြည့်စမ်းပါဦး၊ နတာဆိုလို့ အကျိုးပဲရှိတယ်နော၊ ခင်ဗျား

အဘိုးကြီးဖြစ်နေပြီ . . . တစ်ဆိတ် မကြွားနဲ့"

"'ဟာ . . . မင်းက ငါနဲ့ငွေယွန်းကို ဘယ်လိုမှပတ်သက်မှု

မရှိဘူးလို့ကို အပီယုံထားတယ်ပေါ့ . . . ဟုတ်လား"

"ဘာဗျ"

"မှတ်ထား ကောင်လေး . . . မင်းခန့်သူရဆိုတဲ့ကောင်က

မပိုင်ရင် ခြင်တောင်မရိုက်ဘူး၊ မင်း ငါ့ချစ်သူကို လုချင်ရင် ငါ

တည့် တည့်ပြောရတာပေါ့"

"ခင်ဗျား စကားတစ်ခွန်းမှမပြောတော့နဲ့"

"ဘာလဲ ဘိုဂ . . . မင်းလန့်သွားပြီလား"

ငြိမ်းချမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"မလှန့်ပါဘူး၊ Single မိန်းကလေးတစ်ယောက်ကို အချိန်မရွေး ကျူပ် ချစ်ခွင့်ရှိပြီးသားဆိုတာ ခင်ဗျားမေ့မထားနဲ့၊ ငွေယွန်းက ကျူပ်ရင်ခွင်မှာပဲ အမြဲတမ်းရှိနေရမယ်"

"ကောင်းပြီလေ . . . ငါးနှစ်လုံးလုံး ငါတို့ပတ်သက်မှုကို မင်း သတိရရင် မင်းစွန့်စားလိုက်ပေါ့"

'ခွမ်း'

ခန့်မြည်အောင် လက်ထဲကဖုန်းကို ကြမ်းပြင်မှာ ပစ်ပေါက်ခွဲလိုက်မိသည်အထိ သတိလက်လွတ် ပေါက်ကွဲသွားသည့်ခံစားမှုတွေက ချစ်သည့်မိန်းမဆီသို့ ဦးတည်သွားတော့သည်။

'ဝုန်း'

ခန့် ငွေယွန်းအရှေ့သို့ ရောက်သွားချိန်မှာတော့ သူ လူ စိတ်ပျောက်သွားလေသည်။

အဲဒီအချိန်မှာ . . .

သူ ငွေယွန်းကို စိတ်ရှိလက်ရှိ ပါးကို ဘယ်ပြန်ညာပြန်





ဘယ်နှချက်မှန်းမသိ ရိုက်ချလိုက်တာကို နောက်ဆုံးသိရှိလိုက်ရပြီး

ငွေယွန်း သူ့အရှေ့မှာ ပုံရက်လဲကျသွားတာကို သူ ကြက်သေသေပြီး စိုက်ကြည့်နေပြီးမှ အံကိုတင်းတင်းကြိတ်ကာ ငွေယွန်းအရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့သည်။

ရင်ထဲမှာ . . .

နာလွန်းလို့ ဘယ်အရာနဲ့မှ နှိုင်းလို့မရအောင် သူ့ခံစားချက်တွေက အပြင်းဆုံး နက်ရှိုင်းသွားပါတော့သည်။

ဒီအချိန်မှာ . . .

သူ့နှလုံးသားက နာကျင်ခါးသီးစွာ ရင်းနှီးပေ့ပိုက်လိုက်သည့်စကားကတော့ သူ့ကိုယ်သူတောင် မယုံနိုင်အောင် အံ့သြဝမ်းနည်းသွားပါသည်။

တကယ်ပါဗျာ . . .

ကျွန်တော့်ကိုယ်ကျွန်တော်တောင် မယုံတော့ဘူး။

ကျွန်တော် ဘာဖြစ်လို့ အဲဒီလောက်ရူးသွပ်ခဲ့သလဲ။

သူ ဘယ်လောက်အထိ အချစ်ကြောင့် ရူးသွားရသလဲဆိုရင်

သူ အရူးဆုံးခံစားချက်တွေနှင့်ရေရွတ်လိုက်သည့်စကားကတော့ . . .

"ငွေယွန်း . . . မင်း ဘာပဲဖြစ်ဖြစ် ငါ . . . ငါ မင်းကို အဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရှုံးမခံနိုင်ဘူး ... ငါ မင်းကို လက်ထပ်မယ်''

ပါးပြင်က နာကျင်လွန်းသည့်ခံစားမှုထက် ရင်ထဲက နာသည့် ခံစားမှုတွေက ငွေယွန်းကို မျက်ရည်မိုးတွေ သွန်းသွန်းဖြိုးသွားရလေ သည်။

ငွေယွန်းရင်ထဲမှာ ...

ငါ လုံးဝမငိုဘူး ဆိုပြီး တင်းခံထားခဲ့ပေမယ့် ...

နာလွန်းသည့် ရင်ထဲကခံစားချက်တွေက ငွေယွန်းကို ဘယ် လိုမှ မငိုဘဲ မနေနိုင်အောင် ပူလောင်ကြေကွဲခြင်းတွေ စီးဝင်ခံစားလိုက် ရတော့သည်။

ငွေယွန်း ကိုယ့်ဘဝကိုယ်နာလွန်းလို့ ဖေဖေ့ကို တိုးဖွဖွလေး တိုင်တည်လိုက်ပါသည်။

''ဖေဖေ ကောင်းကင်ဘုံကနေ ငွေယွန်းခံစားချက်တွေကို နားလည်ပေးပါနော်၊ ငွေယွန်း ဒီလိုမခံစားရအောင် ငွေယွန်းကို ဆုံးမ ပါ ဖေဖေ''





''ဟင်''

သူ ငွေယွန်းအခန်းထဲကို လှမ်းဝင်လိုက်သည်နှင့်တစ်ပြိုင် နက် ကြားလိုက်ရသည့် ငွေယွန်းငိုရှိုက်သံက သူ့နှလုံးသားကို ဆန့်ခါ ပေါက်ဖြစ်သွားအောင် ထွင်းဖောက်နာကျင်သွားတော့သည်။

နာလွန်းလို့ သူ့ရင်ဘတ်ကြီးကို လက်နှစ်ဖက်နှင့်ဖိပြီး မျက်နှာ ကြီးရှုံ့လိုက်ကာ ငွေယွန်းခုတင်ကို ဖြည်းဖြည်းချင်းလျှောက်သွားလိုက် ပြီး ငွေယွန်းကို ခပ်တိုးတိုးလေးခေါ်လိုက်သည်။

''ငွေယွန်း''

''... ... ...''

''ငွေယွန်း''

ငွေယွန်းပါးပြင်မှာ သူရိုက်ထားသည့်လက်ရာတွေနှင့် ရောင် ကိုင်းပြီး ညိုမည်းနေတာကြီးကြည့်ပြီး သူ ရင်မချိဖြစ်သွားကာ ငွေယွန်း မျက်နှာလေးကို သူ့မျက်နှာနှင့် ပွေ့ကြီးဖိအပ်ပြီး သူ တစ်ချက်ပြင်းပြင်း ငိုရှိုက်လိုက်သည်။

''ငွေယွန်း ... ငါ မှားသွားပြီ ... ငါ လုံးဝ မှားသွားပြီကွ''

သူ ငွေယွန်းကို ပွေ့ဖက်ပြီး ငိုရှိုက်လိုက်တာကိုလည်း ငွေ ယွန်းက ဘာမှ ခံစားချက်မရှိသည့်မျက်လုံးတွေနှင့် မော့ကြည့်ပြီး ဖေဖေ့ကို တမ်းတမ်းတတရေရွတ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

"... ... ..."

"ဖေဖေ့ကို အရမ်းသတိရတယ်"

စိတ္တဇဆန်ဆန်ဖြင့် သူ့မျက်နှာကြီးကိုကြည့်ပြီး ဖေဖေ့ကို တဖွဖွရေရွတ်နေသည့် ငွေယွန်းကိုကြည့်ရင်း သူ မင်းသားကြီးရှုံ့အောင် ငွေယွန်းကိုယ်လုံးလေးကို ဖက်ကာ ငိုချလိုက်ပါတော့သည်။

သူ အသည်းပေါက်မတတ် ငိုရှိုက်ရင်းမှ ငွေယွန်းနာမည်လေးကိုပဲ တမ်းတမ်းတတ ကြေကြေကွဲကွဲကြီး ရေရွတ်လိုက်ပါတော့သည်။

"ငွေယွန်းရယ်"

မင်း အရမ်း ခံစားသွားရပြီနော်။

မင်းခံစားရအောင် ငါလုပ်မိတာ မင်း ငါ့ကို တစ်သက်လုံး မုန်းလိုက်ပါတော့နော်။

မင်းအမုန်းဒဏ်ကို ငါ အသည်းကွဲခံပြီး နာခံပါ့မယ်ကွာ။





## အခန်း (၁၈)

ရင်ထဲမှာလေးနေသည့် ခံစားချက်တွေက အလုပ်ထဲမှာ ဘယ်လိုမှ အာရုံဝင်စားလို့မရခဲ့ပေမယ့် သူ ကုမ္ပဏီကို တစ်ရက်မှ မပျက်ဘဲ ရောက်လာခဲ့သည်။

သူ အဲဒီလိုရောက်လာခဲ့ပေမယ့် အိမ်မှာတစ်ယောက်တည်း တိုက်ခန်းတံခါးသော့ခတ်ပြီး ကျန်ခဲ့သည့် (ထားခဲ့ရသည့်ချစ်သူလေးကို) သူ စိတ်မချနိုင်စွာ ရင်နင့်နေခဲ့သည်။

'ကျွီ'

"ဟင်"

အတွေးတွေနှင့် တိုက်ခန်းမှာကျန်ရစ်ခဲ့သည့် ချစ်သူလေးရဲ့

www.burmeseclassic.com

အညိုအမည်းစွဲနေသည့် ပါးပြင်လေးကိုမြင်ယောင်ပြီး အသနားပိုကာ ရင်နင့်ကြေကွဲခံစားကောင်းနေတုန်းမှာပဲ ရုံးခန်းတံခါးကို တွန်းဖွင့်ဝင်လာသည့် မမကို သူ ဆတ်ခနဲ အလန့်တကြားကြည့်လိုက်မိသည်။

"ဟဲ့ . . . ဘာပြူးကြည့်နေတာလဲ၊ ငါ့ကို မမြင်ဖူးလို့လား"

မမက တစ်ချက်မျက်မှောင်ကုတ်ပြီး ခပ်ထန်ထန်ဆိုတော့မှ သူ လိပ်ပြာမလုံသလို ခပ်အမ်းအမ်းဖြစ်သွားရသည်။

အမ်းသွားသည့်မျက်နှာကို ပြင်ဆင်ဖို့ မျက်လွှာကလေးသိမ်းလိုက်ရင်းမှ ရင်ထဲကလာသည့်အသံနဲ့ သူ မမကိုတစ်လုံးချင်းပြောလိုက်သည်။

"ဒီရက်အတွင်း ကျွန်တော်လည်း ဘာတွေခံစားနေရလဲ မသိပါဘူး မမရယ် . . . ကျွန်တော့်စိတ်ထဲမှာ အိမ်ကိုသတိရသလိုပဲ"

"ဟုတ်လား . . . မင်း မိသားစုကို ပြန်သတိရပြီလား"

"အင်း . . . သတိရသလိုလို၊ သတိမရသလိုလိုနဲ့ ဘာတွေမှန်းလည်းမသိဘူး၊ ကျွန်တော့်ရင်ထဲမှာ အဖြေမရှိဘူး"

မမက သူ့ကိုတစ်ချက်ကြည့်ပြီး နှုတ်ခမ်းတွန့်ပြုံးလိုက်သည်။

"အင်း . . . ကိုယ့်အထင်တော့ မင်း တစ်ခုခုဖြစ်နေပြီ"

မမစကားကြီးကို သူလန့်ဖျပ်သွားကာ မမကို အလန့်တကြားမော့ကြည့်ပြီး . . .





"ဘာတစ်ခုခုလဲ မမ"

"မင်းတိုက်ခန်းမှာ တစ်ယောက်တည်းပြောင်းနေရလို့ စိတ်တွေယောင်နေတာ"

"ဟာ မဟုတ်ပါဘူး . . . မမကလည်း"

"ကိုယ်ထင်တာ ပြောတာပဲ၊ မင်း ဟုတ်တာ၊မဟုတ်တာ ကိုယ်မသိဘူး၊ မင်းကို ကိုယ် ဒီရက်အတွင်းကြည့်နေတာ တစ်ခုခုခံစားနေရသလိုပဲ၊ မင်း ဘာဖြစ်နေတာလဲ . . . ကိုယ့်ကိုမလိမ်နဲ့"

"ဟင်"

သူ မမကို ဘာပြန်ပြောရမှန်းမသိအောင်ကိုပင် စိတ်တွေချောက်ချားသွားရသည်။

မြတ်စွာဘုရား . . .။

သူ့ရဲ့လိမ်ဆင်ကြီးကို မမသာ သိသွားရင် သူ ဘယ်လိုမှ ထွက်ပေါက်မရှိအောင် နစ်မြုပ်သွားတော့မှာဖြစ်သည်။

ဟား . . . ဒီအကြောင်းတွေကို မမ မသိအောင် သူ နည်းအမျိုးမျိုးနှင့် ကာကွယ်သွားရမည်ဖြစ်သည်။

"ဘယ်လိုလဲ ဘိုဂ . . . ဘာတွေလိမ်ချင်လို့ အကြံထုတ်နေတာလဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့စကားက သူ့ဂုဏ်သိက္ခာကို တည့်တည့်ချိုးနှိမ်ခဲ့တာဖြစ်သည်။

သူ မမကို ဘာပြန်ပြောရမှန်းမသိအောင် ဆွံ့အသွားပြီးမှ မမ ယုံအောင် ပုံပြောရတော့မှာဖြစ်သည်။

"မမကလည်းဗျာ ... ကျွန်တော့်ကိုမြင်လိုက်တာနဲ့ အပြစ်ပြောဖို့ ကြည့်နေတာ၊ ကျွန်တော် ဘာအပြစ်လုပ်မိလို့လဲ ... ကဲ ပြော"

"အောင်မာ ... မင်းကများ ငါ့ကို အမှုသည်စစ်နည်း စစ်ရအောင်"

"မဟုတ်လို့လား"

"ဘာလဲ"

"မ,က ကျွန်တော့်ကို ဘယ်လိုထင်လို့လဲ"

"မင်း အကြံတစ်ခုခု ထုတ်နေတယ်"

"ဟုတ်တယ် မမ"

"ကဲ ... ဒါဆို ပွင့်ပွင့်လင်းလင်း ပြောပေတော့"

"အင်း ... ကျွန်တော် မ,ကို လက်ထပ်ရကောင်းမလားလို့"

"ဘာကွ"

"ဟာ ... စိတ်ဆိုးလား မ"





"ဆိုးတယ် ... မင်းက ဘဝစကားကို အလှတရားဆင်ပြီး စကားပြောတာ ငါ လုံးဝမကြိုက်ဘူး"

"မ,ရယ်"

"မင်း ငါ့ပခုံးကို မထိနဲ့"

"ဒါ စိတ်ဆိုးစရာလား မရယ်"

သူ မမပခုံးပေါ်တင်ထားသည့်လက်ကို အသာအယာပြန်ရုပ်လိုက်ပြီး မမပခုံးပေါ် မေးတင်လိုက်သည်။

"သွားစမ်းပါ ... မင်းအကြံကို ငါ မသိရင် ခက်မယ်"

"ဒါဆို ဘာလဲ"

"အခု မပြောဘူး ... နောက်မှ ပွင့်ပွင့်လင်းလင်း သိစေရမယ်"

"ဟာဗျာ ... အခု သိချင်တယ်"

"အခုကတော့ မင်း အနေအထိုင်ဆင်ခြင် ... ဒါပဲ ငါ ပြောမယ်၊ မင်း ကောင်မလေးတွေနဲ့ လိုမ့်မယ်မပြင်နဲ့၊ လိုမ့်လို့ကတော့ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

"မက မောင်မောင်လေးကို Jealous ဖြစ်တယ်ပေါ့"

သူ မမကို ပြောသာပြောနေရတယ်။ ရင်ဘတ်ထဲမှာ ဘာမှ ပေါ်လှချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ဘတ်ထဲမှာရှိတာက သူ တိုက်ခန်းမှာကျန်ခဲ့သည့် ချစ်သူလေးဆီ ဒီနေ့လယ် ဘယ်လိုပြန်လစ်ရမလဲဆိုတာကိုပဲ ဖြစ်သည်။

ဒါပေမဲ့ မမကတော့ ဒီနေ့တစ်နေ့လုံး သူ့အနားကနေ လှည့်ထွက်သွားမယ့်ပုံ မပေါ်ခဲ့တာမို့ သူ မမကို ဘာနဲ့လိမ့်ပြီး ချစ်သူလေးဆီ နေ့လယ်တစ်ခေါက် အရောက်ပြန်ဖို့ အကြံဉာဏ်ထုတ်ရမလဲဆိုတာကိုပဲ အတွေးနှင့် အကောင်အထည် ဖော်လိုက်မိပါတော့သည်။

မမအလစ်ကိုချောင်းပြီး သူ တိုက်ခန်းကို ပြန်လာခဲ့လိုက်သည်။

သူရောက်လာတဲ့အချိန်မှာ ထမင်းစားရမည့် ငွေယွန်းကို သူက အပြင်ကနေ ထမင်းချိုင့်ဆွဲပြီး တိုက်ခန်းသော့ကိုဖွင့်ကာ ငွေယွန်းရှိသည့်အခန်းထဲကို လှမ်းဝင်လိုက်သည်။

သူ လှမ်းဝင်လိုက်တာကို သိသိကြီးနှင့် တစ်ဖက်လှည့်ပြီး ကျောခိုင်းအိပ်နေသည့် ငွေယွန်းအနားသို့ သူ ဖြည်းဖြည်းချင်းလျှောက်





သွားရင်းက ရင်ထဲကမောသည့် သက်မမောကြီးကို မျက်နှာပင့်ချလိုက်သည်။

ပြီးမှ 'ဟား' ခနဲလေပူကြီး ဟားထုတ်လိုက်ကာ ငွေယွန်းကိုယ်လုံးလေးကို ဆွဲယူပြီး ညီမလေးကို အစ်ကိုကြီးက ချော့မော့နှစ်သိမ့်သံမျိုးနှင့် ချော့မော့နှစ်သိမ့်လိုက်သည်။

"ငွေယွန်း"

"... ... ..."

"ညီမလေး"

တစ်ခါမှ ငွေယွန်းကို သူ ညီမလေးလို့ မခေါ်ဖူးခဲ့ချေ။

သူ့ထက် ခြောက်လငယ်ခဲ့ပေမယ့် သူကချည်း ဗိုလ်လုပ်လာခဲ့တာမို့ ငွေယွန်းကို သူ ညှာတာခဲ့တာဆိုလို့ ဘာတစ်ခုမှ မရှိခဲ့။

မညှာမတာနဲ့ ရိုက်မိခဲ့သည့်အပြစ်တွေချည်း ရှိခဲ့သည်။

အခုလည်းပဲ သူ ခပ်ကြမ်းကြမ်းရိုက်ထားသည့် ပါးပြင်က နာကျင်မှုတွေကို ကျိတ်မျိုချပြီး သူ့ကို စကားတစ်ခွန်းမှ ပြန်မပြောဘဲ ဆန္ဒပြနေသည့် ငွေယွန်းကို သူ အကြမ်းမကိုင်တော့ဘဲ လေချိုသွေးရပါတော့သည်။

ငွေယွန်းကို ညစဉ်တိုင်း ညစဉ်တိုင်း အိပ်ရာဝင်ခါနီးမှ သူ ရက်ရက်စက်စက်ရိုက်ခဲ့သည့် ငွေယွန်းရဲ့ပါးက အညိုအမည်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com

မွေးပွတဘက်ကြီးနှင့် ရေချွေးသွတ်ကာ ဖွဖွကလေးအုံပေးပြီး သူ ချော့မော့ခဲ့ပေမယ့် ငွေယွန်းကတော့ သူ့ကို ဘာစကားတစ်ခွန်းမှ တုံ့ပြန်မလာခဲ့ချေ။

သူကသာ ငွေယွန်းပါးနုနုလေးကို ရေချွေးစိမ်ထားသည့် မွေးပွတဘက်ဖြင့်အုပ်ပြီး ကျပ်ပူထိုးပေးရင်းမှ သူ့အမှားတွေကို တတွတ်တွတ်တောင်းပန်နေမိသည်။

"ငွေယွန်းရယ် ... ငါ မှားခဲ့တဲ့အမှားတွေကို နင့်ကို အနူးအညွတ် တောင်းပန်ပါတယ်၊ ငါ နင့်ကို ဒီလိုလက်လွှတ်စပယ်ကြီး မရိုက်သင့်ပါဘူးကွာ ...၊

ငါ ဘယ်လိုမှ မခံစားနိုင်အောင် ပေါက်ကွဲသွားလို့ပါကွာ၊ ဟိုကောင်က ငါ့ကို ဘာပြောတယ်မှတ်လဲ ... ဟင် ငွေယွန်း"

ငွေယွန်းကတော့ သူ့စကားကို ဘာမှတုံ့ပြန်ခြင်းမရှိ။ ဘာမှမတုံ့ပြန်ခဲ့သလို ဘာမှစိတ်ဝင်စားဟန်မပြဘဲ မျက်လုံးသေတွေနှင့် သူ့ကိုမော့ကြည့်နေတာကို သူ မခံစားနိုင်တော့သည့်ရင်ဖြင့် ငွေယွန်း မျက်နှာလေးကို အနွေးဆုံး ပွေ့အပ်နမ်းရှိုက်လိုက်ပါတော့သည်။

အဲဒီအချိန်မှာ ငွေယွန်းက သူ့ရဲ့အနမ်းတွေကိုလည်း ဘာမှငြင်းဆိုရုန်းကန်ခြင်းမရှိဘဲ မျက်ရည်တွေသာ အဆက်မပြတ်စီးကျသွားလေသည်။

ငြိမ်းချမ်းစာပေ



"မင်း မငိုပါနဲ့ကွာ၊ မင်းမျက်ရည်တစ်စက်ဟာ ငါ့နှလုံးသားကို သွေးတစ်စက် စွန်းခဲ့ရပါတယ်၊ ငါ မှားပါတယ်၊ မှားသွားပါတယ်၊ ငါ သတိလက်လွတ် မှားခဲ့တဲ့အမှားက ငါ့ရဲ့သဝန်တိုစိတ်ကြောင့် များခဲ့တာဆိုရင် မင်း ငါ့ကို ခွင့်လွှတ်ပေးပါနော် ငွေယွန်း ...၊

ဟိုကောင်က ငါ့ကို ဘာပြောတယ်မှတ်လဲ ... သူနဲ့ ငါးနှစ်လုံးလုံး တွဲလာတဲ့မင်းကို သတိရင် စွန့်စားလိုက်ပေါ့တဲ့ ... ငါ့ကိုပြောတာ၊ ငါ မယုံဘူး ... မင်းဟာ ဒီလိုအနေအစားပက်စက်တဲ့ မိန်းကလေး မဟုတ်ဘူး၊ ဟုတ်တယ်နော် ငွေယွန်း ... မင်း ဒီလိုမိန်းမ ဟုတ်ပါဘူး"

သူ့ကို ဘာစကားမှ ခွန်းတုံ့ပြန်ပြောလာခြင်းမရှိဘဲ သူအုံပေးလာသည့်ရေချွေးအဝတ်ကြီးကို ခပ်ကြမ်းကြမ်းပုတ်ထုတ်လိုက်သည့်ပုံရိပ်များက ငွေယွန်းကို အခုထိ တသဲ့သဲ့နှိပ်စက်နေသည်လား ဆီ။

ငွေယွန်း သူ့ကို အခုထိအစာမကြေဖြစ်နေပြီး စကားတစ်ခွန်းမှ မဆိုသလို ထမင်းလည်း မစားသေးတာမို့ သူက အခုလို ငွေယွန်းအိပ်ရာထဲဝင်ပြီး ချော့ချော့မော့မော့ကျွေးခဲ့ခြင်းဖြစ်သည်။

"ဟင် ငွေယွန်း ... ထကွာ၊ ကိုယ် မင်းကို ထမင်းခွံ့ကျွေးယ် ... ထ ထ ထကွာ"

ငြိမ်းချမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘိုက်"

"ဟာ . . . စကားပြောပြီ"

ငွေယွန်းလက်ကလေးကိုဖမ်းဆွဲပြီး သူ ငွေယွန်းနှင့် အနီးဆုံးမျက်နှာချင်းဆိုင်ကာ ငွေယွန်းမျက်နှာလေးကို ရွှတ်ခနဲ ခပ်ကြမ်းကြမ်းငုံ့နမ်းလိုက်ရင်းမှ ငွေယွန်းကိုယ်လုံးလေးကို ခပ်တင်းတင်းကြီးပွေ့ဖက်ထားလိုက်သည်။

သူ ပွေ့ဖက်လိုက်တာကို ငွေယွန်းက ခပ်ကြမ်းကြမ်း ရုန်းထွက်ပြီး တစ်လုံးချင်းဆိုလိုက်သည့်စကားက သူ့နှလုံးသားကို အသက်မဲ့ တိတ်ဆိတ်သွားတော့သည်။

"နင့်ကို ငါ တစ်သက်လုံး ဘယ်တော့မှ မကျေနပ်ဘူး။ နင်ဟာ ယေယေကတည်းက ငါ့ကို အမြဲတမ်းနှိပ်စက်တယ်၊ အခုလည်း နှိပ်စက်တယ်၊ နင်နဲ့ ငါးနှစ်လုံးလုံးခွဲနေခဲ့ရတာ ငါ စိတ်ချမ်းသာတယ်၊ ငါ့ဘဝမှာ စိတ်ဆင်းရဲမှုတွေများလွန်းလို့ ငါ စိတ်ချမ်းသာမှုကိုပဲ လိုချင်တယ်၊ ကျန်တာ ဘာမှ မမက်မောဘူး။ ငါ့ရင်ထဲမှာ စိတ်ချမ်းသာမှုတစ်ခုကိုပဲ ငါ လိုအပ်တယ်"

ငွေယွန်းစကားတွေက ဘယ်အတိုင်းအတာအထိ သက်ရောက်သွားသည်ဆိုတာကို သူ နာကျင်ခါးသီးစွာ နှလုံးသားက နားလည်ခံစားလိုက်ရသည်တွင် သူ ငွေယွန်းကို ဘာစကားတွေ ပြန်





ပြောလိုက်မိသည်အထိ ခံစားချက်နက်သွားရလေသည်။

သူ ရင်နင့်ကြေကွဲစွာ ငွေယွန်းကို ပြောလိုက်မိသည်မှာ

"ငါ နားလည်သွားပြီ ငွေယွန်း၊ မင်းက ငါ့ကိုမှ အလိုမရှိတာ၊ မင်းအလိုရှိတာ ဟားကွာ . . . ငါ တကယ်ခံစားရတယ်၊ မင်းမင်း အကြင်နာခေါင်းပါးတဲ့မိန်းမပဲ၊ မင်းကို ငါသိပ်မုန်းတယ် ငွေယွန်း"

နောက်ဆုံး ပြောလိုက်သည့် . . . "မင်းကို ငါ သိပ်မုန်းတယ် ငွေယွန်း" ဆိုသည့်စကားကိုတော့ သူ့နှလုံးသားက ထွင်းဖောက်နာကျင် ကြားသိလိုက်ရလေသည်။

အဲဒီနောက် သူ ဘာမှခံစားလို့မရတော့သည့်ရင်ဖြင့် ငွေယွန်းအခန်းထဲက ချာခနဲ လှည့်ထွက်လာခဲ့မိပါတော့သည်။

www.burmeseclassic.com



## အခန်း (၁၉)

တစ်အိမ်တည်းနေပြီး စကားတစ်ခွန်းမှမပြောဘဲ တစ်[...]ယောက်ကိုတစ်ယောက် ကျောခိုင်းထားကြသည့် သူနှင့်ငွေယွန်းဘ[...]ထဲသို့ ဒီထက်ပြဿနာရှုပ်ထွေးသည့် အကြောင်းအရာတွေပေါ်လာ[...]လိမ့်မယ်လို့ သူ လုံးဝမျှော်လင့်မထားခဲ့ပါ။

သူ ယုံကြည်မျှော်လင့်ထားသည်မှာ ငွေယွန်း သူ့ကိုစိတ်ဆိုး[...]တုန်း ခဏပဲထင်ထားတာ။

အခုဆိုရင် တစ်လကျော်ကြာသွားသည်အထိ ငွေယွန်း[...] လျစ်လျူပြုကျောခိုင်းခြင်းကို သူ ဒီကနေ့တော့ အပြတ်မေးမ[...] ဆုံးဖြတ်လိုက်သည်။





ထိုဆုံးဖြတ်ချက်ဖြင့် သူ ငွေယွန်းအခန်းထဲကို တိတ်တဆိတ် လှမ်းဝင်လိုက်သည်တွင် အခန်းထဲမှာ ငွေယွန်းက တုံးလုံးလေးလှဲ နေရာမှ ဖုန်းပြောနေလေသည်။

ငွေယွန်း ဖုန်းပြောနေတာကို သူ မျက်မှောင်ကုတ်ပြီး ခဏ ရပ်နားထောင်လိုက်သည်။

“အင်း . . . ကျွန်မ အခုချိန်မှာ ဘာမှမစဉ်းစားတတ်တော့ဘူး ကိုကြီး၊ ကျွန်မ အပြောင်းအလဲမြန်တာ မဟုတ်ဘူး၊ ဖေဖေ့စကား ကိုလည်း ပယ်ရှားခဲ့တာ မဟုတ်ဘူး . . . ၊

အခုအချိန်မှာ ကျွန်မဘဝကို ကျွန်မမပိုင်ဘူး၊ ဟုတ်ပါတယ် . . . ကျွန်မတို့ ကံကြမ္မာကိုပဲ စောင့်ကြည့်ကြပါစို့”

“ဟင်”

သူ ဘယ်လိုမှသည်းမခံနိုင်တော့သည့်အဆုံး ငွေယွန်းလက် ထဲက ဖုန်းကလေးကို လှမ်းဆွဲယူလိုက်သည်တွင် ငွေယွန်းက အံ့အား သင့်သွားကာ ‘ဟင်’ ခနဲ အသံထွက်သွားပြီးမှ သူ့လက်ထဲမှ သူမ ဖုန်းလေးကို ပြန်ဆွဲယူလိုက်လေသည်။

ဖုန်းလေးကို လှမ်းဆွဲယူရင်းမှ . . .

“နင် ဒါ ဘာလုပ်တာလဲ”

“မြင်တဲ့အတိုင်းပဲ၊ ဒီမှာ ကိုမင်းခန့် . . . ခင်ဗျားကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

စကားတစ်ခွန်းလောက် ပြောချင်လို့ပါ''

''မင်းပြောတဲ့စကားကို ငါ နားမထောင်နိုင်ဘူး၊ လက်မခံနိုင်ဘူး''

ပြောပြီးချက်ချင်း ဖုန်းပိတ်သွားသည့် မင်းခန့်လုပ်ရပ်တွေကို သူ အမုန်းဆုံးခံစားလိုက်ရတာ ငွေယွန်းကိုပဲ ဖြစ်မဲလိုက်မိတော့သည်။

''နင်က ဒီအတိုင်းအတာအထိ ရောက်နေတာတောင် ဘယ်သူ့ကို မျှော်လင့်ချင်သေးလို့လဲ''

''ဘာလဲ ဘိုဂ . . . နင် ငါ့ကိုရန်လာမစနဲ့''

''ဟား ဟား ဟား . . . အပြောကတော့ကွာ ငါးနှစ်လုံးလုံး ခွဲခဲ့ရတဲ့သူကိုတော့ မကြင်နာတဲ့နဲ့ ငါးနှစ်လုံးလုံးတွဲခဲ့တဲ့ သူ့ရဲ့လေလုံးကို မိနေတာ နင် မရှက်ဘူးလား မိငွေယွန်း''

''ရှက်တတ်မယ်ဆိုရင် နင် လဲသေပစ်ဖို့ကောင်းပါတယ်ကွ . . . နားလည်လား''

''ဘိုဂ . . . နင် ငါ့ကို ဘာပြောချင်တာလဲ''

''အေး . . . ပြောမယ်၊ တစ်ခွန်းပဲမေးမယ် . . . နင် အဲဒီကောင်ကို အပြတ်လမ်းခွဲမှာလား, မခွဲဘူးလား . . . တစ်ခွန်းပဲပြော''

''မခွဲဘူး''





''ဘာ''

လေထဲကို မြောက်တက်သွားသည့် သူ့လက်တစ်ဖက်က လေထဲမှာပဲ ပျံဝဲသွားလေသည်။

ဟား . . . ထိန်းချုပ်ရမယ်။

စိတ်ထင်တိုင်းပေါက်ကွဲပြီး ထပ်ရိုက်ရပြန်ရင်လည်း ငွေယွန်းသူ့ကို ဒီထက်စိတ်နာမှာပဲ အဖတ်တင်မှာမို့ သူ အံကိုတင်းခနဲဖိကြိတ်ပြီး လေထဲမှာဝဲသွားသည့် လက်ကြီးကို ပြန်ရုပ်လိုက်ရသည်။

သူကသာ လက်ပြန်ရုပ်လိုက်ရတယ် . . .

ငွေယွန်းကတော့ မျက်နှာတစ်ချက်မှ မလျှော့ဘဲ တင်းမာမော့ထားလိုက်တာ။

တောက် . . .

သူ စိတ်ရှိတိုင်း လုပ်ပစ်ရရင် ရာဇဝင်ရိုင်းသွားဦးမည်။

ရာဇဝင်မရိုင်းရအောင် သူ့ရင်ထဲက ဒေါသတွေကို လက်သီးဆုပ် အံကြိတ်မျိုချပြီး ငွေယွန်းရဲ့ မော့တင်းနေသည့်မျက်နှာကို ခပ်ကြမ်းကြမ်းဆွဲခါကာ တစ်လုံးချင်း ပြန်မေးလိုက်သည်။

''ထပ်ပြောစမ်း''

''နင် ငါ့ကို နိုပ်စက်လိုက်တာလား ဘိုဂရဲ့၊ နင်နဲ့ငါ ပြန်မတွေ့ခဲ့ရင် ကောင်းမယ်၊ အခုတော့ အခုတော့ ငါက နင့်ရဲ့အနိုင်ကျင့်


www.burmeseclassic.com

www.burmeseclassic.com

ကိုခံရဖို့ နင် ထားရာနေ, စေရာသွား ဖြစ်ခဲ့ရပြီပေါ့ ...၊

ဟင် ... နင် တရားရဲ့လား ... ပြန်စဉ်းစားစမ်းပါ ဘိုဂရဲ၊ ငါ စိတ်ဆင်းရဲလွန်းလို့ ... ငါ့ကို လွှတ်မြောက်ခွင့်ပေးပါတော့"

"ဟား ဟား ... ငါးနှစ်လုံးလုံး လွတ်လာတဲ့အရသာကို သိသွားပြီပေါ့ ... ဟုတ်လား"

"ဘိုဂ ... နင် မမိုက်ရိုင်းနဲ့"

"အေး ... ဒီတစ်ခါပဲ ဒီကောင်နဲ့ ဖုန်းပြောတာ နောက်ဆုံး အကြိမ်ဖြစ်ပစေ၊ ငါ လုံးဝပိတ်ပင်တယ် ချုပ်ကိုင်တယ်၊ နင်နဲ့ငါဟာ ဘာလဲဆိုတာ ငွေယွန်း ... နင် အခုထိ မသိသေးဘူးလား ဟင်"

"ဟင် ... ဘာလဲ ... ငါ မသိဘူး"

"တစ်ချိန်ကျ သိပ်မကြာတဲ့အချိန်ကျ လက်ထပ်ကြရမယ့် သူတွေပဲ"

သူ့စကားအဆုံးမှာ ငွေယွန်းက မျက်နှာကို တစ်ချက်မဲ့သွားပြီး သူ့ကို ချာခနဲကျောခိုင်းလိုက်သည်။

ကျောခိုင်းပြီး အခန်းထဲကနေ လှည့်ထွက်လိုက်ရင်းမှ ...

"သိပ်မကြာတဲ့အချိန်ကျ လက်ထပ်ရအောင် နင့်ကို ဘယ်သူက လက်ထပ်ပါ့မယ်လို့ ကတိပေးထားလို့လဲ"

"ငွေယွန်း"





သူ့မျက်လုံးတွေ စိမ်းတောက်သွားပြီး ငွေယွန်းလက်တစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲကာ ငွေယွန်းမျက်နှာကို တအားဆွဲခါယမ်းလိုက်သည်တွင် ငွေယွန်းက 'အား' ခနဲ မျက်စိစုံမှိတ်အော်လိုက်ရင်းမှ ...

"ငါ ... နင့်ကိုချစ်ပေမယ့် တစ်ဘဝလုံးလက်တွဲဖို့ မဆုံးဖြတ်ရဲဘူး။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ငါ စိတ်အဆင်းရဲမခံနိုင်လို့ဘဲ ... ဘိုဂ၊ နင် ငါ့ကိုစိတ်ချမ်းသာအောင်ထားမှာပါဆိုပြီး ပါးစပ်က အကြိမ်တစ်ရာ ကတိပေးပေး ... ငါ မယုံဘူး။ ငါ နင့်အတွက် စိတ်ဆင်းရဲပေါင်း များလှပါပြီ၊ ဒဏ်ရာအနာရွတ်တွေလည်း များလှပါပြီ၊ နင်ဟာ ငါ့ကို ငယ်ငယ်ကလည်း ငယ်ငယ်ကမို့၊ အခုလည်း အခုမို့လို့"

"တော်တော့ ... မင်း တော်တော့"

"ဟင့်အင်း ... ငါ ငါ မခံစားနိုင်တော့ဘူး၊ ငါ ငါ နင်နဲ့အတူ မနေချင်ဘူး၊ ငါ ... ဖေဖေ့အရိပ်အောက်ကိုပဲ အေးချမ်းစွာပြန်နေပါရစေ၊ ငါ တောင်းပန်ပါတယ် ငါတောင်းပန်ပါတယ် ... နော် ဘိုဂ"

"ဟင်"

သူ့အရှေ့မှာ ဒူးထောက်ပြီး သူ့ပေါင်နှစ်ဖက်ကို ငေး်တင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ကာ တောင်းပန်လာသည့် ငွေယွန်းကို သူဘာမှပြန်ပြော နိုင်သည့် အင်အားမရှိတော့ဘဲ အံကြိီးတင်းတင်းဖိကြိတ်ကာ မျက်ရည်တွေ စီးကျသွားလေတော့သည်။

ဖြစ်ရလေ ငွေယွန်းရယ် . . . နင် ငါ့ကို အဲဒီလောက်အထိ အလိုမရှိခဲ့တာလားဟင်။

နင် ငါ့ကိုမုန်းမယ်ဆိုရင် ငါ နင့်ဆန္ဒတွေကို ချက်ချင်းဖြည့်ဆည်းပေးပါ့မယ်ကွာ။ ငါ့ကိုတော့ နင် မမုန်းလိုက်ပါနဲ့နော်။

“ငွေယွန်း . . . မင်း ငါ့ကို ဘယ်လောက်အထိ မုန်းနေလဲ ဟင်၊ မင်းရဲ့ အမုန်းစကားတွေက ငါ့နှလုံးသားကို သွေးစက်စက်ကျခဲ့ရ တယ်၊ မင်း . . . မင်း ဘာဖြစ်လို့ ငါ့အပေါ် ဒီလောက် ရက်စက်ရတာလဲ ဟင် . . . ဟင် ငွေယွန်း”

အိပ်ပျော်နေသည့် ငွေယွန်းမျက်နှာလေးကိုကြည့်ပြီး သူ့ရင်ထဲက (ကျရှုံး) စကားတွေ ရင်ပွင့် ပွင့်အံလိုက်မိသည်။

သူ့ရင်တွင်း ကြေကွဲသံတွေကို ငွေယွန်းကတော့ ဘာ ခံစား





ချက်မှမသိဘဲ အိပ်ပျော်နေရာမှ တုတ်တုတ်တောင်မလှုပ်ဘဲ အိပ်မက်ကောင်းတွေများ မက်ကောင်းနေသည်လား မသိ။

သူကတော့ ကိုယ်သိပ်ချစ်ရသည့် ချစ်သူလေးက ကိုယ့်ကို သိပ်ချစ်လျက်နဲ့ အနာကြည်းဆုံးခံစားနေရတာတွေကို တွေးပြီး ဟိုးအရင်က နှိပ်စက်ခဲ့သည့်ပုံရိပ်များက သူ့နှလုံးသားကို တသဲ့သဲ့စီးဝင်လာခဲ့ပါတော့သည်။

ဩော် . . . အဲဒီတုန်းကတော့ တစ်ဦးတည်းသောသူဌေးသား ဆိုပြီး ဘဝင်တွေခေါင်ခိုက်ကာ ဘယ်သူ့ကိုမှ သူ့ထက်အကျော်မပေးခဲ့သည့် ဘိုဂဆိုတဲ့ကောင်လေးရဲ့ အဆိုးဒဏ်ကို ခံရသူလေးကတော့ မွေးစားသမီးလေး ငွေယွန်းပင်။

ငွေယွန်း သူ့ဒဏ်ကို ဘယ်လောက်အထိခံရသလဲဆိုရင် စာမေးပွဲမှာ အမှတ်များများရပြီး ငွေယွန်း ပထမရပြီဆိုရင် သူက ဖေဖော်ကွယ်ရာမှာ ငွေယွန်းနားရင်းကိုအုပ်ပြီး အမှတ်လျော့ဖြေခိုင်းခဲ့သည်။

အဲဒီလောက်အထိ သူက ဆိုးခဲ့တာပင်။

သူ ဘယ်လောက်အထိဆိုးဆိုး အဲဒီတုန်းက ငွေယွန်းက ခေါင်းငုံ့သည်းခံခဲ့လေသည်။

အခုတော့ ဟား . . . ငါ့ဘဝမှာ မင်းမရှိလို့မဖြစ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနဲ့ မင်းလမ်းခွဲမယ်ဆိုတော့လည်း
ငါနှလုံးသား အကြေကွဲခံပါ့မယ် ငွေယွန်းရယ်။
မင်း စိတ်ချမ်းသာရင် ငါကျေနပ်ပါတယ်။



## အခန်း (၂၀)

ဘိုဂ ဘာအလုပ်လုပ်လို့ ဒီလောက်အထိ ကြီးပွားတိုးတက်နေတယ်ဆိုတာကို သိချင်သည့် မင်းခန့်က ဘိုဂ,ကားနောက်ကို နောက်ယောင်ခံလိုက်လာခဲ့သည်။

ဘိုဂကတော့ သူ့အနောက်ကနေ တိတ်တဆိတ်လိုက်လာခဲ့တာကို မသိဘဲ ကုမ္ပဏီတစ်ခုအရှေ့သို့ ကားထိုးရပ်ပြီး စတိုင်အမြင့်ကြီးဖြင့် ခပ်တည်တည်ပင် ကားတံခါးဖွင့်ဆင်းပြီး ကုမ္ပဏီထဲ လျှောက်လှမ်းဝင်သွားတာကို သူ ခပ်နနပြုံးလိုက်ရင်းမှ ကားကိုလမ်းဘေးတစ်နေရာကိုထိုးရပ်ပြီး ဒက်ရှ်ဘုတ်ပေါ်မှာတင်ထားသည့် Hand Phone ကို ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



Hand Phone နံပါတ်တွေကိုနှိပ်ရင်းမှ သူ ကျေနပ်စွာ ပြုံးလိုက်ပြီး တစ်ဖက်မှ စကားသံကို နားစွင့်ထားလိုက်သည်။

အဲဒီအချိန်မှာ တစ်ဖက်မှ ...

"ဟယ်လို"

ဟု ... အသံပြုလာသည့် Green ကုမ္ပဏီပိုင်ရှင် ... သူ့ ရဲ့ သူငယ်ချင်းမလေး ရွှေရင်သူကို သူ ခပ်တိုးတိုး အသံပြုလိုက် သည်။

"ရင်သူလား"

"ဟင် ... ဟုတ်ပါတယ် ... ဘယ်သူလဲ မသိဘူး"

ရင်သူက သူ့အသံကို ချက်ချင်း တန်းမမှတ်မိဘဲ ပြန်မေး လိုက်တာကို သူက တစ်ချက်ပြုံးလိုက်ပြီးမှ ခပ်တိုးတိုး ရယ်လိုက် သည်။

"ဘယ်သူလို့ထင်လဲ ... ထင်ကြည့်ပါဦး"

ပြောရင်းနှင့် သူ ခပ်တိုးတိုးရယ်လိုက်ပြန်သည်။

"ဟဲ့ သေနာစုတ် ... မင်းခန့်သူရ မဟုတ်လား"

"အမယ်လေဗျာ ... မိန်းမတောင် မယူရသေးဘူး သော စိတ်တော့ မလုပ်လိုက်ပါနဲ့"

"ဟယ် ... ဒီအရွယ်ကြီးရောက်နေပြီ ... နင် မိန်းမမရသေး





ဘူးလား။ နင့်အသက် သုံးဆယ့်ခြောက်နော်"

"မိန်းမ မရတာမဟုတ်ပါဘူး ... ငါက မိန်းမမယူတာပါ၊ နင်က သူများသာပြောတယ် ... နင့်အသက်လည်း နင်ပြန်ဆန်းစစ် ဦးနော် အပျိုကြီး ... မလန်းတော့ဘူး"

"အောင်မယ် ... နင်က နင်က ငါ့ကို"

"ဘာလဲ ... ရှိပြီပေါ့"

"ဒါပေါ့"

"ဟာ ... ဒီအရွယ်ရှိပြီဆိုရင် အငယ်လေးလား"

"အိုး ... Right Right"

"Right ဆိုရင် အင်း ... သတိရပြီ၊ ချာတိတ်ချောချော လေး မဟုတ်လား၊ ကောင်လေးက နင့်ထက် ဆယ့်သုံးလေးနှစ် ငယ်တယ်မဟုတ်လား"

"ဆယ့်သုံးလေးနှစ် မဟုတ်ပါဘူး"

"ဒါဆို ဘယ်လောက်လဲ"

"ဟယ် ... နင်ဘာလုပ်မလို့လဲ ဘာကိစ္စ ဖုန်းဆက်တာလဲ"

အခုမှ ရင်သူက သူ့ဇာတ်ထဲမျောပါသွားတာကို ရှက်ရမ်းရမ်း တအားဆောင့်အော်လိုက်တော့မှ သူက ပခုံးတစ်ဖက်တွန့်ပြီး တ်ခမ်းကိုက်ရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကြီးကလည်း ငါက အကြောင်းမရှိဘဲ ဘိုဂ အကြောင်းကို စိတ်မဝင်စားပါဘူး"

"ဟင် ... နင်က ဘိုဂကို သိတယ်လား"

"သိရုံတင် ဘယ်ကမလဲကွာ ... ရန်တောင်ဖြစ်ဖူးတယ်"

"ဟင် ... ရန်ဖြစ်တယ်၊ ဘိုဂက နင့်ကို ဟိုအရင်ကတည်းက သိတာလား။ အခုမှ သိတာလား"

"ဟိုး ကလေးဘဝကတည်းက"

"ဟင်"

ရင်သူ အံ့ဩပြီးရင်း အံ့ဩသွားရတာ လက်ထဲက ကိုင်ထားသည့် ဖုန်းလေးကိုတစ်ဖက်နားကို ပြောင်းနားထောင်လိုက်ရင်းမှ တုန်ယင်မောဟိုက်သည့်အသံဖြင့် ...

"ဒါဆို ဘိုဂ ကား Accident ဖြစ်ပြီး အတိတ်မေ့သွားတာကိုရော နင်သိလား"

"ဘယ်တုန်းက သူက အတိတ်မေ့လို့လဲ၊ အတိတ်မေ့မှ ငါ့ကို ရန်ဖြစ်နိုင်မလား။ သူ့ မဒီလေးကို ကြည့်စေ၊ အေးစေ ခင်းနိုင်မ လား။ ဘိုဂဆိုတဲ့ကောင်က လူရမ်းကားကွ၊ ငါလက်ထပ်မယ့် မိန်းမကို သူ အပိုင်သိမ်းဖို့ကြံရွယ်ပြီး သူတို့နှစ်ယောက် တိုက်ခန်းမှာ အတူ နေကြတာရော နင်သိပြီးပြီလား"





"ဘာ ... တိုက်ခန်းမှာ သူတို့နှစ်ယောက်က အတူနေကြတယ် ... ဟုတ်လား"

ရင်သူ ရင်ပွင့်မတတ်အော်လိုက်တာကို မင်းခန့်က အတန်ကြာငြိမ်သွားပြီးမှ ...

"ဟာ ... ဆော်ရီး၊ သူတို့က ရိုးရိုးသားသားပါ၊ သူတို့က ငယ်ငယ်ကလေးဘဝကတည်းက တစ်အိမ်တည်း အတူတူနေလာခဲ့ကြတဲ့ မွေးစားမောင်နှမ"

မင်းခန့် စကားတွေက ရင်သူကို ရင်ခုန်ကြမ်းသထက် ကြမ်းသွားကာ ရင်သူ အံကိုတင်းတင်းကြိတ်ရင်း မျက်ရည်မကျအောင် ထိန်းလိုက်ရသည်။

ဒါဆို ... ဒီကောင်လေး သူမကို ညာတာပေါ့။

သူမ အညာခံလိုက်ရပြီ ဖြစ်သည်။

သူမ တစ်သက်လုံး ဘယ်သူ့အလိမ်အညာမှ မခံရဖူးခဲ့တာ အခု သူမ သိပ်ချစ်ခဲ့သည့်ကောင်လေးက သူမကို အနီးကပ်လိမ်ညာခဲ့တာ သူမ ရင်ထဲမှာ ခံပြင်းဒေါသတွေနှင့် ရင်ပွင့်ပေါက်ကွဲသွားချင်တာတွေကို ကျိတ်မျိုချလိုက်ရသည်။

ရင်ထဲမှာ အခံရခက်ခက်ဖြစ်သွားတာကို ကျိတ်မျိုချရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့် ... ငါ သူ့အကြောင်းကို အကြောင်းစုံသိချင်တယ်"

"သူ့အကြောင်းကို ဘာမှမသိသေးဘဲနဲ့ ယောကျ်ားယူဖို့ ဆုံးဖြတ်သေးတယ်လား ရင်သူရယ်၊ ငါ နှင့်အစား ရင်လေးသေးတယ်, ရင်လေးသေးတယ်"

"မင်းခန့် ... နင် ငါ့ဆီကို လာတွေ့နိုင်မလား"

"အင်း ... ငါ အခု နှင့်ကုမ္ပဏီရှေ့မှာ ကားထဲကနေ စကားပြောနေတာ"

"ဒါဆို အခုပဲ ကုမ္ပဏီထဲကို လာခဲ့"

"အိုခေ"

တစ်ဖက်မှ မင်းခန့်ဖုန်းအပိတ်ကို မစောင့်ဘဲ သူမ ဒေါသဖြင့် အရင်ဖုန်းပိတ်လိုက်ရင်း အံကြိတ်ပြုံးလိုက်ပါသည်။

'ဒေါက် ဒေါက်'

"ဟင်"

'ဒေါက် ဒေါက် ဒေါက်'





တိုက်ခန်းတံခါးခေါက်သံကြောင့် နဂိုကတည်းက ကျိုးလန့်စာစားဖြစ်နေသည့် ဘိုဂမျက်လုံးတွေ ကယောင်ချောက်ချားဖြစ်သွားပြီး ညှော်ခန်းထဲမှာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသည့် ငွေယွန်းကို သူ ဆတ်ခနဲ ဆွဲထူလိုက်သည်။

"ထ ထ ... ဘယ်သူလဲ မသိဘူး၊ အိပ်ခန်းထဲ ဝင်နေစမ်း ငွေယွန်း"

"ဘာလဲ"

"ဟာ ... ထစမ်းဆိုရင်ကွာ ... ထ ထ"

"ဟော့ ဘိုဂ ... တံခါးဖွင့်စမ်း"

"ဟင် မမ ... မမလိုက်လာတယ်၊ ငွေယွန်း သွားပါ၊ သွားပါ ... မင်း အခန်းထဲ ဝင်နေစမ်းပါ၊ ပြဿနာတွေ ရှုပ်ကုန်တော့မယ်၊ ငါ့စကားကို ဒီတစ်ခါတော့ နားထောင်ပါကွာနော် ... နော် ငွေယွန်း"

သူ ငွေယွန်းလက်နှစ်ဖက်ကို ချုပ်ကိုင်ပြီး ငွေယွန်းကို ညှော်ခန်းထဲကနေ ဆွဲခေါ်လာခဲ့ပြီး ငွေယွန်းအခန်းထဲကို ဆွဲခေါ်လာရင်းမှ ...

"ငါပြောတဲ့ အမျိုးသမီးလာတာ နင် အေးအေးဆေးဆေးနေပေးပါနော်၊ ငါ့ပြဿနာကို ငါ ကြည့်ရှင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုတော့ လာမငြိစေနဲ့ ဘိုဂ၊ ငွေယွန်းမက အရင်ကလို သည်းခံတတ်တဲ့ ခပ်နုံနုံမိန်းမ မဟုတ်တော့ဘူး"

"အေး . . . သိပါတယ် သိပါတယ်ကွာ"

"ဘိုဂ"

ဒုန်း ဒုန်း ဒုန်း'

အဲဒီအချိန်မှာပဲ တိုက်ခန်းတံခါးဝဆီက အဆက်မပြတ် တ ဒုန်းဒုန်းခေါက်သံကြီးကိုသူ ကြက်သီးထစွာကြားလိုက်ရပြီး ငွေယွန်း အခန်းတံခါးကို ခပ်ကြမ်းကြမ်းပိတ်ကာ သူတိုက်ခန်းတံခါးကို ပြေး သွားဖွင့်ပေးလိုက်သည်။

တံခါးဖွင့်လိုက်ရင်းမှ ပါးစပ်ကလည်း မမ ယုံလောက်အောင် လေချိုပစ်လိုက်ရသေးသည်။

"မမ လိုက်လာတယ်၊ ဟာ . . . ကျွန်တော့်ကို ကြိုပြီး ဖုန်းမဆက်ဘူးဗျာ၊ ဒီမှာ ကျွန်တော် ရေချိုးခန်းထဲဝင်မနေတုန်းမို့ ခဏ လေးနောက်ကျသွားတာပါ"

အခန်းတံခါးပွင့်သွားတာနှင့်တစ်ပြိုင်နက် ဝုန်းခနဲ သူ့အရှေ့ ကို ရောက်လာသည့် မမကို သူ မျက်လုံးတွေပြာဝေစွာ ငုံ့ကြည့်လိုက် သည့်တွင် မမက သူ့ကျောပြင်နှင့် ကပ်တည့်တည့်ကို ဖြတ်သတ် ရိုက်ချလိုက်လေသည်။





"ဟာ မမ . . . ကျွန်တော် ကျွန်တော်"

"မင်း ငါ့ကို ဘာမှလိမ်မို့ပတ်ဖို့ မကြိုးစားနဲ့၊ မင်းအကြောင်း တွေကို ငါ ခရေစေ့တွင်းကျ သိပြီးပြီ၊ မင်းဟာ မိကောင်းဖခင်သား မှ မဟုတ်တာ . . . အမျိုးယုတ်၊ အမျိုးယုတ်"

မမရဲ့ ဒေါသတွေက မီးကုန်ယမ်းကုန် ပွင့်ထွက်သွားလေပြီ ဖြစ်သည်။

"ဘိုဂ"

"ဗျာ"

"မင်း အခုမှ ရှုးချင်ယောင်ဆောင်မနေနဲ့၊ မင်းဟာ ငါလို ခေါင်မိန်းမကိုမှ တက်လိမ်တာ၊ ဟား . . . မင်းမို့ကွာ မရှက်တယ်၊ ဘယ်မှာလဲ မင်းဟာမ . . . ငါ့တိုက်ခန်းမှာ မင်းက မင်းဟာမနဲ့ ငြိမ့်နေ တာပေါ့၊ မင်း . . . မင်း လူလိမ် လူကောက် လူပတ်"

"မမ"

မမက ပြောရင်းနှင့် အရမ်းသွေးဆူပေါက်ကွဲသွားပုံဖြင့် သူ့ ရင်ဘတ်က အင်္ကျီကြီးကိုဆွဲခါပြီး သူ့ရင်ဘတ်ကို အပြင်းဆုံးလက်သီး တွေနှင့် တဘုန်းဘုန်းထုချလိုက်သည်။

"အား . . . မမ"

"မင်းလောက် ဉာဏ်များတဲ့ကောင်စားမျိုးကို ငါ ပြေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးတစ်ခုလုံးကို ပုံအပ်ထားမိတာ ငါမှားသွားပြီ မင်းဟာ တစ်စက်မှ ရိုးသားမှုမရှိတဲ့ကောင်ပဲ . . .၊

ဟား ဟား . . . ရယ်ရသေး၊ ငါ့ဆီမှာ ငါးနှစ်လုံးလုံး ရှုးချင်မာန်ဆောင်ပြီး အတိတ်မေ့သလို ဘာလိုလိုနဲ့ ငါ့ကို အနှံမကြီးဆိုပြီး ခြွေတာပေါ့၊ ဒီတိုက်ခန်းကိုပါ ဟုတ်ရိုးဟုတ်ဆီ လိမ်ပြီးဝယ်ခိုင်းလို့ ငါက ဝယ်ပေးလိုက်ရတာ . . .၊

အခု သူ့ဟာမနဲ့ အိပ်ဖို့ဖြစ်သွားပြီ၊ မင်း ဒီလောက်တောင် မျက်နှာပြောင်ပြီး အရှက်နည်းလှချည်လား ဘိုဂရဲ့၊ ပိုက်ဆံရှိတဲ့ မိန်းမတစ်ယောက်ဆီက ပိုင်းလုံးလုပ်ပြီး မင်းဟာမကို ထောက်ပံ့ရအောင် ဘယ်မှာလဲ ငါ့စည်းစိမ်နဲ့ ယစ်နေတဲ့ မင်းမိန်းမ”

“မမ . . . စကားလုံးတွေ မရင့်နဲ့၊ သူနဲ့ကျွန်တော်က မောင်နှမ၊ မွေးစားမောင်နှမဆိုပေမယ့် ကျွန်တော်တို့က ရိုးရိုးသားသား”

“ဘာရိုးသားတာလဲ . . . မင်းဟာ မင်းခန္ဓာလက်ထဲ ရောက်တော့မယ့်ဆဲဆဲကောင်မကို ဖြတ်ခုတ်ထားတာ . . . ငါ အားလုံးသိပြီးသား”

မမစကားတွေက အတိုင်းအတာလွန်မြောက်သွားပြီမို့ သူ့ရင်ထဲကို ခါးသီးမှုတွေ ပြင်းထန်ဝင်ရောက်သွားပြီး မမကို ခပ်စိန်းစိန်းစိုက်ကြည့်ကာ သူ့ရင်ဘတ်ကအင်္ကျီကို ဆွဲကိုင်ထားသည့် လက်နှစ်





ဖက်ကို ခါထုတ်ပစ်လိုက်ပြီး မမမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ သူ အော်ပစ်လိုက်သည်။

“မမ,သိတာ မမတစ်ပိုင်း၊ မမ စကားလုံးတွေရင့်ပြီး မပြောနဲ့၊ ကျွန်တော့်ညီမကိုလည်း မမ မတရားပြောဖို့ စိတ်မကူးနဲ့၊ ကျွန်တော် နောက်မှ မမကို အေးအေးဆေးဆေးပြောပြမယ်၊ မမ အခု ပြန်ပါ”

“မပြန်ဘူး မပြန်ဘူး . . . ဘယ်မှာလဲ မင်းဟာမ၊ မင်းဟာမကို ငါ တနင့်တနဲ စကားပြောပြီးမှ ပြန်မယ်၊ အေး . . . ငါပြောမယ့်စကားက ဘာလဲဆိုတာ မင်းတို့နှစ်ယောက်စလုံး သိရစေမယ်”

မမက ပြောပြောဆိုဆို သူ့အရှေ့ကနေ ဝုန်းခနဲလှည့်ထွက်သွားပြီး . . . ငွေယွန်းအခန်းတည့်တည့်ကို ပြေးသွားလိုက်သည်တွင် . .

သူ့မျက်လုံးတွေ ပြာသွားပြီး မမကို အနောက်ကနေ အပြေးလိုက်ဆွဲရင်းက မမပခုံးကို ခပ်ကြမ်းကြမ်းဆွဲလှည့်ပစ်လိုက်သည်။

အဲဒီနောက် သူ့ရင်ထဲက ဘယ်လိုမှ မျိုချလို့မရတော့သည့် ကြေကွဲသံကြီးနှင့် . . .

“မမ ခင်ဗျားပြန်တော့နော်၊ ကျွန်တော် ဒီထက် မိုက်မိုက်ကန်းကန်းဖြစ်အောင် မမ လုပ်ချင်တာလား”



www.burmeseclassic.com

www.burmeseclassic.com

"ဟင် မင်းက ငါ့ကိုလိမ်ညာအသုံးချပြီး မင်းဟာမကို ငါ့ တိုက်ခန်းမှာ ငြိမ့်စေ, အေးစေဆိုပြီး ထောက်ပံ့ပေးရအောင် အေး မင်းရဲ့အမြှောင်မကို ပြောလိုက်ပါ . . . ငါ့ မသထာရေစာကို စားရင် အားလုံး အပင်းကြီးဖြစ်ကုန်မယ်လို့"

"မမ"

သူ့ရင်ထဲက ချုပ်ထိန်းထားသည့် ဒေါသတွေ အစွမ်းကုန် ပွင့်ထွက်သွားပြီး မမတစ်ကိုယ်လုံးကို ကျိုးကြေမတတ် ခါယမ်းလိုက်ပြီး တရွတ်တိုက်ဆွဲကာ တိုက်ခန်းတံခါးဆီကို လျှောက်လာခဲ့လိုက်သည်။

အဲဒီနောက် မမကိုယ်လုံးကို အခန်းအပြင်သို့ဆွဲထုတ်ပြီး တိုက်ခန်းတံခါးကို 'ဂုန်း' ခနဲဆွဲပိတ်ကာ အခန်းထဲကနေ သူ ဒေါသ တကြီး ပေါက်ကွဲအော်ဟစ်ပစ်လိုက်သည်။

"ဒီမှာ ဒေါ်ရင်သင့်သူ . . . ခင်ဗျားက သားအရွယ်လောက် ရှိတဲ့ ကျုပ်ကို အပိုင်ရယူချင်လို့ စည်းစိမ်နဲ့ချည်ထားပေမယ့် အလကား ပဲ၊ ကျုပ်ရင်ထဲမှာ ခင်ဗျားမရှိလို့ ကျုပ်ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချ လိုက်ပြီ . . . အဲဒီဆုံးဖြတ်ချက်ကတော့ ခင်ဗျားတိုက်ခန်းက ကျုပ်တို့ ချစ်သူနှစ်ယောက် ဆင်းပေးမယ်ဆိုတာပဲ၊ ခင်ဗျား စကားတစ်ခွန်းမှ ထပ်မပြောတော့နဲ့"






အခန်းအပြင်မှ မမရဲ့စကားသံတစ်ခွန်းမှ ထွက်မလာခဲ့သလို သူကလည်း နောက်ထပ်ဘယ်လိုစကားမျိုးမှ ပြောစရာမရှိအောင် ရင်ထဲမှာ အရှက်ကွဲပြီး နှလုံးသားသေဆုံးသွားရပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)



ကံကြမ္မာဆိုတာ ဘာလဲ။

မမြင်နိုင်ဘဲ ဖြစ်တည်လာသည့် ကံစီမံရာက အခုတော့ ငွေယွန်းတို့ဘဝကို အနိမ့်ကျဆုံးဖြစ်အောင် လှည့်စားလိုက်ပြန်ပြီ။

ကံကြမ္မာရဲ့ပြောင်းလဲမှုကို လှည့်စားမှုပဲထင်ပြီး အခုထိ ကိုယ့်ဘဝကိုယ် ဘာမှန်းမသိဘဲ ယောင်ဝါးဝါးဖြစ်နေသည့် ဘိုဂကာ အခုထိ ကိုယ့်ကိုယ်ကိုယ် သူဌေးစတိုင်ခင်းချင်သေးသည်။

လက်ထဲမှာရှိတဲ့ ပိုက်ဆံတစ်သိန်းလေးနှင့် တိုက်ခန်းပေါ်က ဆင်းလာပြီး နောက်ထပ်တိုက်ခန်းတစ်ခုငှားဖို့ ပြောလာသည့် ဘိုဂကို ငွေယွန်း ခပ်မဲ့မဲ့ပြုံးကြည့်လိုက်ပါသည်။





"ငါတို့ တိုက်ခန်းတစ်ခန်းငှားမယ်"

တိုက်ခန်းပေါ်မှ ကိုယ့်ကျောပိုးအိတ်ကိုယ်ပိုက်ပြီး လမ်းပေါ်ရောက်သွားသည့် ကိုယ့်ဘဝကိုယ်မှ အားမနာ။

ပြောလိုက်သည့် စကားက ကောင်းကင်ပိသေနိုင်သည်။

သြော် . . . သူကတော့ ဘဝမှာ ဘယ်လိုအခက်အခဲမျိုးမှ မကြုံတွေ့ခဲ့ဖူးသူဆိုတော့ ဘာမှ ဘဝရဲ့ဒဏ်ရာတွေကို သိမထားခဲ့ဘဲ လက်ထဲက နှစ်ယောက်ပေါင်းလို့ရှိသည့် တစ်သိန်းလေးနှင့် တိုက်ခန်းငှားစကား ပြောလာခဲ့တာ ငွေယွန်း သူ့ကို ဘာစကားမှ ပြန်မပြောချင်ပေမယ့် သူ့မျက်နှာကို အထင်သေးစွာစိုက်ကြည့်ပြီး တစ်လုံးချင်းပြောလိုက်သည်။

"နေပါဦး . . . နင်က လက်ထဲမှာ ပိုက်ဆံတစ်သိန်းလောက်ရှိတာကို သိန်းတစ်ရာလောက်များရှိတယ် ထင်လို့လား"

"ငါပြောသလိုသာ နင်လုပ်စမ်းပါ"

"ပိုက်ဆံမရှိဘဲနဲ့ နင်က ဘာဖာတ်ခင်းဦးမှာလဲ"

ဒီတစ်ခါတော့ ငွေယွန်း သူ့ကိုမျက်ရည်ကျ အရှုံးမပေးတော့ဘဲ မျိုသိပ်ခဲ့ရသည့် ဒေါသတွေနှင့် တအားအော်မေးပစ်လိုက်သည်။

"ငွေယွန်း . . . နင် ငါ့ကိုမအော်နဲ့၊ ဘာလဲ . . . နင်က ငါ့ကို အစွမ်းအစတုံးသွားတဲ့ယောကျ်ားလို့ သတ်မှတ်လိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"နင် မတုံးပါဘူး ... လည်ပါတယ်၊ နင် လည်လွန်းလို့ ငါ ကိုယ့်အိမ်ကိုယ့်အရိပ်ကနေပြီးတော့ သူတစ်ပါးတိုက်ခန်းကိုရောက်ပြီး အခု မောင်းအချခံလိုက်ရတဲ့အဖြစ်၊ ဒီလိုဖြစ်အောင် ဘယ်သူဖန်တီးခဲ့တာလဲ၊ ငါ့ဘာသာ ပိုနေမြဲကျားနေမြဲနေခဲ့တဲ့ဘဝတစ်ခုက အေးချမ်းပါတယ်၊ အခုတော့ ငါတို့ဘဝကြီး စုတ်ပြတ်သွားပြီ၊ ငါက လည်း ကျောင်းမပြီးသေးဘူး"

"ဘာလဲ ... နင်က ငါ့ကို အားမကိုးဘူးပေါ့"

"အားကိုးစရာရှိခဲ့တောင် ငါ နင့်ကိုအားမကိုးချင်ဘူး"

"ဘာဖြစ်လို့လဲ"

"စိတ်မချမ်းသာလို့"

သူ့ရင်ထဲမှာ နင့်ခနဲဖြစ်သွားပေမယ့် သူ ငွေယွန်းကို ပခုံးချင်းယှဉ်လျှောက်နေရင်းမှ တစ်ချက်ငုံ့ကြည့်ပြီး ပခုံးနှစ်ဖက်တွန့်ကာ ခပ်သာသာလေးပြောလိုက်သည်။

"နင်-စိတ်မချမ်းသာပေမယ့် ငါကတော့ နင်နဲ့တစ်သက်လုံး အတူနေရမှာ စိတ်ချမ်းသာတယ်၊ ပိုပြီးစိတ်ချမ်းသာဖို့ကောင်းတာက နင့်လည်ပင်းက လော့ကတ်ကလေးရဲ့တန်ဖိုးကို သိထားလို့ပဲ"

"ဟာ"

"အင်း ... နင့်လည်ပင်းက စိန်က အရည်တအားကောင်း





တယ်၊ သုံးရာလောက်တော့ တန်လိမ့်မယ်ထင်တယ်၊ အဲဒါလေးနဲ့ ငါတို့ဘဝကို သုညက ပြန်စကြစို့ ငွေယွန်း"

"ဘာပြောတယ်"

"ဘာမှမပြောတော့နဲ့ ... ရင်ထဲမှာ အချစ်ရှိရင် ဘဝကြီးတစ်ဘဝလုံး ငြိမ်းချမ်းနွေးထွေးပါတယ်ကွာ"

"ဟင်"

သူက ငွေယွန်းလည်ပင်းက စိန်ဆွဲသီးလေးကို လက်နှင့်ကိုင်ပြီး ခပ်ပြုံးပြုံးပြောလိုက်တဲ့အချိန်မှာ ငွေယွန်းမျက်လုံးတွေ ယောက်ယက်ခတ်လှုပ်ရှားသွားပြီး ပြန်ပြောလိုက်သည့်စကားက သူ့ကို ဟာသတစ်ကွက်ရသွားတော့သည်။

"ဒါ ... ဒါ ငါ့ကိုယ်ပိုင်ပစ္စည်းမှ မဟုတ်တာ"

"နင့်လည်ပင်းပေါ် ရောက်နေတာ နင့်ပစ္စည်းပေါ့"

"မဟုတ်ဘူး ... ဒါ ဦးမင်းခန့် စေ့စပ်ပွဲအထိမ်းအမှတ်လက်ဆောင်ပေးထားတာ ... သိန်းလေးရာ တန်တယ်တဲ့"

"ဟာ ... ကောင်းလိုက်တာ ... တစ်ရာတောင် တိုးသွားပြီ ဒါဆို ပွတာပဲ၊ အပွားခတ်လိုက်ရင် ငါတို့သူဌေးကြီးဖြစ်မှာပဲ"

"နင် မဟုတ်တာ မပြောနဲ့ ... ဒါ သူ့ပစ္စည်း"

"ဟ ... ကိုယ့်လက်ထဲရောက်မှ ကိုယ့်ပစ္စည်းပဲပေါ့ ... ပိန်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာကွာ၊ ငွေယွန်း . . . ဒီနေ့ကစပြီး ငါ နင့်ကို ငါ့ရဲ့ကိုယ်ပိုင်စွမ်းရည်နဲ့ ရှာကျွေးတော့မယ်၊ နင် ဘာမှ စိတ်မဆင်းရဲတော့နဲ့နော်"

အို ဘိုကရယ် . . . နင် ဘာဖြစ်လို့ ဒီလောက်အထိ စိတ်ဓာတ်တွေ ပြောင်းလဲသွားရတာလဲ၊ ငါကတော့ ငါ့ကိုယ်ပိုင်ပစ္စည်းမဟုတ်တာကို နင့်ကို လုံးဝ သုံးခွင့်မပေးဘူး။ ဒါ ငါ့ရဲ့ ရင်ထဲက ဆုံးဖြတ်ချက်ပဲ။

သိန်းလေးရာတန်တဲ့ ဒီစိန်လော့ကတ်ကလေးကို ဘယ်လိုမှ အေးအေးဆေးဆေးတောင်းလို့ရမှာ မဟုတ်တာမို့ ငွေယွန်း အိပ်ပျော်နေသည့်အချိန်မှာ သူက တိတ်တိတ်ကလေး ငွေယွန်းအခန်းထဲကို ဝင်လာခဲ့သည်။ အင်း . . . ရင်တော့ အခုန်သားကွာ။

ငွေယွန်းအမြတ်နိုးဆုံး စိန်လော့ကတ်ကလေးကို သူ နိုးဖြုတ်ရမှာ သူ စိတ်ထဲတော့ မကောင်းလှ။ ဒါပေမဲ့ သူ စိတ်မကောင်းခဲ့ပေမယ့် မဖြစ်မနေတော့ ဖြုတ်ရတော့မည်။

ဒါလေး သူ့လက်ထဲရောက်မှ သူနဲ့ငွေယွန်းတို့တာဝ ရှေ့ဆက်မပူမပင် မကြောင့်မကြနဲ့ စည်းစိမ်ချမ်းသာ ပြည့်စုံမှာဖြစ်သည်။





ဒါလေးက သူနဲ့ငွေယွန်းရဲ့ ဘဝအသက်ပင်။

သူ အတွေးတွေနဲ့ ရင်ထဲကနေ ငွေယွန်းကို တိတ်တဆိတ်တောင်းပန်လိုက်သည်။

ငါ့ကို ခွင့်လွှတ်ပါ ငွေယွန်းရယ် . . . ငါတို့ နင့်ရဲ့ပစ္စည်းလေးကို ရမှ ဘဝဖြောင့်ဖြူးမှာ၊ ငါတို့ဘဝ အလင်းတံခါးပေါက်ရမှာ။ ငါ့ရဲ့ မစစ်မှန်တဲ့ လိမ်လည်ခြင်းတွေက နင့်ကိုချစ်လို့ မှားခဲ့တဲ့ အမှားဖြစ်ခဲ့တာမို့ နင် ငါ့ကိုခွင့်လွှတ်နားလည်ပေးပါနော်။

ငါကြောင့် နင် သူစိမ်းမိန်းမတစ်ယောက်ရဲ့ အခါးသီးဆုံး အပြောအဆိုတွေကို ခံလိုက်ရတာ။ အဲဒီအဖြစ်တွေနဲ့ ဒီလော့ကတ်ကလေးနဲ့ စီးပွားထူထောင်မယ့်အဖြစ်တွေအတွက် ငါ့တစ်ဘဝလုံး နင့်ကို ခေါင်းငုံ့သည်းခံပေးသွားပါ့မယ်။

ငွေယွန်းရယ် . . . မင်း ငါ့ကိုတော့ မမုန်းလိုက်ပါနဲ့နော်။

သူ့ရင်ထဲကနေ ငွေယွန်းကို တတွတ်တွတ်တောင်းပန်ပြီး ငွေယွန်းရဲ့ အိစက်စက်မျက်နှာနုနုချောချောလေးကို ရင်နင့်ကြေကွဲစွာစိုက်ကြည့်ပြီး မျက်ရည်များစီးကျသွားသည်။

မျက်ရည်များ အဆက်မပြတ်စီးကျလာရင်းမှ သူ မျက်နှာကြီးပင့်မော့ကာ ငွေယွန်းလည်တံမှ စိန်လော့ကတ်ကလေးကို တွန့်တုန့်ယင်ယင်ကြီး ဖြုတ်လိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သူ့မျက်ရည်တွေက ငွေယွန်းပါးပြင်ကလေး ဆီ ပေါက်ခနဲ ဆီးကျသွားလေတော့သည်။

## အခန်း (၂၂)

မနက်အိပ်ရာထလို့ မျက်နှာသစ်သည့်အချိန်မှာ လည်ပင်း မှာဆွဲထားသည့် လော့ကတ်ကလေး မတွေ့တော့တာကို သိလိုက်ရပြီး ငွေယွန်း မျက်လုံးတွေ ပြာဝေသွားတာ တန်းသဘောပေါက်သွား သည်။

ဒါ သူ ညက ငွေယွန်းအိပ်ပျော်နေတုန်း ဖြုတ်သွားတာဆို တာ ငွေယွန်းသိလိုက်ရသည်နှင့်တစ်ပြိုင်နက် ငွေယွန်း သွားတိုက်နေ ရာမှ မီးဖိုထဲမှာ သူတော်ကောင်းယောင်ဆောင်ပြီး ခေါက်ဆွဲကြော် နေသည့် သူ့ကျောပြင်ကြီးကို အနောက်ကနေ 'ဝုန်း' ခနဲ ပိတ်ထုပစ် လိုက်သည်။

ငြိမ်းချမ်းတာဝပ

www.burmeseclassic.com

www.burmeseclassic.com



"အား ... ဘာလုပ်တာလဲကွ .. နာလိုက်တာ"

ငွေယွန်း စိတ်ဆိုးဒေါသထွက်လာတာကို သူသိလိုက်ပေမယ့် ဟန်ကိုယ့်ဖို့ဆိုသည့်စတိုင်ဖြင့် ငွေယွန်းကို ခပ်တည်တည်ပိတ်ဟောက်လိုက်သည်။

ဟောက်သာဟောက်လိုက်ရပေမယ့် သူ နာတော့မှာကို သိတာမို့ ငွေယွန်းကို မျက်နှာချိုသွေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဒီမှာ Breakfast စားဖို့ စီစဉ်နေတာ"

"နင် ငါ့ကို ဘာမှလာပြောမနေနဲ့၊ နင် ညက ငါ့လော့ကက်ကို နိုးဖြုတ်ထားတာ အခုပြန်ပေး"

"နဂိုကတည်းက နိုးဖြုတ်ထားတဲ့တာ ပြန်ပေးဖို့မှ မဟုတ်တာ"

"နင် ... နင် မရိုက်ရိုင်းနဲ့၊ နင် လိမ်တိုင်း,ပတ်တိုင်း ငါ့ကို ဂုဏ်သိက္ခာကျအောင် ဆွဲမထည့်နဲ့၊ ဒီပစ္စည်းက ငါ့ပစ္စည်းမဟုတ်ဘူး။ ငါ့ပစ္စည်းဆို နင် ကြိုက်သလိုလုပ်၊ ဒီဟာက ဟိုလူ့ဟာ"

"နင့်ကို လက်ဆောင်ပေးထားတာပဲ ... နင့်ပစ္စည်းဖြစ်ပြီပေါ့ ဟာကွာ ... ဒါတွေ ပြောမနေစမ်းပါနဲ့၊ လူဆိုတာ အကြံရှိမှ အောင်မြင်မှာနော်၊ နေရာတကာတိုင်း ရိုးနေလို့ မရဘူး၊ ရိုးသားမှုက ထမင်းစားလို့ မရဘူး၊ အခုခေတ် ထမင်းစားလို့ရမှာက လိမ်လည်မှုပဲ"





"နင်လိမ်တိုင်း ငါ လိုက်မလိမ်နိုင်ဘူး"

"ထားစမ်းပါကွာ ... ငါတို့ကုမ္ပဏီ, ငါတို့တိုက်ကြီး, ငါတို့ခြံကြီးကို အပိုင်စီးထားတဲ့ကောင်ဆီက ငါ သွားပြီးတက်လိမ်တဲ့ပစ္စည်းမှ မဟုတ်တာ ...၊

မင်းကို သုံးဖို့ပေးထားတဲ့ပစ္စည်းကို ကောင်းကောင်းအသုံးချပြီး အပွားခတ်ရမှာပေါ့၊ ဒါမှ ငါ့တို့ ကားစီးရမှာ"

"ဘိုက"

ငွေယွန်းက သူ့ရင်ဘတ်ကြီးကို ဆွဲခါပြီး ရှူးရှူးမှူးမှူး ပေါက်ကွဲသွားပါတော့သည်။

ရှူးရှူးနှမ်းနှမ်းဖြစ်စွာနဲ့ သူ့ရင်ဘတ်ကြီးကို ကိုက်ဆွဲပြီး သူ့ကို ထုရိုက်ပြီး ငိုယိုတောင်းပန်လိုက်သည်။

"ဘိုကရယ် ... ငါ့ကိုချစ်ရင် ဒီပစ္စည်းလေးကို ပြန်ပေးနော်၊ ငါ ဒီပစ္စည်းလေးကို ငါ့အသက်နဲ့ထပ်တူ တန်ဖိုးထားလို့ပါ"

"ဘာလဲ ... ရည်းစားဦးလက်ဆောင်မို့လို့လား"

"ဘိုက ... နင် ငါ့ကိုသတ်ပစ်လိုက်ပါတော့"

ငွေယွန်း ဘိုကအရှေ့မှာ ခွေခနဲပစ်ကျသွားသည်အထိ စိတ်ခံစားချက်ပြင်းကာ ကြေကွဲတိတ်ဆိတ်သွားတော့သည်။

အဲဒီအချိန်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးလည်း ခံစားချက်မဲ့ တိတ်ဆိတ်သွားခဲ့ရပါပြီ။

တိုက်ခန်းတံခါးခေါက်သံကြားကြားချင်း တံခါးသွားဖွင့်ပေးလိုက်သည့် ငွေယွန်းရင်ထဲမှာ ကိုကြီးကို သတ္တိရှိရှိရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီမို့ အခုလို တိုက်ခန်းကိုလာဖို့ ငွေယွန်းဆုံးဖြတ်လိုက်တာ ဖြစ်သည်။

ငွေယွန်း ဖုန်းကိုရရချင်း ချက်ချင်းတိုက်ခန်းကို ပေါက်ချလာသည့် ကိုကြီးကို တံခါးဖွင့်ဖွင့်ချင်း ငွေယွန်း မျက်ရည်တွေနှင့် မော့ကြည့်လိုက်ပြီး ဝမ်းနည်းဆို့နင့်စွာ ငိုချလိုက်ပါတော့သည်။

"ကိုကြီး . . . ကျွန်မ ကျွန်မ စိတ်ဆင်းရဲလွန်းလို့ ရူးတော့မယ် ရူးတော့မယ်"

"ညီမ မင်း"

ကိုကြီးက ငွေယွန်းကို ရင်ခွင်ထဲဆွဲသွင်းပြီး ချော့မော့နှစ်သိမ့်လိုက်ချိန်မှာ . . .

အနောက်ဘက်ဆီက ကြောက်စရာကောင်းလောက်အောင်





ထွက်လာသည့်အသံက ငွေယွန်းရင်ကို ဓားနဲ့ခွဲချလိုက်သလို နက်ရှိုင်းကြေမွသွားလေသည်။

"ဟော့လူ . . . ခင်ဗျား ကျုပ်ချစ်သူကို လွှတ်လိုက်စမ်း"

"ဘိုဂ ညီလေး . . . မင်း"

"ဘာမှ မကြားချင်ဘူး၊ ကျုပ်ကို လေပြည်လာမန္တန်နဲ့ ကျုပ်ဒီအချိန်မှာ လူသတ်ဖို့ ဝန်မလေးဘူး . . . ဝန်မလေးဘူးဗျ . . .၊

တစ်ချိန်တုန်းက ဘိုဂဟာ သူဌေးကြီးဦးမင်းမောင်ရဲ့ တစ်ဦးတည်းသော သား၊ အခု ဘာမှခြူးတစ်ပြားမှမရှိတဲ့ ငမွဲငတေ၊ ကျုပ်မွဲတော့ ကျုပ်ချစ်သူက ကျုပ်ကိုစွပ်စွဲတယ်လေ . . . ကျုပ်ကို လူလိမ်လူကောက်တဲ့ . . .၊

ကျုပ်လိမ်တာ သူ့ကို ကောင်းစားဖို့ပါ၊ ကျုပ်အတွက် ဘာဖြစ်ဖြစ်, ကျုပ် လမ်းဘေးရောက်ရောက် . . . ဘာမှမဖြစ်ဘူးဗျ၊ ကျုပ်ချစ်တဲ့ချစ်သူကိုတော့ အကောင်းဆုံး, အမြင့်ဆုံးထားရမှ ကျုပ်ကကျေနပ်မှာ"

မင်းခန့် ရင်ထဲ ကွက်လပ်အတိဖြစ်သွားရလေပြီ။

သူ ဘာကိုဆုံးဖြတ်ရမလဲ။

သူ ဘာကိုဆုံးဖြတ်ရမှန်းမသိအောင်ပင် သူ့နှလုံးသားထဲမှာ ကောင်လေးနဲ့ ကောင်မလေးကိုကြည့်ပြီး နာကျင်ကြေကွဲသွားရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဒီကောင်လေးနဲ့ ကောင်မလေးဟာ တစ်ချိန်တုန်းက ဘဝအကြောင်းကို ဘာမှနားမလည်ခဲ့ရသည့် ကောင်လေးနှင့် ကောင်မလေး။

တစ်ချိန်က ကုမ္ပဏီပိုင်ရှင်သူဌေးကြီးရဲ့ အရိပ်အရာနဲ့ကောင်းစားခဲ့သည့် ဒီကလေးတွေရဲ့ နှလုံးသားထဲမှာ သူ့ ကုမ္ပဏီကို သိမ်းပြီးသည့်အချိန်ကတည်းက သူ့ကိုမုန်းခဲ့သည့် အမုန်းတွေရှိခဲ့တာကို သူ့နှလုံးသားက ခံစားနားလည်လိုက်မိသည်။

ပြီးတော့ သူတို့လေးတွေဟာ ကိုယ့်တူ၊ တူမအရွယ်လေးတွေပါဆိုသည့် ကိုယ်ချင်းစာသည့်ခံစားချက်ရင်က ချစ်သည့်ချစ်သူလေးရဲ့ နှလုံးသားကို အဖြူထည်ဖြစ်အောင် ဖန်တီးပေးဖို့ မေတ္တာစိတ်တွေ ကြီးမားသွားရပြီဖြစ်သည်။

အဲဒီမေတ္တာစိတ်ဖြင့်ပင် ချစ်သည့်ချစ်သူလေးကို စိတ်ချမ်းသာလိုချင်သည့်ဆန္ဒတွေဖြင့် ချစ်သူလေးရဲ့ဆန္ဒကို ဘာဖြစ်ချင်သလဲဆိုတာကို သူ နွေးထွေးသည့်မျက်လုံးတွေနှင့်စိုက်ကြည့်ပြီး နွေးနွေးကြီးမေးလိုက်သည်။

"ညီမ . . . အခု မင်းဘာဖြစ်ချင်လဲ၊ မင်းကို ကိုယ် လက်ဆောင်ပေးပြီးသားပစ္စည်းကို မင်းချစ်သူ ဘာလုပ်ပစ်ပစ် ကိုယ်ကျေနပ်တယ်၊ ကိုယ် ဘာဆုံးဖြတ်ရမလဲ၊ မင်း မင်းချစ်သူကို ချစ်သလား . . . ချစ်တယ်လို့ပဲ မင်းဝန်ခံလိုက်စမ်းပါနော် . . .၊

မင်းတို့တစ်ဘဝလုံး စိတ်ဆင်းရဲရမယ့်အဖြစ်ကို ကိုယ်အလိုမရှိဘူး။ ကိုယ်အလိုရှိတာ မင်းတို့နှစ်ယောက် ချစ်ချစ်ခင်ခင် ပေါင်းသင်းကြဖို့ပဲ ညီမ . . . ဟင်"

"ဟင်"

လုံးဝထင်မှတ်မထားသည့် စကားတွေကို သူ အလွန်မုန်းခဲ့ရသည့်လူတစ်ယောက်ဆီက ထွက်လာသည့်စကားတွေ ဟုတ်မှဟုတ်ရဲ့လားလို့ သူ သံသယနှင့်ယုံမှားသွားကာ ငွေယွန်းပခုံးတွေကို ဆုပ်ကိုင်ထားသည့် လူကြီးရဲ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ မျက်ရည်တွေဖြင့် အသနားခံလိုက်မိပါတော့သည်။

"အစ်ကို . . . ကျွန်တော်တို့ဘဝကို ကယ်တင်ပေးပါ၊ ကျွန်တော်တို့ဘဝဟာ အစ်ကို့လက်ထဲမှာပဲလို့ ကျွန်တော်ယုံကြည်ပါတယ်၊ ဒီအချိန်မှာ ကျွန်တော် ဘာမှ မဆုံးဖြတ်တတ်တော့ဘူး . . .၊

တစ်ခုပဲ ကျွန်တော်ပြောချင်ပါတယ် . . . ကျွန်တော် သူ့ကို လုံးဝမခွဲနိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ကို နောက်ဆုံး အလုပ်မရှိလို့ ရှာမကျွေးနိုင်ရင် နေ့စားလုပ်ပြီး ရှာကျွေးနိုင်ပါတယ်"

မင်းခန့် အသည်းကွဲသွားရပါပြီ။





www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်ရသည့် ကောင်လေးရဲ့စကားတွေက သူ့ကို အနူးညွတ်ဆုံး ဆွဲဆောင်လိုက်လျှင် သူ ဘာကိုဆုံးဖြတ်ရမလဲဆိုတာကို နှလုံးသားက နာကျင်ကြေကွဲစွာသိလိုက်ရသလို ချက်ချင်းပဲ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ပစ်လိုက်တော့သည်။

ချက်ချင်း ရင်ထဲမှာပြည့်သွားသည့် မေတ္တာစိတ်ဖြင့် သူချစ်သည့် ချစ်သူလက်ကလေးကိုဆွဲကာ ကောင်လေးလက်နှင့် ဆွဲကိုင်စေလိုက်ပြီး သူ တစ်လုံးချင်း ကြေကြေကွဲကွဲကြီး ပြောချလိုက်သည်။

"ညီမ . . . ကိုကြီး မင်းကို ညီမလေးတစ်ယောက်လို ချစ်တဲ့ခံစားမှုနဲ့ မင်းတို့နှစ်ယောက်ကို အနွေးထွေးဆုံး တစ်ဘဝလုံး ကူညီပေးချင်ပါတယ် . . . လက်ခံပေးပါနော် . . .၊

BURMESE CLASSIC .com

မင်းတို့ရဲ့ မင်္ဂလာလက်ဖွဲ့အဖြစ် အစ်ကို မင်းတို့ယယ်ယက်တည်းက နေခဲ့တဲ့အိမ်ကြီးကို လက်ဖွဲ့သလို မင်းတို့စီးခဲ့တဲ့ကားကိုလည်း ကိုကြီးလက်ဖွဲ့ပါတယ်၊ ဒါ အစ်ကို့ရဲ့ မေတ္တာတွေပါ ညီလေး . . . ညီလေး လက်ခံပေးပါနော်၊ ပြီးတော့ မင်းတို့လက်ထပ်ပြီးရင် အစ်ကို့ကုမ္ပဏီမှာ ရှယ်ယာဝင်အဖြစ် အစ်ကိုသွင်းပေးမယ်၊ ဘိုဂ . . . မင်းတို့တစ်ဘဝလုံး ဘယ်တော့မှ မဆင်းရဲစေရတော့ပါဘူးကွာ"

ကိုကြီးရဲ့စကားအဆုံးမှာ ဘိုဂနှင့် ငွေယွန်း ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် ဆွံ့အကြေကွဲသွားပြီး ဝမ်းသာလွန်းလို့





ကိုကြီးလက်ကိုပဲ တင်းတင်းဆုပ်ကိုင်ထားရင်းမှ ရှိုက်ငိုချလိုက်မိပါတော့သည်။

ငွေယွန်းငိုလိုက်တာကို ကိုကြီးက ပခုံးတစ်ချက် နှစ်ချက်ပုတ်ပြီး နှစ်သိမ့်ကာ . . .

"ငွေယွန်း ညီမလေး . . . မငိုနဲ့ အခုချိန်ကစပြီး မင်းတို့နှစ်ယောက်မှာ အစ်ကိုတစ်ယောက်ရှိပြီလို့ ခံယူထားလိုက်ပါတော့နော် . . . နော်"

"ကိုကြီး . . . ကျွန်မ ကျွန်မ ဝမ်းသာလွန်းလို့ ဘယ်လိုကျေးဇူးတင်စကားပြောရမှန်းတောင် မသိတော့ပါဘူး"

"အစ်ကို . . . ကျွန်တော်လည်း အစ်ကို့ကို ဘယ်လိုကျေးဇူးတင်စကား ပြောရမှန်းတောင် မသိတော့ပါဘူး"

"အေး အေး . . . မင်းတို့လက်ထပ်ပွဲကို အစ်ကို တစ်ပတ်အတွင်း အမြန်ဆုံးစီစဉ်ပေးမယ် . . .၊

ငွေယွန်း ညီမလေး . . . ကိုကြီးပြန်တော့မယ်၊ မင်းတို့နှစ်ယောက် ငါ့ကွယ်ရာမှာ ရန်မဖြစ်ကြတော့နဲ့နော်၊ လိမ္မာကြနော်၊ ဟော့ . . . ကိုယ် သွားပြီ၊ အလုပ်ကိစ္စရှိသေးတယ်"

"ဟင်"

ပြောပြောဆိုဆို ငွေယွန်းတို့နှစ်ယောက်အရှေ့မှာနေ နွေး



www.burmeseclassic.com

www.burmeseclassic.com



ထွေးသည့်အပြုံးတွေနှင့် ခေါင်းတဆတ်ဆတ်လုပ်ကာ နှုတ်ဆက်ထွက်သွားသည့် ကိုကြီးရဲ့အနူးညံ့ဆုံး သဘောထားပြည့်သည့် စိတ်နေစိတ်ထားကြီးကို ရင်ခွင်မှာ အငြောကျနပ်ဆုံး ကြည်နူးစိတ်ဖြင့် ကိုကြီးဆင်းသွားသည့်အနောက်ကို ပြေးလိုက်ပြီး ကျေးဇူးတင်စကားပြောချိန်မရတော့ပြီမို့ ငွေယွန်းက ဘိုဂလက်ကိုဆွဲပြီးဝရန်တာကနေ ကိုကြီးကားကိုငုံ့ကြည့်ကာ မော့ကြည့်လာသည့် ကိုကြီးကိုလက်ကာ နှုတ်ဆက်လိုက်ပါတော့သည်။

ကိုကြီးကလည်း အနူးညံ့ဆုံး၊ အကြင်နာဆုံးအပြုံးတွေနှင့် ငွေယွန်းတို့နှစ်ယောက်ကို လက်ကာနှုတ်ဆက်ကာ ကားမောင်းသွားလေတော့သည်။

BURMESE CLASSIC .com

မောင်းထွက်သွားသည့် ကိုကြီးရဲ့ LANDCRUISER အနက်ကြီး ငွေယွန်းတို့မျက်ဝန်းအတွင်းမှ ကွယ်ပျောက်သွားသည့်အချိန်မှာတော့ ငွေယွန်းတို့နှစ်ယောက် နှလုံးသားက ရင်ခုန်နှုန်းတွေမြန်လာကာ တစ်ယောက်ကိုတစ်ယောက် မယုံနိုင်သည့် ခံစားချက်အပြည့် ကြေကွဲမျက်ဝန်းတွေနှင့်စိုက်ကြည့်ပြီး ဘာစကားမှ မဆိုနိုင်ဘဲ ဆို့နေခဲ့ကြသည်။

အဲဒီအချိန်ခဏအတွင်းမှာပဲ ဘိုဂက ငွေယွန်းကိုယ်လုံးလေးကို သူ့ရင်ဘတ်ထဲထည့်ပြီး အနွေးထွေးဆုံးအသံဖြင့် ပြောလာသည့်





စကားက ငွေယွန်းနှလုံးသားထဲကို တစ်သက်တာထာဝရ စူးနစ်ဝင်ရောက်သွားခဲ့ပြီဖြစ်သည်။

ဘိုဂ ပြောလိုက်သည့်စကားမှာ . . .

"ငါတို့ ဒီတစ်ခါတော့ တကယ့်ဘဝမှန်သွားပြီပေါ့နော် . . . အဲဒါ ဘာဖြစ်လို့လဲ သိလားငွေယွန်း"

ငွေယွန်း ဆို့နင့်ကြေကွဲစွာ ဘာစကားမှ ပြန်မပြောမိဘဲ ခေါင်းခါပြလိုက်သည်။

အဲဒီအချိန်မှာ သူက ခပ်နက်နက်အပြုံးတစ်ခုဖြင့် ပြောလိုက်သည့်စကားက ငွေယွန်းကို မိန်းမောတုန်ယင်သွားသည့်အထိ ရင်ခုန်နွေးထွေးအသက်ဝင်သွားတော့သည်။

သူပြောလိုက်သည့်ရင်ထဲက စကားကိုလည်း သဘောကျကျေနပ်သွားပါသည်။

"အဲဒါ အချစ်ကို အချစ်နဲ့စားလို့ပေါ့ ငွေယွန်းရယ် . . . ဟင်း . . . ငွေယွန်း အချစ်ကို အချစ်နဲ့စားရင် ဘာထွက်မလဲ . . . ဟင် ငွေယွန်း"

"မသိဘူး"

"ဟာ . . . ပိန်းလိုက်တာကွာ . . . အချစ်ပဲပေါ့ ငွေယွန်းရဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့အပြောတစ်ခွန်းနဲ့ ရင်ခုန်သွားခဲ့သည့် ငွေယွန်းရင်ဘတ်ထဲက ရင်ခုန်သံလေးတွေသည် ...

သူ့ရဲ့ အနမ်းနွေးနွေးတွေအောက်မှာ ...

ပိုပြီး ရင်ခုန်အသက်ဝင် လတ်ဆတ်သွားခဲ့လေပြီဖြစ်သည်။

ပရိသတ်အတွက်

အမြဲတမ်း

**ရှင်မိထယ်**

www.burmeseclassic.com